ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ကြာသပတေးနေ့ (8-5-2014) (၇၇၃၄)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့် နေ့အပူချိန်များ

သိမ်ဇရပ် ၄၃ ဒီဂရီစင်တီဂရိတ်
ကော့ကရိတ် ၄၁ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

ဗန်းမော် သုည ဒသမ ၉၇ လက်မ
ကျောက်မဲ သုည ဒသမ ၅၉ လက်မ
ပုသိမ် သုည ဒသမ ၅၁ လက်မ

ယနေ့ မာတိကာ

နိုင်ငံ့ဝန်ထမ်းကောင်းများ
စာမျက်နှာ -၂

မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ လေ့လာရာတွင်
စာမျက်နှာ - ၆

တရားရုံးက ရင်လပ်ကို ဝန်ကြီးချုပ်ရာထူးမှဖယ်ရှား
စာမျက်နှာ - ၁၀

နိုင်ဂျီးရီးယားတွင် ဘိုကိုဟာရမ်က မိန်းကလေး ၁၁ ယောက် ထပ်မံပြန်ပေးဆွဲ
စာမျက်နှာ - ၁၀

ဩစတြီးယားနိုင်ငံမှ နည်းပညာအကူအညီဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး ဆွေးနွေး

နေပြည်တော် မေ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြီးယားနိုင်ငံ ပို့ဆောင်ရေး၊ တီထွင်မှုနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး H.E. Ms. Doris BURES နှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံရာတွင် ဩစတြီးယားနိုင်ငံမှ နည်းပညာအကူအညီဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆက်ဆံမှုပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ ဩစတြီးယားနိုင်ငံမှ လုပ်ငန်းရှင်များလာရောက်ရင်းနှီးမြှုပ်နှံရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်ကြည်၊ ဦးစိုးသိန်း၊ ဦးဉာဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဦးမောင်မြင့်၊ ဦးဝင်းမြင့်၊ ဒေါက်တာကိုကိုဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်ဩစတြီးယားနိုင်ငံ ဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့်အတူ ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Enno DROFENIK တက်ရောက်သည်။

မြန်မာနိုင်ငံနှင့်ဩစတြီးယားနိုင်ငံတို့သည် ယခုအခါ သံတမန်ဆက်ဆံမှုသက်တမ်း (၆၁)နှစ် ပြည့်မြောက်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ – လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတား တည်ဆောက်လျက်ရှိ

ရန်ကုန် မေ ၇

မြန်မာ-လာအိုချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နယ်ခွဲတွင် တည်ရှိပြီး ဘိုးပိုင် အုတ်မြစ်၊ သံမဏိသံပေါင် ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်ပြီး တံတားအရှည် ၆၉၁ ဒသမ ၆ မီတာ၊ ခန်းဖွင့်အကျယ် ၃၀ မီတာ × ၆ ခန်း၊ ၁၂၀ မီတာ × ၃ ခန်း၊ ၃၀ မီတာ × ၅ ခန်းတို့ဖြစ်ကာ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ လူသွားလမ်း အကျယ် ၁ ဒသမ ၂ မီတာနှင့် ရေလမ်းကင်းလွတ်အကျယ် မီတာ ၁၁၀၊ အမြင့် ၁၀ မီတာတို့ဖြင့် ဆောင်ရွက်ထားရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ သိရသည်။ **(ဓါတ်ပုံ)**

အဆိုပါ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း အလေးချိန် ၇၅ တန် ဖြစ်ပြီး တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က စတင်ခဲ့ခြင်းဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

(ဝ၄၀)

နိုင်ငံတကာအသိအမှတ်ပြု Switzerland နိုင်ငံ Victoria University မှ ထိုက်ထိုက်တန်တန် ချီးမြှင့်သော
DOCTOR OF BUSINESS ADMINISTRATION (DBA)
9 Core Subjects (50 credits) + Dissertation (30 credits) ကို
မြန်မာနိုင်ငံတွင် တက်ရောက် ရယူနိုင်ပြီ
Learning Resources available : e-Brary with 80,000 electronic Books and Journals.
Duration : 2 years / Intake : May 2014
100% TAUGHT IN ENGLISH
Myanmar Campus
BUSINESS INSTITUTE YANGON
www.vubs.ch

ကြေးမုံစာတည်းရှုထောင့် ၈-၅-၂၀၁၄၊ ကြာသပတေးနေ့

နိုင်ငံ့ဝန်ထမ်းကောင်းများ

ယခုတလော တရားမဝင်သစ်ခိုးထုတ်မှုများကို ခိုးထုပ်ခိုးထည်နှင့် ဖမ်းဆီးရရှိသတင်းများ နေ့စဉ်လိုလို ဖတ်ရှုနေရသည်။ သစ်တောများ တရားမဝင် အနိုင်ကျင့်ခံနေရမှု၏ လက္ခဏာတစ်ရပ်ဖြစ်သည်။ နိုင်ငံတော်အစိုးရက ယခု ၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်နေ့မှစ၍ နိုင်ငံခြားသို့ သစ်လုံးများ တင်ပို့ခြင်းကို တရားဝင်ရပ်တန့်လိုက်ပြီးဖြစ်သော်လည်း လောကသားတချို့၏ တရားမဝင်လှုပ်ရှားလုပ်ဆောင်နေမှုက ရှိနေဆဲ။ တာဝန်ရှိသူများဘက်ကလည်း ဝန်ထမ်းကောင်းများပီသစွာ ကြိုးစားပမ်းစား လိုက်လံဖမ်းဆီးကာ နိုင်ငံ့ရတနာများ အလေအလွင့်နည်းပါးအောင် လုပ်ဆောင် တာဝန်ကျေနေကြရဆဲပါ။

မိမိတို့နိုင်ငံ သစ်တောဖုံးလွှမ်းဧရိယာသည် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော် ၁၉၅၀ ခုနှစ်ဝန်းကျင်က ရာခိုင်နှုန်း ၆၀ ခန့်ရှိနေခဲ့သည်။ ၁၉၆၀ မှ ၁၉၉၀ ခုနှစ်ထိကာလတွင်လည်း သစ်တောပြုန်းတီးမှုနည်းခဲ့ပြီး တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းဧရိယာ ၅၀ ရာခိုင်နှုန်းခန့် ကျန်နေသေးသည်။ ၁၉၉၀ ပြည့်မှ ၂၀၁၀ ပြည့်ကြားကာလတွင် သစ်တောပြုန်းတီးမှု များသောကြောင့် သစ်တောဖုံးလွှမ်း ဧရိယာ ၂၅ ရာခိုင်နှုန်းထိ ထိုးကျသွားခဲ့သည်။

အတားအဆီးမဲ့ သစ်တောများကို ခုတ်လှဲရာတွင် တချို့ဆိုလျှင် အပင်ငယ်များပင်မချန် အပြောင်ရှင်းစနစ် (Clear-Cutting) ကျင့်သုံးဖြုန်းတီးပစ်ခဲ့ကြသည်။ အကျိုးဆက်မှာ ဥတုရာသီတောကိုမှီ၍ ဆိုစကားအတိုင်း ရာသီဥတုမျှညီစေသည့် သစ်တောများ လျော့နည်းလာမှုကြောင့် ရာသီဥတုဖောက်ပြန်လာသည်။ မိုးခေါင်ရေကြီး ကမောက်ကမဖြစ်လာသည်။ လေထုအတွင်း ကာဗွန်လွန်ကဲလာသည်။ တော တောင်စိမ်းမှ စမ်းရေရ၏ ဆိုစကား၊ ရေချိုအရင်းအမြစ်များ စုဝေးသိုလှောင် သဘာဝသစ်တောများ နည်းပါးလာသောအခါ စိမ့်စမ်းရေများ ခန်းခြောက်လာသည်။

သစ်တောပျော် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာသည်။ တချို့မျိုးသုဉ်းလာသည်။ ဒီရေတောများ ဆုံးရှုံးလာမှုကြောင့် ငါး၊ ပုစွန်အသိုက်အမြုံများ ပျောက်ကွယ်သွား၍ ရှားပါးလာသည်။ ပင်လယ်ကမ်းနားနေဒေသခံများ လှိုင်းဒဏ်၊ လေဒဏ်ပိုခံစားလာရသည်။ လှိုင်းဒဏ်၊ လေဒဏ်ကြောင့် အပေါ်ယံမြေဆီလွှာများ ပျက်စီးဆုံးရှုံးလာရသည်။

သစ်တောပြုန်းတီးလာမှုကြောင့် ဧရာဝတီ၊ ချင်းတွင်းမြစ်ကြောင်း တစ်လျှောက် သောင်ထွန်းလာသည်။ သွားရေး၊ လာရေး ရေခရီးအခက်ကြုံလာရသည်။ ထို့ကြောင့်လည်း မိမိတို့နိုင်ငံကြုံတွေ့နေရသော အကြီးဆုံးသဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများမှာ သစ်တောများ ပြုန်းတီးမှုပင်ဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ပြထားသည်။

"ကမ္ဘာမြေရဲ့ ၃၀ ရာခိုင်နှုန်းဟာ စိမ်းလန်းတဲ့သစ်တောတွေနဲ့ ဖုံးလွှမ်းထားပါတယ်။ စတုရန်းမီတာသန်းပေါင်း ၄၀၀ ရှိပါတယ်။ ဒီတောတွေဟာ နှစ်စဉ် စတုရန်းမီတာ နှစ်သောင်းကနေ သုံးသောင်းအထိ ပျက်စီးနေပါတယ်။ မြန်မာနိုင်ငံမှာလည်း နှစ်စဉ်ဧကကိုးသိန်းကျော် ပျက်စီးနေပါတယ်"ဟူ၍ မြန်မာ့သစ်တောပညာရှင်တစ်ဦး၏ ရှင်းပြချက်အရ သိရသည်။

သစ်တောများ အလွန်အကျွံခုတ်ယူနေမှုကြောင့် မြစ်၊ ချောင်းရေများ ခန်းခြောက်နေပြီး ကမ္ဘာတစ်ဝန်းတွင် ရေကြောင့်ဒုက္ခရောက်နေရသူ လူဦးရေမှာ ၁၉၉၅ ခုနှစ်တွင် သန်းပေါင်း ၂၈၀၀ ခန့်ရှိခဲ့ပြီး လာမည့် ၂၀၂၅ ခုနှစ်တွင် သန်းပေါင်း ၆၉၀၀ အထိ ရှိလာနိုင်ကြောင်း သိရသည်။

သစ်တောများသည် သက်ရှိများအတွက် မရှိမဖြစ် အလိုအပ်ဆုံးအရာဖြစ်သည်။ ဤရွေ့ ဤမျှအလိုအပ်ဆုံးအရာကို ပြောင်ရှင်းနေကြသူများမှာ "ပြောမှသိ ထိမှနာ"တတ်ကြသူများဟု ဆိုရမည်။ ဤသို့ တာဝန်မဲ့အသိအားနည်းသူများရှိနေသလို တစ်ဖက်တွင်လည်း တာဝန်သိ တာဝန်ကျေပွန်သူ၊ လူသားဆန်သူများလည်း ရှိနေပြန်သည်။ လက်ညှိုးလက်မ မညီမျှ လောကနိယာမဟု ဆိုရချေမည်။

တစ်လောက သတင်းစာတစ်စောင်တွင် တာဝန်ရှိသူတစ်စု၏ မွန်မြတ်သော လုပ်ဆောင်ချက် "ပဲခူးရိုးမအတွင်း တရားမဝင် သစ်ထုတ်လုပ်မှုများအား ပိတ်ဆို့ဖမ်းဆီးခြင်းများ ဆောင်ရွက်နေ"သတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ တရားမဝင်သစ်ထုတ်လုပ်မှုများနှင့် သစ်တောသယံဇာတများ ပြုန်းတီးမှုမှ ကာကွယ်နိုင်ရေးအတွက် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဦးဆောင်သောအဖွဲ့သည် ပဲခူးရိုးမအတွင်း အင်အား ၁၀၀ ပါတပ်ဖွဲ့ဖြင့် အဖွဲ့များခွဲကာ လှုပ်ရှားခြင်း၊ ပိတ်ဆို့ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိနေကြောင်း၊ အဆိုပါအဖွဲ့သည် ပဲခူးရိုးမအတွင်း ဧပြီ ၂၃ ရက်မှ စတင်ကာ လုံခြုံရေးဆောင်ရွက်ခြင်းဖြစ်၍ တစ်လခန့်ကြာမြင့်မည်ဖြစ်ကာ နယ်မြေခံ သစ်တောဝန်ထမ်းများလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိနေကြောင်း တောင်ငူခရိုင် သစ်တောဦးစီးဌာန၏ သတင်းတစ်ပုဒ်၊ ပွင့်လင်းရာသီတွင် ပဲခူးရိုးမသစ်တောများကို တစ်နိုင်တစ်ပိုင်ကာကွယ် တာဝန်ကျေပွန်စွမ်းဆောင်နေကြသူများ။ နိုင်ငံတစ်ဝန်းသစ်တောများကို ဤသို့ကာကွယ်မှုပြုနိုင်ကြမည်ဆိုပါလျှင်. . . ။

စစ်ကိုင်းမြို့ရှိ ကျောက်စိမ်းအချောထည်လုပ်ငန်းရှင်အသင်းမှ အသင်းဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တွေ့ဆုံ

နေပြည်တော် မေ ၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် မေ ၃ ရက် နံနက် ၁၀နာရီတွင် စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ (IBEC) ၌ ကျင်းပသည့် ဗုဒ္ဓနည်းကျစီမံခန့်ခွဲမှုနည်းပညာသင်တန်းအမှတ်စဉ်(၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီတွင် စစ်ကိုင်းမြို့ရှိ ကျောက်စိမ်းအချောထည်လုပ်ငန်းရှင်အသင်းမှ အသင်းဝင်များနှင့်တွေ့ဆုံ၍ ဆွေးနွေးပြောကြားရာတွင် အသင်းဝင်များအနေဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဒေသခံများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ကျောက်စိမ်းအချောထည်လုပ်ငန်းအတွက် လိုအပ်သည့် ကုန်ကြမ်းများရရှိရေး၊ ဈေးကွက်ဝင်ပြီး အရည်အသွေးကောင်းမွန်သည့် အချောထည်များ ထုတ်လုပ်နိုင်ရေးနှင့် ဈေးနှုန်းမှန်ကန်စွာရရှိရေး၊ အသင်းကို စနစ်တကျဖြင့် တရားဝင်အသင်းတစ်သင်းဖြစ်လာအောင် ဖွဲ့စည်းရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဈေးကွက်စီးပွားရေးစနစ်အရ ယှဉ်ပြိုင်ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်တိုင်း တန်းတူအခွင့်အရေးရရှိနိုင်မှု၊ ကုန်သည်လုပ်ငန်းရှင်ငယ်များအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် မန္တလေးမြို့အပါအဝင် နေရာ ၁၆ နေရာတွင် တစ်ဦးချင်းကုန်သွယ်မှု မှတ်ပုံတင်ကတ်များ ထုတ်ပေးနေမှု၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာကျသည့် အနေအထားအရ ကုန်စည်ပို့ကုန်သာမက ဝန်ဆောင်မှု (Service) ပို့ကုန်များပါ တိုးတက်လာနိုင်သည့် အခြေအနေ၊ မြန်မာနိုင်ငံနှင့်ဆက်စပ်နေသည့်ဒေသဆိုင်ရာ လမ်းမကြီးများ ဖောက်လုပ်ပြီးစီးသွားပါက Re-export နှင့် Transit Trade ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာနိုင်မှု၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံနီးပါးရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ကထက် ၇ ဘီလီယံခန့် တိုးတက်လာမှု၊ ယခုဘဏ္ဍာနှစ်တွင်လည်း ထပ်မံတိုးတက်အောင် စီမံဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး အသင်းဝင်များ၏ ဆွေးနွေးတင်ပြမှုများကိုလည်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

စစ်ကိုင်းမြို့တွင် ဖွင့်လှစ်သည့် ဗုဒ္ဓနည်းကျ စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၅)သို့ သင်တန်းသား၊ သင်တန်းသူ ၈၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ အဆိုပါသင်တန်းတွင် Self-management နှင့် Society-management တို့အတွက် မြတ်ဗုဒ္ဓ၏အဆုံးအမအတိုင်း ခေတ်သစ်စီမံခန့်ခွဲမှုနည်းပညာ၊ ဗုဒ္ဓနည်းကျစီမံခန့်ခွဲမှုနှင့် ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမများပေါင်းစပ်သင်ကြားပေးလျက်ရှိသည်။ ထို့အတူ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၏ အရေးပါသော အခန်းကဏ္ဍများ၊ ဗုဒ္ဓနည်းကျခေါင်းဆောင်မှုနည်းပညာများ စီမံခန့်ခွဲမှုနည်းပညာများနှင့် လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးရေးဆိုင်ရာများကိုလည်း ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ယင်းပညာရေးစင်တာ၏ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရွှေနဂါးမင်းကုမ္ပဏီမှ ဒါရိုက်တာဦးသူရိန်က ငွေကျပ်သိန်း ၄၅၀ လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၇

ရန်ကုန်	ရွှေဈေး	၆၆၅၃၀၀	-	၆၆၆၃၀၀
မန္တလေး	ရွှေဈေး	၆၆၅၀၀၀	-	၆၆၆၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၄၀. ၅
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၄. ၅၂
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၇၁၀
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၆. ၇၈
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၀၁၇
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၄၆. ၅၇
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၆၈၉
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၉၆. ၂၃
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၁. ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

မြဝတီရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

(၈-၅-၂၀၁၄) ရက် (ကြာသပတေးနေ့)

၆း၀၃	တရားတော်
၆း၂၅	မေတ္တာပို့
၆း၃၅	ဓမ္မပူဇာတေး
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅	အမျိုးသားရေးတေးကဗျာ
၆း၁၅	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၃၅	ကာတွန်းအစီအစဉ်
	- ထူးခြားချစ်စရာဒမ်ဗာ အပိုင်း(၂၅)
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	- ပန်းပန်လျက်ပါ အပိုင်း(၄၈)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
	- နိုင်ငံတကာသတင်း
	- မိုးလေဝသသတင်း
	- ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ
	- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	- အာဂလူ အပိုင်း(၄၄)

ပြည်တွင်းရေးရာ

❐ ကျောဖုံးမှ

ထို့နောက် အစီအစဉ်အရ ရှိုင်းနင်းမြန်မာကုမ္ပဏီလီမိတက်မှ အကြီးတန်းစီမံကိန်းမန်နေဂျာ ဦးသန်းထွန်းက မိုးမိတ်မြို့နယ်အတွက် လူနာတင်ယာဉ်တစ်စီးကို ပေးအပ်လှူဒါန်းရာ မိုးမိတ်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့က လက်ခံကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လှူဒါန်းပေးအပ်သည့် လူနာတင်ယာဉ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တန့်ယန်းမြို့သို့ရောက်ရှိကြပြီး တန့်ယန်းမြို့နယ်ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ တန့်ယန်းမြို့၏ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေသိရှိနိုင်ရန်၊ ဆောင်ရွက်နိုင်သည့် ကိစ္စများရှိပါကလည်း ပံ့ပိုးဆောင်ရွက်ပေးနိုင်စေရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က တစ်ခေါက်နှင့် ၂၀၁၂ ခုနှစ်က တစ်ခေါက်ရောက်ခဲ့ပါကြောင်း။

ယခုရောက်လာကြခြင်းမှာလည်း နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကိုသိရှိစေရန် လာရောက်ရှင်းလင်းပြောကြားခြင်းလည်း ဖြစ်ပါကြောင်း၊ ယခင်က ဗဟိုဦးစီးစနစ်ဖြင့် စီးပွားရေးကိုလုပ်ကိုင်ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ ဈေးကွက်စီးပွားရေးစနစ်ကို ဦးတည်ကာ ပြုပြင်ပြောင်းလဲမှုများ လုပ်ကိုင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ယခင်က အုပ်ချုပ်ရေးစနစ်ပိုင်းတွင် ဗဟိုဦးစီးစနစ်မှ ယခုအခါတွင် မိမိတို့သက်ဆိုင်ရာနယ်မြေဒေသအလိုက် အုပ်ချုပ်ရေးဆိုင်ရာ အခွင့်အာဏာများကို ခွဲဝေပေးထားပြီးဖြစ်ကြောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာ/ရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် ပူးပေါင်းကာ မိမိဒေသဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း။

တန့်ယန်းမြို့၏ လျှပ်စစ်မီးလင်းရေးနှင့် GSM ဖုန်းဆက်သွယ်ရေးအဆင်ပြေစေရန် ဆောင်ရွက်ပေးနေသည်မှာ မကြာမီပြီးစီးလိမ့်မည်ဟု ခန့်မှန်းထားပါကြောင်း၊ အလားတူ မြို့နယ်ဆေးရုံအတွက် လိုအပ်သည့်ခွဲခန်းသုံးပစ္စည်းများ၊ လက်ထောက်ဆရာဝန်များအတွက် အိမ်ရာကိစ္စများ၊ မန်ပမ်တိုက်နယ်ဆေးရုံဝန်ထမ်းခန့်အပ်ရေးကိစ္စများ၊ ဖိုင်ခမ်းဆည်တမံကျိုးပေါက်မှုပြုပြင်ရေးကိစ္စ စသည်များကိုလည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ယခုတစ်ခေါက်တွင်လည်း မြို့နယ်လိုအပ်ချက်များကို ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်၍ မိမိတို့မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အခက်အခဲများနှင့် လိုအပ်ချက်များကို တင်ပြကြရန်ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တန့်ယန်းမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌတို့က မြို့နယ်အတွင်း ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေရရှိရေးနှင့် လမ်းတံတားများ ကောင်းမွန်စေရေး၊ မြို့၏တည်နေရာအနေအထား၊ လူဦးရေနှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက် လိုအပ်သည့်ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်လာစေရေး၊ လျှပ်စစ်မီးအပြည့်အဝရရှိရေး၊ အားကစားကဏ္ဍပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် အားကစားကွင်းများ အဆင့်မြှင့်တင်ပေးနိုင်ရေးနှင့် အားကစားပစ္စည်းများ ပံ့ပိုးပေးနိုင်ရေး၊ စိုက်ပျိုးရေးကဏ္ဍ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာများကို တင်ပြကြသည်။

ယင်းနောက် တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနများအလိုက် လတ်တလောဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များနှင့် လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံတော်အပိုင်းနှင့် ပြည်နယ်အစိုးရက ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ယမန်နှစ်များက တင်ပြချက်များကို တတ်နိုင်သလောက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်၍ ယခုအခါ တန့်ယန်းဒေသပိုမိုဖွံ့ဖြိုးတိုးတက်သည်ကို တွေ့မြင်ရကြောင်း၊ ယခုတင်ပြခဲ့ကြသည့်လိုအပ်ချက်များကိုလည်း မိမိတို့အနေဖြင့် အဖြစ်နိုင်ဆုံးနှင့် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အထူးအားဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် မိမိဒေသရှိလူငယ်လူရွယ်များ ဗဟုသုတများ တိုးတက်ဖွံ့ဖြိုးပြီးမျက်စိပွင့်နားပွင့်ဖြစ်စေရန်အတွက် ကြိုးစားဆောင်ရွက်စေလိုကြောင်း။

တန့်ယန်းဒေသတွင် သမိုင်းအစဉ်အလာများရှိခဲ့သည်ဖြစ်ရာ နိုင်ငံခြားခရီးသွားဧည့်သည်များ စိတ်ဝင်စားသည့်ဒေသဖြစ်၍ ခရီးသွားလုပ်ငန်းကို စိတ်ဝင်စားစွာ လုပ်ကိုင်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ယခုအခါ လမ်းပန်းဆက်သွယ်ရေးလည်း ပိုမိုကောင်းမွန်လာပြီး တဖြည်းဖြည်းယခုထက် ပိုမိုကောင်းမွန်လာပါက ခရီးသွားလုပ်ငန်းကိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ပါက ဒေသဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများစီးပွားရေးနှင့် လူမှုဘဝမြင့်မားလာမည်ဖြစ်ကြောင်းနှင့် ယခုတွေ့ဆုံပွဲတွင် တင်ပြလာသည့် ဒေသဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် မိမိတို့အနေဖြင့် အကောင်းဆုံးနှင့်အမြန်ဆုံးဖြစ်ပေါ်လာစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မိုင်းရယ်မြို့သို့ရောက်ရှိပြီး မိုင်းရယ်မြို့ ပြည်ထောင်စုခန်းမ၌ မိုင်းရယ်မြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတက မေ ၆ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ရှိသည့် ကျေးလက်နှင့် မြို့နေအခြေခံ လူထုလူတန်းစားကို အသေးစားချေးငွေထုတ်ချေးပေးနိုင်စေရန် လိုအပ်သည့် လယ်ယာသုံးစက်ပစ္စည်းအမျိုးမျိုးနှင့် မြို့တွင်းအသက်မွေးဝမ်းကျောင်းအတွက် လိုအပ်သည့်ယာဉ်နှင့်စက်ပစ္စည်းများကို အငှားချရောင်းချပေးသည့်စနစ်ဖြင့် စီစဉ်ထောက်ပံ့နိုင်စေရန် သမဝါယမဝန်ကြီးဌာန၏ အသေးစားငွေစုငွေချေးခြင်းနှင့် လယ်ယာသုံးနှင့်စက်ပစ္စည်းနှင့် ယာဉ်အငှားချရောင်းပေးသည့် အစီအစဉ်ကို ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊ ကုန်လွန်ခဲ့သည့်နှစ်က တင်ပြတောင်းဆိုခဲ့သည့်အတိုင်း မိုင်းရယ်မြို့နယ်ခန်းမအမိုးနှင့် မျက်နှာကြက်ပြုပြင်ပေးရန် ကိစ္စဆောင်ရွက်ပေးခဲ့သည်ကို မှတ်မိမည်ဟုထင်မြင်ပါကြောင်း၊ ထို့အတွက် ယခုတစ်ခေါက်ရောက်ရှိလာသည့်အခါတွင် တင့်တင့်တယ်တယ်မြင် တွေ့ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း။

လွယ်ငင်းကျေးလက်ကျန်းမာရေးဌာနခွဲအား တိုးမြှင့်ပေးရန်ကိစ္စများ၊ မီးသတ်ကားနှင့် အဆောက်အအုံဆောင်ရွက်ပေးရန်ကိစ္စများ၊ လမ်း၊ တံတားကိစ္စများစသည့် ကိစ္စများကိုဆောင်ရွက်ပေးခဲ့ပြီးဖြစ်၍ ယခင်ကထက်ပိုမိုတိုးတက်လာပြီဖြစ်ကြောင်း၊ ယခုလည်း မိမိဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မိုင်းရယ်မြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီတို့မှ မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေး၊ ဆက်သွယ်ရေးအော်တိုတယ်လီဖုန်းလိုင်းများတပ်ဆင်ခွင့်ရရှိရေး၊ အားကစားကွင်း၊ ပွဲကြည့်စင်အဆင့်မြှင့်တင်ပေးနိုင်ရေး၊ ကျန်းမာရေးကဏ္ဍတွင် အဆင့်မြှင့်တင်ပေးနိုင်ရေး၊ ပညာရေးကဏ္ဍတွင် စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ပေးနိုင်ရေး၊ မိုင်းရယ်မြို့မဈေးအသစ် တည်ဆောက်ပေးနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဒုတိယဝန်ကြီးများက ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားပြီး မိမိနယ်မြေဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကဏ္ဍအသီးသီးတွင် ဦးစီးကော်မတီများဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်သူများကိုယ်တိုင်ပါဝင်ပြီး လူအင်အား၊ ငွေအင်အားစိုက်ထုတ်၍ မိမိတို့အစိုးရနှင့် နှစ်ဦးနှစ်ဖက်ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် လျင်လျင်မြန်မြန်တိုးတက်အောင်မြင်မည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများက တက်ကြွစွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် CB ဘဏ်ကုမ္ပဏီလီမိတက်၊ ကမ္ဘောဇဘဏ်ကုမ္ပဏီလီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်၊ နယူးစတားလိုက်တ်ကုမ္ပဏီလီမိတက်၊ ကတ်ပီတယ်လ်ဒိုင်းမွန်းစတား ဂရု(ပ်)ကုမ္ပဏီလီမိတက်နှင့် အိုင်ဂျီအီးကုမ္ပဏီလီမိတက်တို့က မိုင်းရယ်မြို့ ဘုန်းတော်ကြီးကျောင်း ပရိယတ္တိစာသင်တိုက်ဆောက်လုပ်ရန် ငွေကျပ်သိန်း ၁၀၀ နှင့် အမှတ် (၂)ရပ်ကွက် စာသင်ကျောင်းဆောက်လုပ်ရန် ငွေကျပ်သိန်း ၈၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မိုင်းရယ်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး အမျိုးသား အမျိုးသမီးလူနာဆောင်များ၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်းနှင့် ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဆရာဝန် ဒေါက်တာစိုးလွင်က လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် CB ဘဏ်ကုမ္ပဏီလီမိတက်၊ ကမ္ဘောဇဘဏ်ကုမ္ပဏီလီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်၊ နယူးစတားလိုက်တ်ကုမ္ပဏီလီမိတက်၊ ကတ်ပီတယ်လ်ဒိုင်းမွန်းစတား ဂရု(ပ်)ကုမ္ပဏီလီမိတက်နှင့် အိုင်ဂျီအီးကုမ္ပဏီလီမိတက်တို့က မိုင်းရယ်မြို့နယ် ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် ငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

■

သတ္တမအကြိမ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပတ်သက်သော ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစပ်ဆိုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကျင်းပမည်

ရန်ကုန် မေ ၇

၂၀၁၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုအဖြစ် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)က သတ္တမအကြိမ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပတ်သက်သော အသိပညာပေးပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစပ်ဆိုပြိုင်ပွဲ(အလွတ်တန်း)အတွက် ဇွန် ၇ ရက်အရောက် ပြိုင်ပွဲဝင်စာမူများ ပေးပို့ရမည်ဖြစ်သည်။ ကျပန်းစကားပြောပြိုင်ပွဲ (၁၄)နှစ်မှ (၁၈)နှစ်အထိ သက်လတ်တန်း(မြန်မာ/အင်္ဂလိပ်)ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကျောက်ဆည်မွှာရုံ၌ ကျင်းပသွားမည်ဖြစ်ရာ ဇွန် ၂၀ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ အနောက်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ မြောက်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ၊ ဇွန် ၂၁ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ အရှေ့ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ တောင်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကဗျာရွတ်ဆိုပြိုင်ပွဲ (၉)နှစ်မှ (၁၃)နှစ်အထိ သက်ငယ်တန်း (မြန်မာ/အင်္ဂလိပ်)ကို ကျောက်ဆည်မွှာရုံ၌ပင် ကျင်းပသွားမည်ဖြစ်ရာ ဇွန် ၂၂ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ အနောက်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ မြောက်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ၊ ဇွန် ၂၃ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ အရှေ့ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ တောင်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

နောက်ဆုံးအဆင့်ကျပန်းစကားပြောပြိုင်ပွဲ (မြန်မာ/အင်္ဂလိပ်)၊ ကဗျာရွတ်ဆိုပြိုင်ပွဲ(မြန်မာ/အင်္ဂလိပ်) နှင့် ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက် အစည်းအဝေးခန်းမ ကမာရွတ်မြို့နယ်၌ ကျင်းပသွားမည်ဖြစ်သည်။ အသေးစိတ်ကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို) ကျွန်းတောလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၂၈၉၂နှင့် ၅၀၂၈၉၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

မူးယစ်ဆိုက ဆန့်ကျင်ကြ

t m;vkt qifoih

(၂၄)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နေပြည်တော်၌ မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပပေတော့မည်။ အာဆီယံအဖွဲ့ကြီး တည်ထောင်ခဲ့သည့် နှစ်ပေါင်း (၄၀) ကျော်ကာလအတွင်း ယင်းထိပ်သီးအစည်းအဝေးကြီးကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပခွင့်ရရှိခြင်းဖြစ်သည်။ ယင်းသို့ ကျင်းပခွင့်ရသည့် အားလျော်စွာ အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်သူများက ဦးထမ်းပဲ့ထမ်းပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

ယခုအခါ အစည်းအဝေးကျင်းပရန် ရက်နီးကပ်လာသည်နှင့်အမျှ ပြင်ဆင်မှုအားလုံးသည်လည်း ပြီးစီးကာ အစည်းအဝေး အောင်မြင်ရေးအတွက်အသင့်ဖြစ်နေပေပြီ။ ထိပ်သီးအစည်းအဝေးကြီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC-1)တွင် ထိပ်သီးအစည်းအဝေး၊ ဝန်ကြီးအဆင့်အစည်းအဝေးနှင့်အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတို့ကျင်းပမည့် အစည်းအဝေးခန်းမကြီးများ၊ ကြိုဆိုညစာစားပွဲနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် ခန်းမကြီး၊ ဧည့်တွေ့ခန်းမများနှင့် နားနေခန်းများ စသည့်ခန်းမများမှာ အစည်းအဝေးနှင့်အခမ်းအနားများ ကျင်းပရန် အဆင်သင့်ပြင်ဆင်ပြီးဖြစ်သည်။ ထို့အတူ အစည်းအဝေးတက်ရောက်မည့် အာဆီယံနိုင်ငံများမှ နိုင်ငံ့အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရေးအတွက်လည်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဟိုတယ်များက ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို သိရှိနိုင်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်သို့ သွားရောက်၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းဆွေးနွေးခဲ့သည်။

ဦးအောင်ဇော်ဝင်း
ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့်ခရီးသွားလာရေး
လုပ်ငန်းဝန်ကြီးဌာန

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို ဧည့်သည်အနေနဲ့ နိုင်ငံ(၉)နိုင်ငံက လာရောက်ကြမှာပါ။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးကလည်း လာပါမယ်။ စုစုပေါင်းအားလုံး(၁၀) ဖွဲ့တည်းခိုကြမှာပါ။ လာရောက်တဲ့သူတွေ တည်းခိုနိုင်ဖို့အတွက် ထိပ်သီးအစည်းအဝေးကျင်းပမယ့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-1)ရဲ့ ဝန်းကျင်မှာ ဟိုတယ်(၁၀)လုံး တည်ဆောက်ခဲ့ပါတယ်။ အစည်းအဝေးကို တက်ရောက်မယ့် နိုင်ငံ့ခေါင်းဆောင်ကြီးတွေ အစည်းအဝေးခန်းမကို နှစ်မိနစ်အတွင်း အရောက်သွားနိုင်တဲ့ နေရာတွေမှာ တည်ဆောက်ထားတာဖြစ်ပါတယ်။

ဧည့်သည်(၉)နိုင်ငံက တက်ရောက်လာမယ့်သူတွေ တည်းခိုနိုင်ဖို့ အခန်းတွေ လုံလုံလောက်လောက် စီစဉ်ထားပြီး ဖြစ်ပါတယ်။ နိုင်ငံအလိုက် တည်းခိုမယ့် ဧည့်ဂေဟာတွေရဲ့ တည်ဆောက်ထားမှုကို အကြမ်းဖျင်းပြောရရင် ဧည့်ဂေဟာတစ်ခုမှာ အဆောင်(၄)ဆောင်စီ ပါရှိပါတယ်။ တစ်ဆောင်ကို အခန်း(၄၀)လောက်ရှိပါတယ်။ လေးဆောင်ဆိုတော့ ပျမ်းမျှအခန်း(၁၆၀) ဒါမှမဟုတ် (၁၈၀)ဝန်းကျင်ရှိကြပါတယ်။ အဲဒီအဆောင်တွေမှာ နိုင်ငံတော်အကြီးအကဲတည်းခိုနိုင်တဲ့ အခန်းကြီးတွေ ပါပါတယ်။ ဒီအခန်းကြီးတွေမှာ အိပ်ခန်း၊ ထမင်းစားခန်း၊ ကိုယ်ပိုင်ဧည့်ခန်း၊ အစည်းအဝေးခန်း၊ မီးဖိုခန်း၊ အားကစား လေ့ကျင့်ဖို့အတွက် Fitness အခန်းစတဲ့ အခန်းတွေ ပါပါတယ်။ နောက်သူ့ရဲ့ ကိုယ်ရေးအရာရှိတို့၊ လုံခြုံရေးတို့ အနီးကပ်တည်းခိုနိုင်ဖို့ကိုလည်း အခန်းဖွဲ့စည်းထားပြီးသားပါ။ ကျန်တဲ့အခန်းတွေမှာ ဝန်ကြီးတွေ၊ အဆင့်မြင့်အရာရှိကြီးတွေနဲ့ ကိုယ်စားလှယ်တွေလည်း တည်းနိုင်ပါတယ်။ နိုင်ငံ(၉)နိုင်ငံက နိုင်ငံ့ခေါင်းဆောင်တွေနဲ့ကိုယ်စားလှယ်တွေ စုစုပေါင်း ၇၀၀ ကျော် တည်းခိုကြမှာဖြစ်ပါတယ်။

ဒီဟိုတယ် ၁၀ လုံးအနက် ရှစ်လုံးမှာ နိုင်ငံ (၈)နိုင်ငံက ခေါင်းဆောင်တွေနဲ့ ကိုယ်စားလှယ်တွေတည်းခိုဖို့ စီစဉ်ထားပါတယ်။ ကမ္ဘောဒီးယားနိုင်ငံနဲ့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအဖွဲ့က Royal President မှာ အခန်း(၄၂)ခန်း၊ အင်ဒိုနီးရှားနိုင်ငံက Royal ACEမှာ အခန်း(၆၀)၊ လာအိုနိုင်ငံက နွယ်သာကီဟိုတယ်မှာ (၃၂) ခန်း၊ မလေးရှားနိုင်ငံက Grand Amaraမှာ (၇၁)ခန်း၊ ဖိလစ်ပိုင်နိုင်ငံက Horizon Lake View Resort မှာ (၃၂)ခန်း၊ စင်ကာပူနိုင်ငံက Park Royal မှာ (၆၅)ခန်း၊ ထိုင်းနိုင်ငံက ရွှေစံအိမ်ဟိုတယ်မှာ အခန်း(၈၀)၊ ဗီယက်နမ်နိုင်ငံက The Lake Garden မှာ အခန်း(၆၀) မှာယူထားပါတယ်။ ဘရူနိုင်းနိုင်ငံကတော့ ဧည့်ဂေဟာတွေဘက်မှာ မဟုတ်ဘဲ ရွှေနန်းတော်ဟိုတယ်မှာ တည်းခိုမှာဖြစ်ပါတယ်။ ဧည့်သည်တော်တွေ တည်းခိုမှာက စုစုပေါင်း အခန်း (၅၂၄)ခန်းပါ။ ကျွန်တော်တို့ပြင်ဆင်ထားတာက အခန်းပေါင်း (၉၀၀) ကျော်ပါ။ ဒါကြောင့် အခန်းတွေ လုံလောက်ပါတယ်။

နောက်ပြီး နှစ်ကုန်ပိုင်းမှာကျင်းပမယ့် အာဆီယံဆမ်းမစ်ကြီးမှာတော့ အာဆီယံနိုင်ငံတွေအပြင် ဆွေးနွေးဖက်နိုင်ငံတွေပါ တက်ရောက်မှာဖြစ်တဲ့အတွက် စုစုပေါင်းနိုင်ငံ(၂၀) လောက်တက်ရောက်မှာဖြစ်ပါတယ်။ အဲဒီအတွက်လည်း နိုင်ငံတော်ဧည့်ဂေဟာဘက်က ဟိုတယ်တွေမှာ အခန်းပေါင်း(၁၈၀၀)ကျော် စီစဉ်ထားပါတယ်။

လာရောက်မယ့်နိုင်ငံတွေအတွက် ဟိုတယ်တွေစီစဉ်ပေးရာမှာ ပထမဦးစွာ ကျွန်တော်တို့က ဟိုတယ်တွေလျာထားမှုကို သက်ဆိုင်ရာနိုင်ငံတွေဆီအကြောင်းကြားပါတယ်။ ပြီးခဲ့တဲ့ သင်္ကြန်အကြတ်နေ့မှာပဲ သက်ဆိုင်ရာနိုင်ငံတွေက ရှေ့ပြေးအဖွဲ့တွေက ဟိုတယ်တွေကို လာကြည့်ပါတယ်။ သူတို့စိတ်ကြိုက် လေ့လာပြီးတော့ ကျွန်တော်တို့ စီစဉ်ပေးတာကို သဘောကျလက်ခံခဲ့ကြပါတယ်။

အစည်းအဝေးကို တက်ရောက်သတင်းရယူမယ့်မီဒီယာတွေအတွက်လည်း ဟိုတယ်သုံးလုံးစီစဉ်ထားပါတယ်။ မန်းမြန်မာ၊ Sky Palace နဲ့ မင်္ဂလာသီရိဟိုတယ်တို့ပါ။ ပြည်တွင်းပြည်ပမီဒီယာစုစုပေါင်း ၆၀၀ ကျော် တက်ရောက် သတင်းရယူမယ်လို့ စာရင်းရရှိထားပါတယ်။

ဦးမိုက်အောင်မြင့်ထွန်း
အထွေထွေမန်နေဂျာ၊
ရွှေနန်းတော်ဟိုတယ်

ကျွန်တော်တို့ဟိုတယ်က နေပြည်တော်မှာ နိုင်ငံ့ခေါင်းဆောင်တွေ အများဆုံး လာရောက်တည်းခိုတဲ့ ဟိုတယ်ပါ။ ဂျာမနီသမ္မတ၊ အိန္ဒိယဝန်ကြီးချုပ်၊ မလေးရှားနဲ့အင်ဒိုနီးရှားကခေါင်းဆောင်တွေ၊ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း မစ္စတာတိုနီဘလဲ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့ လာရောက်တည်းခိုဖူးပါတယ်။ ထိုင်းနဲ့မလေးရှားကာကွယ်ရေးဦးစီးချုပ်တွေလည်း တည်းခိုခဲ့ပါတယ်။

ဘရူနိုင်းဘုရင်ကြီးကလည်း ပြီးခဲ့တဲ့မတ်လက ချစ်ကြည်ရေးခရီးလာတုန်းက တည်းခိုခဲ့ပါတယ်။ တည်းခိုစဉ်မှာ အစစအရာရာအဆင်ပြေတဲ့အတွက် ယခုလာရောက်တဲ့အခါမှာလည်း ကျွန်တော်တို့ဟိုတယ်မှာပဲ တည်းခိုမယ်ဆိုပြီး ရွေးချယ်ခဲ့တာကြောင့် အများကြီးဂုဏ်ယူမိပါတယ်။ ဘုရင်ကြီးဟာ ဟိုတယ်လုပ်ငန်းဆိုင်ရာမှာ ကျွမ်းကျင်သူတစ်ယောက်ဖြစ်တဲ့အတွက် သူ့ရဲ့ရွေးချယ်မှုခံရခြင်းဟာ တန်ဖိုးမဖြတ်နိုင်ပါဘူး။ အခုသူတို့ဆီက ကိုယ်စားလှယ်အချို့လာရောက်ပြီး တည်းခိုနေထိုင်ရေးအတွက် စီစဉ်နေပါတယ်။ သူတို့ဘက်က တောင်းဆိုတာတွေကို ကျွန်တော်တို့က ပြေလည်အောင်စီစဉ်ပေးနေပါတယ်။ အဓိကကတော့ အစားအသောက်ပါ။ သူတို့ ဘာသာရေးနဲ့အညီ စားသောက်နိုင်ဖို့အတွက် မလေးရှားက အချက်အပြုတ်ကျွမ်းကျင်သူတွေကို ခေါ်ပေးထားပါတယ်။ နံနက်စာ၊နေ့လယ်စာ၊ ညစာနဲ့ ညလယ်စာတွေကို သူတို့တောင်းဆိုတဲ့အတိုင်း စီစဉ်ပေးမှာပါ။ ဘုရင်ကြီးနဲ့ Delegateတွေ အားလုံးအတွက် အခန်းပေါင်း(၈၂)ခန်း စီစဉ်ပေးထားပါတယ်။ အားလုံး တည်းခိုနေထိုင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။

Mr. Nilzam Hamid
Rooms Division Manager
Horizon Lake View Resort

ကျွန်တော်တို့ဟိုတယ်မှာ ဖိလစ်ပိုင်သမ္မတကြီးနဲ့ ကိုယ်စားလှယ်အဖွဲ့ လာရောက်တည်းခိုမှာ ဖြစ်ပါတယ်။ တည်းခိုမယ့်အခန်းတိုင်းကို လိုလေသေးမရှိ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပြီးပါပြီ။ ဖိလစ်ပိုင်သံရုံးက အဖွဲ့တွေနဲ့လည်း တည်းခိုနေထိုင်စားသောက်မှု အဆင်ပြေရေးအတွက် ညှိနှိုင်းဆောင်ရွက်ထားပါတယ်။

ဦးအောင်ကြီး
အထွေထွေမန်နေဂျာ
Hotel Royal ACE

ကျွန်တော့်ဟိုတယ်ကတော့ အင်ဒိုနီးရှားနိုင်ငံသမ္မတနဲ့ Delegate တွေအတွက် တာဝန်ယူထားတာ ဖြစ်ပါတယ်။ စားရေး သောက်ရေးအနေအားဖြင့်ကတော့ သူတို့ရဲ့ဘာသာရေးအရစီစဉ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ဝန်ထမ်းတွေအနေနဲ့ ဟိုတယ်သင်တန်းတွေပေးပြီးသွားတဲ့ ဝန်ထမ်းတွေဖြစ်တဲ့အတွက်ကြောင့် services ပေးတဲ့နေရာမှာ အခက်အခဲမရှိနိုင်ဘူးလို့ ယုံကြည်ပါတယ်။ နေရေးထိုင်ရေးအနေနဲ့ကတော့ Delegate တွေအတွက် လက်ရှိ အခန်းပေါင်း (၁၃၀)နီးနီး တည်းခိုဖို့ရာအတွက် စီစဉ်ထားပေးပါတယ်။ သမ္မတကြီး အခန်းအပါအဝင်ပေါ့။

လုံခြုံရေးပိုင်းမှာ ကျွန်တော်တို့ ပုံမှန်ဟိုတယ်လုံခြုံရေးကလည်း ရှိသလို နိုင်ငံတော်ကနေ ပံ့ပိုးထားတဲ့ အထူးလုံခြုံရေးတွေကလည်း ဒီမှာပါဝင်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ဟိုတယ်မှာ အာဆီယံအဆင့်မြင့်အရာရှိ အစည်းအဝေးတွေကိုလည်း လက်ခံကျင်းပမှာဖြစ်တဲ့အတွက် အစည်းအဝေးခန်းမတွေ၊ အစည်းအဝေးတက်ရောက်တဲ့သူတွေ တည်းခိုဖို့နေရာ၊ ကျွေးမွေးဖို့ရာအတွက် အစစအရာရာ စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။ ဒီမှာ အစည်းအဝေး နှစ်နေရာ ကျင်းပဖို့လည်းရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်က

စာမျက်နှာ ၅ ကော်လံ ၁ သို့

ဦးအောင်ဇော်ဝင်း
ညွှန်ကြားရေးမှူးချုပ်

ဦးမိုက်အောင်မြင့်ထွန်း
အထွေထွေမန်နေဂျာ

Mr.Nilzam Hamid
Rooms Division Manager

ဦးအောင်ကြီး
အထွေထွေမန်နေဂျာ

ဦးသန်းထင်အောင်
လက်ထောက်အထွေထွေမန်နေဂျာ

Horizon Lake View Resort တွင် တည်းခိုရန်ပြင်ဆင်ထားသည်ကို တွေ့ရစဉ်။

ဟိုတယ်နွယ်သာကီတွင် တည်းခိုရန်ပြင်ဆင်ထားသည်ကို တွေ့ရစဉ်။

၂၀၁၄ ခုနှစ် ဧပြီ ၂၅ ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပသည့် PGM အစည်းအဝေးသို့ တက်ရောက်ခဲ့မှုအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပြောကြားချက်များ

နေပြည်တော် မေ ၇

မေ ၇ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ မင်္ဂလာခန်းမ၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ**(ယာပုံ)** ရှင်းလင်းပြောကြားခဲ့သော ၂၀၁၄ ခုနှစ် ဧပြီ ၂၅ ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပသည့် Partnership Group for Peace, Development and Democracy in Myanmar (PGM) အစည်းအဝေးသို့ တက်ရောက်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ ပြောကြားချက်များမှာ ယမန်နှစ်က အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ သဘောတူညီချက်ဖြင့် မိတ်ဆွေနိုင်ငံများအဖွဲ့ ဆိုသည့် အမည်မှ မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဆိုင်ရာ မိတ်ဖက်အဖွဲ့ အစည်းအဝေး (Partnership Group for Peace, Development and Democracy in Myanmar-PGM) ဟု အမည်ပြောင်းလဲခဲ့ပါကြောင်း။

လက်ရှိအစည်းအဝေးမှာ မစ္စတာ ဘန်ကီမွန်း၊ မစ္စတာ ဗီဂျေနမ်ဗီးယားနှင့် USG/DPA ဖြစ်သူ Mr. Jeffrey Feltman တို့ အပါအဝင် ဩစတြေးလျ၊ တရုတ်၊ EU၊ ပြင်သစ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ နော်ဝေ၊ ကိုရီးယား (ROK)၊ ရုရှား၊ စင်ကာပူ၊ ထိုင်း၊ ဗြိတိန်၊ အမေရိကန်၊ ဗီယက်နမ် စသော ၁၅ နိုင်ငံမှ ဌာနေကိုယ်စားလှယ် (PR) များ တက်ရောက်ကြပါကြောင်း။

အစည်းအဝေးအစတွင် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး နောက်တွင် မိမိက မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်အချို့ကို အကျဉ်းချုပ်တင်ပြခဲ့ပါကြောင်း၊ တင်ပြချက်များတွင်-

- အစိုးရအဖွဲ့သစ်ကာလအတွင်း ကဏ္ဍအသီးသီးမှာ တိုးတက်ပြုပြင်ပြောင်းလဲဆောင်ရွက်ချက်များ၊
- ငြိမ်းချမ်းရေးတည်ဆောက်ကြိုးပမ်းမှုများ၊
- သန်းခေါင်စာရင်းကောက်ယူမှု အခြေအနေများ၊
- ရခိုင်ပြည်နယ်အတွင်း လတ်တလော ဖြစ်ပွားခဲ့သော ဖြစ်စဉ်များအပေါ် စနစ်အကျ ဖြေရှင်းဆောင်ရွက်နေမှုများ စသည်တို့ ပါဝင်ခဲ့ပါကြောင်း။

ထို့နောက် တက်ရောက်လာသူ မိတ်ဖက်နိုင်ငံတစ်နိုင်ငံချင်းစီမှ အကြံပြုခြင်း၊ မှတ်ချက်ပြုပြောဆိုခြင်းများ ပြုလုပ်ခဲ့ကြပြီး နိုင်ငံအများစု၏ ပြောကြားချက်များမှာ-

- မြန်မာနိုင်ငံတွင် သမိုင်းဝင်ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊
- အစိုးရ၏ တိုင်းရင်းသားအဖွဲ့အစည်းများအကြား ကြိုးပမ်းညှိနှိုင်းဆောင်ရွက်နေမှုများ၊ စုဝေးခွင့်နှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ကြိုဆိုကြောင်း၊
- အာဆီယံဥက္ကဋ္ဌ တာဝန်ယူ၍ ဒေသဆိုင်ရာ စည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းနေမှုကို ကြိုဆိုဂုဏ်ယူကြောင်း၊
- နိုင်ငံတွင်း ပြုပြင်ပြောင်းလဲမှု၊ လူ့အခွင့်အရေး တိုးမြှင့်မှုဆိုင်ရာဆောင်ရွက်မှု၊ အကျဉ်းသားများ လွှတ်ပေးနေမှု၊ နယ်စပ်ဒေသများတွင် တိုးတက်ဆောင်ရွက်နေမှုများကို ကြိုဆိုကြောင်း၊
- နိုင်ငံလုံးအဆင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ငြိမ်းချမ်းရေးကြိုးပမ်းမှုအား ကြိုဆိုကြောင်းနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ မည်သို့ကူညီပေးစေလိုသည်ကို သိရှိလိုကြောင်း စသည်တို့ ပါဝင်ပါတယ်။

နိုင်ငံအချို့၏ ဆွေးနွေးချက်များမှာ-

- ၂၀၁၅ ရွေးကောက်ပွဲအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးသည် အရေးကြီးကြောင်းနှင့် ၂၀၁၅ ရွေးကောက်ပွဲတရားမျှတမှု ရှိစေရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊
- ရခိုင်ပြည်နယ်တွင်း လူမျိုးစုပြဿနာများအား အလျင်အမြန် ဖြေရှင်းဆောင်ရွက်ကြိုးစားပေးပါရန် လိုအပ်ပါကြောင်း၊
- ကုလသမဂ္ဂနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ဝန်ထမ်းများအား လုံခြုံရေး အပြည့်အဝပေးရန် လိုအပ်ပါကြောင်း၊
- သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်း အောင်မြင်သော်လည်း ပဋိပက္ခဖြစ်မည်ကို စိုးရိမ်ပူပန်မှု အနည်းငယ်ရှိပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်မှု အစီအစဉ်အား သိရှိလိုပါကြောင်း စသည်တို့ ပါဝင်ပါကြောင်း။

နိုင်ငံအချို့က-

- နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့မှုကို ဝင်ရောက်စွက်ဖက်မှုမပြုရန် လိုအပ်ပါကြောင်း၊
- ရခိုင်ပြည်နယ်ရှိ လူမျိုးစုပြဿနာမှာ ရှုပ်ထွေးပြီး သမိုင်းနောက်ခံဖြစ်ရပ်များနှင့် ဆက်စပ်နေ၍ ချက်ချင်းဖြေရှင်း၍ မရနိုင်ကြောင်း၊ ဆွေးနွေးမှု၊ ညှိနှိုင်းမှုများဖြင့်သာ အချိန်ယူဆောင်ရွက်ရန် လိုကြောင်းနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ၎င်းအချက်အလက်ကို သိရှိနားလည်သည်းခံရန် လိုကြောင်း၊
- မြန်မာနိုင်ငံအတွက် နည်းလမ်းပေါင်းစုံနှင့် ဆောင်ရွက်နေခြင်းကို ပြန်လည်သုံးသပ်စဉ်းစားသင့်ကြောင်း၊
- ဘာသာပေါင်းစုံဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်ရန် အကြံပြုကြောင်း၊
- ဘာသာပေါင်းစုံ ခေါင်းဆောင်များအနေဖြင့် နိုင်ငံတွင်း ပြန်လည်ရင်ကြားစေ့ရေးနှင့် ပတ်သက်သည့် သတင်းစကားမျိုးအား သဘာထားကွဲလွဲနေသည့် အဖွဲ့အစည်းများအကြား ပျံ့နှံ့ရောက်ရှိသွားအောင် ဆောင်ရွက်စေလိုကြောင်း၊
- မြန်မာနိုင်ငံရှိ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ခွဲခြားမှုမရှိသော ပံ့ပိုးမှုများ ပြုလုပ်ရန်လိုကြောင်း၊
- ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးအနေဖြင့် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီပေးရေးကိုသာ ဦးတည်ဆောင်ရွက်သင့်ကြောင်း စသည်တို့ကို ပြောကြားခဲ့ပါကြောင်း။

အစည်းအဝေး ပြီးဆုံးသည့်နေ့မှာပင် ၂၀၁၄ ခုနှစ် ဧပြီ ၂၅ ရက်နေ့ ရက်စွဲဖြင့် ကုလသမဂ္ဂမှ သတင်းထုတ်ပြန်ချက် (Press Release) တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး အပြည့်အစုံကို သတင်းစာများတွင် သတင်းအဖြစ် ထည့်သွင်းဖော်ပြပြီးလည်း ဖြစ်ပါကြောင်း။

ဤအစည်းအဝေးသည် ယခင် မိတ်ဆွေနိုင်ငံများ အဆင့်မှ မိတ်ဖက်နိုင်ငံများအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ မြန်မာကိုယ်စားလှယ်အဖွဲ့က တက်ရောက်ရှင်းလင်းပြောဆိုနိုင်ခြင်းသည် မိမိနိုင်ငံ၏ ကိစ္စရပ်များအား တစ်ဆင့်စကားဖြင့် မပြည့်မစုံကြားသိနေရမှုများ၊ နားလည်မှု လွဲမှားနေမှုများအား လူကိုယ်တိုင်တွေ့ဆုံ၍ ဖြစ်ရပ်မှန် အကြောင်းအရာများကို ပြည့်စုံစွာ ရှင်းလင်းခွင့်ရရှိသဖြင့် အကျိုးအမြတ်ရှိသော အစည်းအဝေးတစ်ခုဖြစ်သည်ဟု သုံးသပ်ရမိပါကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

✿ **စာမျက်နှာ ၄ မှ**

အာဆီယံဥက္ကဋ္ဌနေရာ တာဝန်ယူထားပြီး လက်ခံကျင်းပတဲ့အစည်းအဝေးဖြစ်တဲ့အတွက် အစစအရာရာ နိုင်ငံတော် မျက်နှာမငယ်ရအောင်၊ နိုင်ငံတော်နဲ့ပြည်သူတွေ ဂုဏ်သိက္ခာတက်အောင် ကျွန်တော်တို့အနေနဲ့ တတ်နိုင်တဲ့ဘက်ကနေ အစွမ်းကုန်ပံ့ပိုးဆောင်ရွက်သွားမယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ထားပါတယ်။

ဦးသန်းထင်အောင်
လက်ထောက်အထွေထွေမန်နေဂျာ
နွယ်သာကီဟိုတယ်

ဟိုတယ်ကို ယခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ASEAN SUMMIT ကာလမှာ လာအိုနိုင်ငံဝန်ကြီးချုပ် တည်းခိုမှာဖြစ်ပါတယ်။ လာအို Delegate က ၄၉ ဦးရှိပါတယ်၊ အားလုံး တည်းမယ့်အခန်း ၃၃ ခန်းစီစဉ်ထားပါတယ်။ ဝန်ကြီးချုပ်တည်းခိုမယ့် အခန်းအပါအဝင် အခန်းတွေအားလုံး အဆင်သင့်ဖြစ်နေပါပြီ။ ဝန်ကြီးချုပ် တည်းခိုမယ့်အခန်းမှာ သာမန်အိမ်ကြီးတစ်လုံးလို အိပ်ခန်း၊ စားသောက်ခန်း၊ အစည်းအဝေးခန်း၊ ဧည့်ခန်းစတဲ့အခန်းတွေပါဝင်ပါတယ်။

အစားအသောက်အနေနဲ့ကတော့ မြန်မာနိုင်ငံမှာရှိတဲ့ လာအိုသံရုံးကနေ လာရောက် ဆက်သွယ်ပြီးတော့ သူတို့ဘက်က လိုအပ်ချက်အကုန်လုံးကို ကျွန်တော်တို့ ညှိနှိုင်းပြီး ဆောင်ရွက်ထားပါတယ်။ အခုတော့ အာလုံးအဆင်သင့်ဖြစ်နေပါပြီ။ ။

ဟံသာဝတီနှင့် မြဝတီတို့ နောက်တစ်ဆင့်တက်

၂၀၁၄ MFF Ooredoo Cup ရှုံး/ထွက်ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပသည်။

(ပဒုမ္မာကွင်း)
ဟံသာဝတီ-နှစ်ဂိုး
(ဘမ်ဘာနှင့်မောရဝတီမှ အောင်ဌေးဦး ကိုယ့်ဂိုးကိုယ်သွင်း)
မောရဝတီ-ဂိုးမရှိ
(စလင်းကွင်း)
မြဝတီ-နှစ်ဂိုး
(သူရိန်စိုးနိုင်နှင့် သက်စိုးနိုင်)
GFA-တစ်ဂိုး
(မောင်လွင်)
ယနေ့ပွဲ
(ပဒုမ္မာကွင်း)
ရခိုင်- Southern
(စလင်းကွင်း)
ဒဂုံ-ချင်းယူနိုက်တက်
(ရွှိုင်းထက်ဇော်)

မြန်မာနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးမှုစီမံကိန်းများနှင့် စပ်လျဉ်းသည့် Ministerial Round Table အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ဗန်ကောက်မြို့အခြေစိုက် ဩစတြီးယားနိုင်ငံ သံရုံးတို့ပူးပေါင်း၍ မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးမှုစီမံကိန်းများနှင့် စပ်လျဉ်းသည့် Ministerial Round Table အစည်းအဝေးကို မေ ၇ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့သည်။**(ယာပုံ)**

အစည်းအဝေးသို့ Austrian Minister of Transport, Innovation and Technology Ms. Doris Bures ဦးဆောင်သည့် Vice President of Austrian Federal Economic Chamber ဖြစ်သူ Dr. Christoph Matznetter အပါအဝင် ဩစတြီးယားနိုင်ငံမှ ထိပ်သီးစီးပွားရေးပုဂ္ဂိုလ် ၄၀ ပါဝင်သည့်အဖွဲ့နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း ဦးဆောင်သည့် ဘာသာရပ်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ အပါအဝင် ကိုယ်စားလှယ် ၃၀ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် Austrian Minister of Transport, Innovation and Technology Ms. Doris Bures၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် Head of Advantage Austria, the official trade promotion agency of the Austrian Federal Economic Chamber ဖြစ်သူ Dr.Weller Koren တို့မှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ၎င်းတို့ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ အခွင့်အရေးများ၊ လုပ်ငန်းစီမံကိန်းများ၊ ဖွံ့ဖြိုးမှုစီမံကိန်းများနှင့် ပတ်သက်သည်များကို Power Point များဖြင့် ရှင်းလင်းဆွေးနွေးကြကာ တက်ရောက်လာသူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ပါသည်။ **(သတင်းစဉ်)**

မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ လေ့လာရာတွင်

Mr.Masahiko TANAKA

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် နောက်ကျခဲ့သော်လည်း အခြားနိုင်ငံများထံမှ အတွေ့အကြုံများကိုလေ့လာနိုင်သည့် အခွင့်အလမ်းကောင်းများရှိနေပါသည်။ အများစုက ထိုင်းနိုင်ငံကို နမူနာယူသင့်သည်ဟု ဆိုကြပါသည်။ ၁၉၈၀ ခုနှစ်များ အစောပိုင်းကာလတွင် ထိုင်းနိုင်ငံသည် ပုံမှန်တိုးတက်ခဲ့ရာမှ လျင်မြန်သောအရှိန်ဖြင့် တိုးတက်ခဲ့ပြီး ဝင်ငွေအနေဖြင့်လည်း ယနေ့မြန်မာနိုင်ငံ၏လက်ရှိဝင်ငွေအခြေအနေနှင့် အတူတူလောက်ပင်ဖြစ်မည်။

ထိုစဉ်က ထိုင်းနိုင်ငံ၏အောင်မြင်မှုသည် ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူနှင့် အရှေ့အာရှ၏ အခြားထူးခြားအံ့ဖွယ်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများမှပင် ပြောစမှတ်ဖြစ်ခဲ့ရပေသည်။ ထိုင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုမှ နေ၍ များစွာလေ့လာစရာရှိပေသည်။ ထိုင်းနိုင်ငံအနေဖြင့် စီးပွားရေးအခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး စုဆောင်းမှုကိုအားပေးခဲ့ကာ ပို့ကုန်လုပ်ငန်းကိုလည်းမြှင့်တင်ခဲ့၍ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၌ အလုံးအရင်းဖြင့် ရင်းနှီးမြှုပ်နှံရေး ဆောင်ရွက်ခဲ့ပေသည်။

သို့သော် ယနေ့ ထိုင်းနိုင်ငံရင်ဆိုင်နေရသော အလွန်အရေးကြီးသည့် ပြဿနာများကိုရှုမြင်သင့်ပေသည်။ ၎င်းအနေဖြင့် ဝင်ငွေအဆင့်မြင့်မားလာရေးနှင့် ပုံမှန်တိုးတက်မှုရရှိစေရေးကို ထိန်းသိမ်းရန်ကြိုးပမ်းအားထုတ်နေရပေသည်။ (တစ်ဦးချင်းဝင်ငွေ GDP ဒေါ်လာ ၂၀၀၀၀ ကျော်ရရှိရန်) ထိုင်းနိုင်ငံအနေဖြင့် လက်ရှိတွင် ဝင်ငွေအလယ်အလတ် ထောင်ချောက်အတွင်း၌ သက်ရောက်နေပေသည်။ များမကြာမီက ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးမတည်ငြိမ်မှုများသည် "အပြုံးများမြေ"ဟုခေါ်ဆိုသည့် ထိုင်းနိုင်ငံ၏လူမှုစီးပွားရေးကို သိသိသာသာခြိမ်းခြောက်လျက်ရှိနေပေသည်။

ထိုင်းနိုင်ငံ၏အခြေခံပြဿနာများမှာ ဝင်ငွေတစ်ခုတည်းသာမဟုတ်ဘဲ နိုင်ငံရေးအာဏာကွာဟချက်ကြီးမားလာခြင်း၊ ပညာရေးစနစ်အားနည်းခြင်းနှင့် ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ၌ တီထွင်ကြံဆမှုနှင့် ပြိုင်ဆိုင်မှုတို့ ပြည့်စုံလုံလောက်မှုမရှိခြင်းတို့နှင့်လည်း သက်ဆိုင်နေပေသည်။ ထိုင်းနိုင်ငံ၏ လူမှုစီးပွားရေးစနစ်မှာလည်း အထက်တန်းလွှာလူတန်းစားကို အခြေခံထားသည့် စနစ်ဖြစ်ပေသည်။

မြန်မာနိုင်ငံကချမှတ်ထားသော ပွင့်လင်းမှုရှိသည့် စီးပွားရေးမူဝါဒ၊ ပညာရေးနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် ချမှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုအစီအမံများကြောင့် ဖွံ့ဖြိုးတိုးတက်သည့်အဆင့်သို့ မကြာမီသေချာရောက်ရှိလာမည်ဖြစ်ပေသည်။ ဤနေရာတွင် မေးခွန်းထုတ်ရမည်မှာ မြန်မာသည် ထိုင်းနိုင်ငံကို အမီလိုက်မည်လား သို့မဟုတ် ထိုင်းနိုင်ငံကို ကျော်တက်သွားမည်လားဆိုခြင်းပင်ဖြစ်သည်။

ချမှတ်ထားသော ပွင့်လင်းမှုရှိသည့် စီးပွားရေးမူဝါဒ၊ ပညာရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် ချမှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုအစီအမံများကြောင့် ဖွံ့ဖြိုးတိုးတက်သည့်အဆင့်သို့ မကြာမီသေချာရောက်ရှိလာမည်ဖြစ်ပေသည်။

တန်ဖိုးမြှင့်ကုန်ပစ္စည်းများ အပြိုင်အဆိုင်ထုတ်လုပ်လိုသောစိတ်ဓာတ်သည် အောင်မြင်သည့်စီးပွားရေးအတွက် အဓိကမောင်းနှင်အားပင်ဖြစ်သည်။

ထို့ကြောင့် မြန်မာအနေဖြင့် ဂျပန်၊ တောင်ကိုရီးယားနှင့် ထိုင်ဝမ်တို့၏ နည်းလမ်းများကိုလေ့လာ၍ဆောင်ရွက်သင့်ပေသည်။ ၎င်းနိုင်ငံများသည် ဖွံ့ဖြိုးမှုအစပြုခဲ့ချိန်မှစ၍ နှစ်ပေါင်း ၄၀ ခန့်တွင် ဝင်ငွေအလယ်အလတ်အဆင့်ကိုလွန်မြောက်ကာ ဝင်ငွေမြင့်မားသည့်အဆင့်ကိုရောက်ရှိခဲ့ပြီး ဖြစ်ပေသည်။ ဖွံ့ဖြိုးမှုစတင်ချိန်၌ ဖြစ်ပေါ်လေ့ရှိသည့် ပြဿနာရပ်များအပေါ် ကိုင်တွယ်ဖြေရှင်းပုံမှာ ထိုင်းနိုင်ငံနှင့် အဆိုပါနိုင်ငံများကြား လွန်စွာခြားနားလှပေသည်။ ထို့ကြောင့် ၎င်းတို့ မည်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခဲ့သနည်း။ မြန်မာနိုင်ငံအနေဖြင့် ၎င်းတို့ထံမှ ဘာတွေလေ့လာနိုင်မလဲဆိုသည်မှာ အလွန်အရေးကြီးပေသည်။

ဂျပန်၊ တောင်ကိုရီးယားနှင့် ထိုင်ဝမ်တို့သည် ၎င်းတို့ စီးပွားရေးအောင်မြင်မှုကြီးမားစွာရရှိခဲ့သည့် ၁၉၅၀ ခုနှစ်နှင့် ၁၉၆၀ ခုနှစ်များတွင် အခွင့်ထူးခံများ၏ အထူးစီးပွားရေးအခွင့်အရေးများအား ထိန်းချုပ်ရန် ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခဲ့ပါသည်။ အစိုးရမှပေးအပ်သည့် အထူးအခွင့်အရေးနှင့် ရင်းနှီးမှုဖြင့်ပေးအပ်သည့် သဘောတူညီချက်များသည် လုပ်ငန်းအောင်မြင်ရေး၏ အခြေခံသော့ချက်များမဟုတ်တော့ပေ။ ဤကဲ့သို့သော အထူးအခွင့်အရေးများသည် ယခင်မြန်မာအစိုးရလက်ထက်တွင် အဓိကကျသည့် ရင်းနှီးမြှုပ်နှံမှု၏ မောင်းနှင်အားဖြစ်ခဲ့သည်။ လက်ရှိစီးပွားရေးလွတ်လပ်ခွင့်ဆောင်ရွက်ရာ၌ အဆိုပါ အထူးအခွင့်အရေးပေးမှုများအား ပြောင်းလဲပစ်ရန်မှာ လွန်စွာအရေးကြီးလှပေသည်။ တန်ဖိုးမြှင့်ကုန်ပစ္စည်းများ အပြိုင်အဆိုင်ထုတ်လုပ်လိုသော စိတ်ဓာတ်သည် အောင်မြင်သည့်စီးပွားရေးအတွက် အဓိကမောင်းနှင်အားပင်ဖြစ်သည်။

ကုန်ထုတ်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံရခြင်းမှာ အလွန်စွန့်စားရသည့် လုပ်ငန်းဖြစ်သည်။ နည်းပညာသစ်နှင့် ကုန်ပစ္စည်းသစ်များထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်ခြင်း၌ စိန်ခေါ်မှုများရှိနေပေသည်။ ရေရှည်တွင် တိုင်းပြည်အတွက် အကျိုးရှိသော်လည်း အဆိုပါစိန်ခေါ်မှုများကြောင့် ပုဂ္ဂလိကလုပ်ငန်းများ၏ရင်းနှီးမြှုပ်နှံမှုကို လျော့နည်းစေမည်ဖြစ်သည်။ ဈေးကွက်အားနည်းချက်ကို ကာမိစေရန်အတွက် အဆိုပါသုံးနိုင်ငံသည် ပြိုင်ဆိုင်မှုရှိသည့် စက်မှုလုပ်ငန်းများကို မြေတောင်မြှောက်ပေးနိုင်ရန် မူဝါဒများချမှတ်ပေးခဲ့သည်။ ဤကဲ့သို့သော စက်မှုကဏ္ဍဆိုင်ရာမူဝါဒချမှတ်ပေးခြင်းသည် ကုန်ထုတ်လုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်စေသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးလွတ်လပ်ခွင့်ဆောင်ရွက်ချက်များသည် ပိုမိုရင်းနှီးမြှုပ်နှံစေရန် အထောက်အကူပြုရာရောက်သော်လည်း အထူးသဖြင့် ကုန်ထုတ်လုပ်ငန်းများကို မြှင့်တင်ပေးရန်အတွက် စက်မှုကဏ္ဍမူဝါဒတစ်ရပ် ရေးဆွဲရန် လိုအပ်မည်ဖြစ်ပါသည်။ လက်ရှိချမှတ်ထားသော မူဝါဒများသည် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူများအတွက် အဟန့်အတားများဖြစ်နေဆဲပင်ဖြစ်သည်။ ဥပမာအားဖြင့် မော်တော်ကား ထုတ်လုပ်သူတစ်ဦးက မော်တော်ကားနှင့် ဆက်စပ်ပစ္စည်းများ၏တန်ဖိုးနှင့် သွင်းကုန်အခွန်အကောက်တန်ဖိုးမှာ အတူတူဖြစ်နေရာ မြန်မာနိုင်ငံတွင် မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရေးမှာ ဆွဲဆောင်မှုအနည်းငယ်သာရှိပေသည်။ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် လွယ်ကူရှင်းလင်းသော မူဝါဒများချမှတ်ပေးရန် လိုအပ်ပေသည်။

ဂျပန်၊ တောင်ကိုရီးယားနှင့် ထိုင်ဝမ်တို့သည် ကနဦးကတည်းက အခြေခံပညာရေးသာမက တက္ကသိုလ်အဆင့်ပညာရေးကို အရည်အချင်းပြည့်မီသူ အားလုံးသင်ယူနိုင်စေရန်အတွက် ၎င်းတို့၏ ပညာရေးစနစ်များကို တိုးတက်ခိုင်မာအောင် ဆောင်ရွက်ခဲ့ကြသည်။ ပညာတတ်အလုပ်သမားများဖြင့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်ကျယ်ပြန့်လာစေရန် လိုအပ်သော အတတ်ပညာရှင်နှင့် ကျွမ်းကျင်လုပ်သားများကို ဖြည့်ဆည်းပေးခဲ့ပေသည်။ ဤအချက်သည်ပင် တိုင်းပြည်တိုးတက်ရေးအတွက် ကြီးမားစွာ အကျိုးပြုခဲ့ပေသည်။ ကောင်းမွန်သောပညာရေးကို အားလုံးမျှတစွာခံစားရခြင်းသည် အလုံးစုံအကျုံးဝင်သည့်စီးပွားရေး၏ အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ တစ်ချိန်တည်း၌ပင် အဆိုပါပညာတတ်များအားဖြင့် ကောင်းမွန်သင့်လျော်သည့် လူမှုစံနှုန်းများကို ဖြစ်ပေါ်လာစေမည်ဖြစ်ပြီး ဝင်ငွေအလွန်အမင်း မညီမမျှဖြစ်နေခြင်းကိုလည်း ကာကွယ်ရာရောက်ပေသည်။

ဒုတိယကမ္ဘာစစ်ပြီးနောက် အဆိုပါနိုင်ငံများ၌ ဆောင်ရွက်ခဲ့သည့် မြေယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် အဆိုပါစိတ်ကူးစိတ်သန်းကို ရုပ်လုံးပေါ်အောင် အကောင်အထည်ဖော်ပေးလိုက်ခြင်းပင်ဖြစ်ပေသည်။ အများစုသော မိသားစုတို့မှာ ဝင်ငွေအလယ်အလတ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့ကြပြီး အချို့သာ ဆင်းရဲမွဲတေမှုအဆင့်၌ ကျန်ရစ်ခဲ့ပေသည်။ ယနေ့မြန်မာနိုင်ငံအနေအထားမှာ မြေယာပြုပြင်ပြောင်းလဲမှုကို ကြီးမားကျယ်ပြန့်စွာဆောင်ရွက်ခြင်းသည် ထိရောက်မှုရှိမည်မဟုတ်ပေ။ သို့သော် မြန်မာခေါင်းဆောင်များနှင့် နိုင်ငံသူနိုင်ငံသားအားလုံးတို့သည် အလွန်အမင်းကြွယ်ဝချမ်းသာခြင်းနှင့် အလွန်အမင်းဆင်းရဲခြင်းအခြေအနေတို့အား ထိန်းချုပ်နိုင်ရေးအတွက် တစ်နိုင်ငံလုံးတစ်စိတ်တစ်ဝမ်းတည်းရှိရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

မြန်မာအစိုးရအနေဖြင့် အဆိုပါမျှော်မှန်းချက် အကောင်အထည်ပေါ်လာစေရန် မူဝါဒရေးရာလက်နက်များဖြစ်သည့် ဝင်ငွေအပေါ်မူတည်၍ အခွန်တိုးမြှင့်ကောက်ခံခြင်း၊ လူမှုဖူလုံရေးနည်းလမ်းဖြင့် အကာအကွယ်ပေးခြင်း၊ အနိမ့်ဆုံးလုပ်ခသတ်မှတ်ပေးခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ပေသည်။

အကျိုးဆက်အနေဖြင့် ဂျပန်၊ တောင်ကိုရီးယားနှင့် ထိုင်ဝမ်တို့သည် ပုဂ္ဂလိကကုမ္ပဏီအကြီးအငယ်တို့အတွက် နည်းပညာနှင့် ကုန်ထုတ်အမယ်သစ်များ တီထွင်ထုတ်လုပ်ရန် ကောင်းမွန်သည့်စနစ်တစ်ရပ်ကို ဖန်တီးနိုင်ခဲ့ပေသည်။ ဤသို့ဖြစ်ပေါ်လာစေရန် ဝင်ငွေအလယ်အလတ်တန်းစားဖြစ်လာခဲ့သည့် ပညာတတ်လုပ်သားများမှ ပံ့ပိုးပေးခဲ့ပေသည်။ အဆိုပါအချက်သည် ထိုင်းနိုင်ငံအခြေအနေနှင့် လုံးဝခြားနားကာ အားလုံးပါဝင်သည့် အင်အားဖြစ်ကြောင်း တွေ့မြင်ရပေသည်။ (နိုင်ငံအများစုမှာ ဝင်ငွေအလယ်အလတ်အခြေအနေ၌သာ ရပ်တည်နေရပေသည်။)

နိုင်ငံတစ်နိုင်ငံအနေဖြင့် ၎င်း၏သမိုင်းနောက်ခံအခြေအနေများကြောင့် ၎င်း၏ဖွံ့ဖြိုးမှုဦးတည်ရာလမ်းကြောင်းမှ ယိမ်းယိုင်သွားနိုင်ပေသည်။ ဤသို့ဖြစ်ပေါ်လာခဲ့ပါက ပြန်လည်တည့်မတ်ရန်ခက်ခဲမည်ဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုနောက်ကျသည့် နိုင်ငံအနေဖြင့် ဤအရေးကြီးသည့် အချိန်ကာလတွင် ဖွံ့ဖြိုးမှုလမ်းကြောင်းကို ရွေးချယ်ရာ၌ အလွန်အရေးကြီးသည့် အခွင့်အရေးအဖြစ် သတိတရားဖြင့် စဉ်းစားဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ပေသည်။ မြန်မာနိုင်ငံအနေဖြင့် မလိုလားအပ်သော လွယ်ကူသည့်လမ်းကြောင်းကို မရွေးချယ်မိစေရန် ကျွန်ုပ်အကြံပြုလိုပါသည်။ မိမိတို့၏ ရှိရင်းစွဲအကျိုးစီးပွားအခွင့်အရေးများကို သတိနှင့်ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပေသည်။ မြန်မာတို့အနေဖြင့် ဝင်ငွေအလယ်အလတ်ထောင်ချောက်သို့ သက်ဆင်းမည့်လမ်းကြောင်းကို မရွေးချယ်ဘဲ အခြားပိုမိုကောင်းမွန်သည့် ဖွံ့ဖြိုးရေးလမ်းကြောင်းကို ရွေးချယ်ပါက ထိုင်းနိုင်ငံ၏ ဖွံ့ဖြိုးမှုကိုကျော်လွန်သွားနိုင်မည်ဖြစ်ပါသည်။ ။

(စာရေးသူ Mr.Masahiko TANAKA သည် JICA Myanmar Office ၏ အကြီးအကဲဖြစ်ပါသည်။)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၇

မျိုးချစ်စိတ်ဓာတ်၊ အချင်းချင်းကူညီရိုင်းပင်းတတ်သောစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များဖြင့် ကျစ်လျစ်ခိုင်မာမှုရှိသည့် အသင်းဝင်များနှင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီး အနေဖြင့် မြန်မာနိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်ဖြစ်သော မိခင်နှင့်ကလေးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးကို တစ်တပ်တစ်အား ဆောင်ရွက်နေကြသည့် အသင်းဝင်အားလုံး၏ ကြီးမြတ်သော စေတနာနှင့်လုပ်ငန်းများကို သိမြင်နိုင်ပါကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်၌ကျင်းပသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၄) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အနေဖြင့် ကျေးလက်ဒေသအထိ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးအခြေအနေမြှင့်တင်စေရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ သက်ဆိုင်ရာဦးစီးဌာနများ၊ အခြားနှီးနွှယ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နိုင်ငံနှင့်လူမျိုးအကျိုးအတွက် အရေးပါသော မှတ်တိုင်များဖြစ်ကြောင်း။

(၂၃)နှစ်တာကာလကို ပြန်ပြောင်းသုံးသပ်ကြည့်မည်ဆိုလျှင် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင် (၄)နှင့် (၅)၏ အခြေခံဖြစ်သည့် မိခင်ကလေး ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများတွင် သိသာထင်ရှားသည့် တိုးတက်မှုများရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိသားစုအားလုံးအတွက် ကျန်းမာရေးကဏ္ဍ၌ မရှိမဖြစ်လိုအပ်သည့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းကြီး၏ အနယ်နယ်အရပ်ရပ်တွင် ရှိကြသည့် အသင်းဝင်များ၏ ပူးပေါင်းဆောင်ရွက်မှု အင်အားဖြင့် ယခုကဲ့သို့ အကျိုးရှိသည့်ရလဒ်များရရှိနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ယခင်နှစ်များထက်စာလျှင် မိခင်နှင့်ကလေး သေဆုံးမှုများ ကျဆင်းလာသည်ကိုတွေ့ရသော်လည်း ကာကွယ်ကုသ၍ရသော ရောဂါများကြောင့် သေဆုံးမှုများရှိနေသေးသည်ကို တွေ့ရကြောင်း၊ အာဟာရ ပြည့်ဝစွာ စားသုံးတတ်စေရေး၊ ရောဂါနှိမ်နင်းရေး၊ ကျန်းမာရေးပညာပေး လုပ်ငန်းများကို ပိုမိုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်ဖြစ်သော “ ရောဂါပိုးသယ်ပိုးမွှားငယ်၊ သေးငယ်သော်ငြား အန္တရာယ်များ၊ ဝိုင်းဝန်းကာကွယ်ကြစို့လား” ဆိုသည့် ဆောင်ပုဒ်အတိုင်း သေးငယ်သော ပိုးမွှားများမှတစ်ဆင့် ရောဂါပိုးများကို သယ်ဆောင်ပြီး အဖြစ်များသော ရောဂါများဖြစ်သည့် ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ ဆင်ခြေထောက်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါတို့ကို သယ်ဆောင်သော ခြင်၊ ပလိပ်ရောဂါကို သယ်ဆောင်သော ကြွက်သန်းနှင့် ဆီးအိမ်၊ ဆီးလမ်းကြောင်း ကျောက်တည်သည့်ရောဂါဖြစ်စေသည့် ပိုးမျိုးသယ်ဆောင်သည့် ခရုစသည်တို့မှာ ကမ္ဘာ့လူဦးရေ ၅၀ ရာခိုင်နှုန်းနှင့် ထိတွေ့နေကြောင်း၊ မိခင်နှင့်ကလေးအသင်းဝင်များမှ ကာကွယ်နိုင်သည့် နည်းလမ်းများကို ပညာပေးသည့် လုပ်ငန်းများတွင် ကူညီဆောင်ရွက်ကြစေလိုကြောင်း။

ကိုယ်ဝန်ဆောင်မိခင်တိုင်း ကျွမ်းကျင်သူနှင့် မွေးဖွားနိုင်စေရန်၊ ကျွမ်းကျင်သူသားဖွားဆရာမများ တိုးတက်လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည့်အပြင် ယခုအခါ အရန်သားဖွားဆရာမများကို ရွာတိုင်းထားရှိနိုင်အောင် စီစဉ်လျက်ရှိရာ မကွေးတိုင်းဒေသကြီးတွင် အောင်မြင်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ကျန်းမာရေးပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးပညာဌာနမှ ထုတ်လုပ်ထားသော IEC များနှင့် ကျန်းမာရေးပညာပေးနည်းလမ်းများကို အသုံးပြု၍ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာဝန်ထမ်းအဖွဲ့အစည်းများမှ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ ရောဂါကာကွယ်နည်းများကို ဒေသအလိုက် နားလည်လွယ်သည့် စကားလုံးများ၊ ဘာသာများဖြင့် ထိရောက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကိန်းဂဏန်းများရရှိအောင် ဆောင်ရွက်ခြင်းထက် အောင်မြင်မှုများ၊ အခက်အခဲများ၏ အကြောင်းအရင်းများကို သိရှိအောင် ထိရောက်သော အထောက်အထားများရရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင် နာယကများဖြစ်ကြသော နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၏ဇနီး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကကြီးများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုဓာတ်ပုံများကို ဧည့်သည်တော်များက ကြည့်ရှုလေ့လာခဲ့ကြသည်။**(အပေါ်ပုံ)**

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို နံနက် ၁၀ နာရီခွဲတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က ဆောင်ရွက်ပြီး ၂၀၁၃ ခုနှစ် လုပ်ငန်းအစီရင်ခံစာ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၁၄-၂၀၁၅ခုနှစ် ရသုံးမှန်းခြေစာရင်းတို့ကို ဖတ်ကြားတင်သွင်းပြီး အတည်ပြုခဲ့သည်။

ထို့နောက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ၂၀၁၃ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြသည်။

နေ့လယ်ပိုင်းတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သန်းဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ၂၀၁၃ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ၂၀၁၃ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကြပြီး နှစ်ပတ်လည်အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ညနေ ၅ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) များ လက်မှတ်ရေးထိုး

နေပြည်တော် မေ ၇

ပို့ဆောင်ရေးဝန်ကြီးဌာန၊လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဩစတြီးယားနိုင်ငံ ပို့ဆောင်ရေး၊ တီထွင်မှုနှင့် နည်းပညာဝန်ကြီးဌာနတို့အကြား နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memoranda of Understanding) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မေ ၇ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံအတွင်းရှိ မြစ်ကြောင်းများ၏ ပြုပြင်ထိန်းသိမ်းရေးနှင့် လမ်းကြောင်း ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင်နယ်သာလန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့်အခြားကမ္ဘာ့နိုင်ငံများ၊ ကမ္ဘာ့ဘဏ်နှင့် JICA ကဲ့သို့သော အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဩစတြီးယားနိုင်ငံနှင့်လည်း ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ဒင်ညူမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရရှိခဲ့သောသင်ခန်းစာများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မြန်မာနိုင်ငံရှိ ရေနှင့် ဆက်စပ်သော ဌာနဆိုင်ရာများအား ဖိတ်ကြား၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဩစတြီးယားနိုင်ငံ၏ နည်းပညာဖွံ့ဖြိုးတိုးတက်မှု အကူအညီဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်းတိုးတက်ရေး(အထူးသဖြင့် ဧရာဝတီမြစ်အတွင်း) အတွက် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့တွင် မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ကောင်းတစ်ခုဖြစ်စေမည့် မြန်မာနိုင်ငံနှင့် ဩစတြီးယားသမ္မတနိုင်ငံတို့အကြား နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် ရေအားလျှပ်စစ် အခြေခံအဆောက်အအုံများ၊ အချက်အလက်များ၊ အတတ်ပညာများနှင့် ပြည်သူပိုင်၊ ပုဂ္ဂလိကပိုင်ကဏ္ဍများအား နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များ စသည်တို့တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဩစတြီးယားသမ္မတနိုင်ငံ ပို့ဆောင်ရေးတီထွင်မှုနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး H.E. Ms. Doris BURES က နည်းပညာဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစီအစဉ်များ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဩစတြီးယားသမ္မတနိုင်ငံ ပို့ဆောင်ရေးတီထွင်မှုနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးတို့သည် နားလည်မှုစာချွန်လွှာ (MoU) ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဩစတြီးယားသမ္မတနိုင်ငံ ပို့ဆောင်ရေးတီထွင်မှုနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးတို့သည် နားလည်မှုစာချွန်လွှာ (MoU) ကိုလည်းကောင်း သီးခြားစီလက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးမောင်မြင့်၊ ဦးအေးမြင့်နှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဩစတြီးယားနိုင်ငံ ပို့ဆောင်ရေးတီထွင်မှုနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး H.E. Ms. Doris BURES နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

⁂ တောင်ငူခရိုင်အတွင်းမှ

၄၈၂ ဒသမ ၃၇ ဧကကို တောင်သူ ၈၈ ဦးသို့လည်းကောင်း ယာယီလုပ်ကိုင်ခွင့်(ပုံစံ-၃)ဖြင့် လွှဲပြောင်းပေးအပ်ရာ တောင်ငူခရိုင်မှ ကိုယ်စားလှယ် တောင်သူများက လက်ခံရယူကြသည်။

ယင်းနောက် မြေယာလက်ခံရရှိသည့် မူလပိုင်ရှင်များကိုယ်စား တောင်သူ ဦးကျော်စိန်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယခင်အစိုးရအဆက်ဆက်က အကြောင်းအမျိုးမျိုးကြောင့် မြေသိမ်းဆည်းမှုများရှိခဲ့ပါကြောင်း၊ တပ်မတော်၊ တပ်ရင်း/တပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရာတွင် တပ်မြေအဖြစ် သိမ်းဆည်းခြင်း၊ မြို့ပြများ တိုးချဲ့တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်း၊ စက်မှုဇုန်များ တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းများ ဆောင်ရွက်ရန်အတွက် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းရှင်များသို့ မြေနေရာချထားပေးခဲ့ခြင်းတို့ကြောင့် တောင်သူများစိုက်ပျိုးလျက်ရှိသည့် လယ်ယာမြေများ ပါရှိသွားသကဲ့သို့ နိုင်ငံတော်စီမံကိန်းဖြစ်သည့် ရထားလမ်းများ၊ ကားလမ်းများ၊ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ရေးအတွက် သိမ်းဆည်းရာတွင်လည်း လယ်ယာမြေများ ဆုံးရှုံးသွားခြင်းတို့ကို တွေ့ရှိရပါကြောင်း။

တပ်မြေ သိမ်းဆည်းမှုများနှင့် စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတက တပ်တည်ဆောက်ရန် တပ်ပိုင်မြေအဖြစ် သိမ်းဆည်းထားသည့်မြေများအား သီးစားချထားခြင်း၊ အကျိုးတူဆောင်ရွက်ခြင်းများ လုံးဝမပြုလုပ်ရန်၊ တပ်၊ ဌာနချုပ်များ၏ လုံခြုံရေးလိုအပ်ချက်များနှင့် လေ့ကျင့်ရေးကွင်း လိုအပ်ချက်များအတွက် အမှန်တကယ်လိုအပ်သည့် အနည်းဆုံးမြေဧရိယာ အကျယ်အဝန်းကိုသာ ရယူပြီး ကျန်မြေပိုများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရန် မူဝါဒချမှတ်ပေးခဲ့ပါကြောင်း။

ထို့အပြင် သိမ်းဆည်းခံမြေယာကိစ္စများ အမြန်ပြီးပြတ်အောင်ဖြေရှင်းနိုင်ရေးအတွက် ဒုတိယသမ္မတက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များနှင့်စုစုပေါင်းအဖွဲ့ဝင် ၄၂ ဦးဖြင့် မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီကိုလည်းကောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်ကို လည်းကောင်း ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးခဲ့ပါကြောင်း၊ ဤသို့ ကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်

ဦးသိန်းဇော်ဝင်း
(တောင်ငူမြို့နယ်
အုပ်ချုပ်ရေးမှူး)

ဦးဆန်းမြင့်
(ရွာပုကုန်းကျေးရွာ
တောင်ငူမြို့နယ်)

ဦးခင်အောင်
(တောင်သူ၊ ကျော်လှစုကျေးရွာ
ဖြူးမြို့နယ်)

ရာမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေရန် မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌကို အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီတွင် ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် တရားဝင်ဖွဲ့စည်းထားသည့် လယ်ယာထုတ်ကုန်သမဝါယမအသင်းများမှ ကိုယ်စားလှယ်တို့ကိုလည်းကောင်း အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းထားကြောင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် သိမ်းဆည်းမြေများနှင့်ပတ်သက်ပြီး သိမ်းဆည်းထားသည့်မြေပေါ်မှာ စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် မြေအမှန်တကယ်အသုံးချမှုကို စိစစ်ရန်၊ သိမ်းဆည်းထားသော မြေများအား ဒေသစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့်ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှုအတွက် အကျိုးရှိစွာအသုံးချမှုရှိ၊ မရှိ စိစစ်ရန်၊ မြေဧကများစွာ လွှဲပြောင်းရယူထားသော်လည်း လုပ်ငန်းအကောင်အထည်ဖော်ခြင်းမရှိဘဲ အကျိုးမဲ့ဖြစ်နေမှုများကို စိစစ်ရန်၊ နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးမဲ့ဖြစ်နေသည့် သိမ်းဆည်းမြေများကို ဆိုင်ရာ သိမ်းဆည်းထားသော ဌာနနှင့်အဖွဲ့အစည်းများက ပြန်လည်စွန့်လွှတ်စေပြီး မူလပိုင်ရှင်အစစ်အမှန်များသို့ မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စိစစ်လွှဲပြောင်းပေးရန်။

ဥပဒေနှင့်အညီ လွှဲပြောင်းရယူထားပြီး လက်တွေ့တွင်လည်း နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ အမှန်တကယ် ထိရောက်စွာ အသုံးပြုနေသည့်မြေများကို ဆိုင်ရာဌာနများမှ စွန့်လွှတ်ခြင်းမပြုဘဲ လုပ်ငန်းဆောင်တာများ ဆက်လက်လုပ်ဆောင်ရန် မူဝါဒချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါ မူဝါဒများချမှတ် ဆောင်ရွက်ခဲ့သဖြင့် သိမ်းဆည်းခဲ့သည့် ဝန်ကြီးဌာနများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ပြန်လည်စွန့်လွှတ်သောမြေများနှင့် ပတ်သက်ပြီး သက်ဆိုင်သူများ လက်ဝယ် အမြန်ဆုံး ရောက်ရှိရေးအတွက် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများက အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း-

(က) အသုံးချခွင့် ရှိခဲ့ကြောင်း စာရွက်စာတမ်းသက်သေခံ အထောက်အထားခိုင်လုံစွာ ပြသနိုင်သောသူများအား ၂၀၁၄ ခုနှစ် ဇွန် ၃၀ ရက်အပြီး ယာယီပြန်လည် လွှဲပြောင်းပေးပြီး လုပ်ကိုင်ခွင့်ပြုရန်နှင့် အသုံးချပိုင်ခွင့် အမည်ပေါက်ရရှိရေးအတွက် ဌာနဆိုင်ရာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ရုံးပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ခြင်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အတွင်း အပြီး ဆောင်ရွက်ရန်၊

(ခ) အကြောင်းအမျိုးမျိုးကြောင့် သက်သေခံ အထောက်အထား မပြနိုင်သော်လည်း အများက ကြည်ညိုလေးစားသည့် ရပ်မိရပ်ဖများ၏ ထွက်ဆိုထောက်ခံချက်များဖြင့် အသုံးချပိုင်ခွင့်ရှိကြောင်း သက်သေထင်ရှားပြနိုင်ပါက ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အပြီး ယာယီပြန်လည်လွှဲပြောင်းပေးပြီး ကာလအပိုင်းအခြား သတ်မှတ်လုပ်ကိုင်ခွင့်ပြုရန်နှင့် လွှဲပြောင်းခံရသူ အသုံးချပိုင်ခွင့် အမည်ပေါက်ရန်အတွက် ဌာနဆိုင်ရာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စိစစ်ပြီး ရုံးပိုင်းဆိုင်ရာလုပ်ငန်းစဉ်များကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အတွင်း အပြီးဆောင်ရွက်ရန်၊

ဤလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တရားနည်းလမ်းကျခြင်း၊ မျှတမှုရှိခြင်း၊ မလျော်ကြံဖန် သုံးစွဲမှုမရှိဘဲ လွတ်လပ်မှုရှိခြင်းဟူသော အခြေခံများကို ကိုင်စွဲကျင့်သုံးရန်လည်း မှာကြားပြီးဖြစ်ပါကြောင်း။

ယနေ့ အခမ်းအနားမှာ ပဲခူးတိုင်းဒေသကြီးအတွင်း မြေဧရိယာ ၆၄၈၆ ဒသမ ၆၁ ဧကကို ပြန်လည်စွန့်လွှတ်သွားမည်ဖြစ်ပြီး လယ် ၁၉၈၂ ဒသမ ၁၈ ဧက၊ ယာ ၉၉၀ ဒသမ ၈၄ ဧက၊ ကိုင်း/ကျွန်း ၅ ဒသမ ၃၀ ဧကနှင့် မြေလွတ်မြေရိုင်း ၃၅၀၈ ဒသမ ၂၉ ဧကကို သက်ဆိုင်သူ ၁၁၇၉ ဦးသို့ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် (ပုံစံ -၃) ပေးအပ်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ပေးအပ်ရန်ကျန်သည့် စွန့်လွှတ်မြေများကိုလည်း အမြန်ဆုံးပေးအပ်နိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်က ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ကျန်နေပြည်တော်၊ တိုင်းဒေသကြီး /ပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီများအနေဖြင့်လည်း ပြန်လည်စွန့်လွှတ်မည့် မြေများကို သက်ဆိုင်သူများထံ ပေးအပ်သွားရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားပြီး တက်ရောက်လာကြသည့် ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ခပေါင်းဆည်ရေသောက်စနစ်အဆင့်မြင့် လယ်ယာမြေဧက ၂၀၀၀ စိုက်ကွင်းအတွင်းရှိ တောင်ငူမြို့နယ် ဆင်ဆိပ်ကျေးရွာအဆင့်မြင့် လယ်မြေဧက ၂၀၀ အား ကြည့်ရှု၍ ဒေသခံများအား တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အုတ်တွင်းမြို့နယ် ပိတောက်ခင် ကျေးရွာ ပုလဲသွယ်ဧက ၂၀၀ မျိုးစေ့ထုတ်စိုက်ကွင်း ယာယီမဏ္ဍပ်တွင် တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

တောင်ငူခရိုင်အတွင်း ပြန်လည်စွန့်လွှတ်သည့် မြေယာများအား ပြန်လည်လက်ခံရရှိသည့် မူလလယ်ယာမြေပိုင်ရှင်များ၏ ရင်တွင်းစကားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဦးခင်အောင်
(တောင်သူ၊ ကျော်လှစုကျေးရွာ ဖြူးမြို့နယ်)

“အရင်သိမ်းဆည်းခံခဲ့ရတုန်းက ပင်ပင်ပန်းပန်းလုပ်ကိုင်ခဲ့ရသမျှ အခုသိမ်းဆည်းခံထားရတဲ့ ကျွန်တော်တို့ လယ်ယာမြေတွေ ပြန်ရမယ်ဆိုတော့ ကျွန်တော်အရမ်းဝမ်းသာတယ်”

ဦးဆန်းမြင့်
(ရွာပုကုန်းကျေးရွာ တောင်ငူမြို့နယ်)

“ကျွန်တော်တို့ လယ်ယာမြေတွေကိုသိမ်းဆည်းခံခဲ့ရပြီး အဲဒီမြေယာတွေမှာပဲ အခစားအဖြစ်ပြန်လုပ်ကိုင်ခဲ့ရတယ်၊ အခု ကျွန်တော်တို့ ဒီလယ်ယာမြေတွေကို ပြန်ပေးအပ်မယ်ဆိုတော့ မိဘကနေ သားသမီးကို အမွေပေးအပ်တယ်လို့ ခံယူတယ်၊ ဝမ်းသာတယ်ဗျာ”

မရွှေစာ
(တောင်သူ၊ ရွာပုကုန်းကျေးရွာ)

“ကျွန်မတို့ မြေယာတွေသိမ်းဆည်းခံရစဉ်က ဒုက္ခတွေရောက်ခဲ့ပေမယ့် အခုတော့ ကျွန်မရင်ထဲမှာ ပြောမပြတတ်အောင် ဝမ်းသာနေပါတယ်၊ ကျွန်မနဲ့အတူ ဒီက တောင်သူလယ်သမားတွေ အားလုံးကလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြတယ်ရှင့်”

ဦးသိန်းဇော်ဝင်း
(တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး)

“သိမ်းဆည်းခံရတဲ့မြေယာတွေကို လယ်ယာမြေ စုံစမ်းရေးကော်မရှင် အစီရင်ခံစာအပိုင်း (၁)၊ (၂)၊ (၃)မှာ ပါတဲ့အတိုင်း တိုင်းဒေသကြီးအစိုးရက တစ်ဆင့် ခရိုင်၊ ခရိုင်ကနေတစ်ဆင့် မြို့နယ်မြေအသုံးချမှုကို ကွင်းဆင်းစစ်ဆေးဖို့ စိစစ်ထားတဲ့အခြေအနေနဲ့ ပတ်သက်ပြီး သက်ဆိုင်တဲ့တောင်သူတွေကို အမြန်ပေးအပ်နိုင်ရေး ညွှန်ကြားထားတာရှိပါတယ်။ ဒီညွှန်ကြားချက်ရရှိတာနဲ့ တစ်ပြိုင်တည်း ကျွန်တော်ဟာ မြို့နယ်မြေအသုံးချမှုကော်မတီဥက္ကဋ္ဌ အနေနဲ့ ကော်မတီအဖွဲ့ဝင်တွေ၊ အဖွဲ့တွေဖွဲ့ပြီး ကွင်းဆင်းစိစစ်ပြီး ဒီအခမ်းအနားမှာ သက်ဆိုင်ရာတောင်သူတွေကို ပေးအပ်တဲ့အခြေအနေဖြစ်ပါတယ်”။ **(သတင်းစဉ်)**

နေပြည်တော်အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

နေပြည်တော် မေ ၇

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၄ ခုနှစ် မေ ၂၈ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင်(I-19)သို့ **၂၀၁၄ ခုနှစ် မေ ၂၆ ရက် ထက်မစော ၂၇ ရက်ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ် အသိအမှတ်ပြုလွှာနှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားတို့ကို ယူဆောင်လာကြရန် ပန်ကြားအပ်ပါသည်။ **(သတင်းစဉ်)**

ရှေ့ပြေးလူဦးရေစာရင်းကို ယခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ကြေညာမည်

နေပြည်တော် မေ ၇

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၄ ခုနှစ် ဧပြီ ၂၅ ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပသည့် Partnership Group for Peace, Development and Democracy in Myanmar (PGM) အစည်းအဝေးသို့ တက်ရောက်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မင်္ဂလာခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းကို ၁၉၈၃ ခုနှစ်က နောက်ဆုံးဆောင်ရွက်ခဲ့ခြင်းဖြစ်၍ နှစ်ပေါင်း (၃၀)ကျော် ကြာမြင့်ခဲ့ပြီဟု ယေဘုယျပြောဆိုနေကြသော်လည်း ၁၉၈၃ ခုနှစ် ကောက်ယူခဲ့စဉ်က လုံခြုံရေးဆိုင်ရာ ကန့်သတ်ချက်များအရ ပဋိပက္ခနယ်မြေများတွင် ကောက်ယူမှုမပြုနိုင်ခဲ့ခြင်းကြောင့် ထိုနယ်မြေများတွင် နိုင်ငံ့သမိုင်းတစ်လျှောက် တစ်ကြိမ်တစ်ခါမျှ သန်းခေါင်စာရင်းကောက်ယူခွင့်မရရှိခဲ့ဘူးဟု ဆိုရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် အစိုးရအဖွဲ့သစ်သည် ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် နိုင်ငံ့တာဝန်ကိုယူခဲ့ပြီးနောက် နှစ်လအကြာ မေ ၂ ရက်တွင် သန်းခေါင်စာရင်းကောက်ယူမည်ဟု ဆုံးဖြတ်ခဲ့ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်သူ့လွှတ်တော်တွင် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းကောက်ယူပေးစေလိုသော ပြည်သူများ တောင်းဆိုချက်အပေါ် ပြည်သူ့ကိုယ်စားလှယ်တော်များက အဆိုပြုတင်ပြလာမှုများ ရှိခဲ့ခြင်းကြောင့် ထိုသန်းခေါင်စာရင်းအစီအမံသည် ပြည်သူ့ဆန္ဒနှင့် အစိုးရ၏ အကောင်အထည်ဖော်မှု ပေါင်းစပ်ဖြစ်ပေါ်လာရသော အစီအမံတစ်ရပ်ဟုလည်း ပြောရမည်ဖြစ်ပါကြောင်း။

သန်းခေါင်စာရင်းကောက်ယူမှုကို ကမ္ဘာ့ကုလသမဂ္ဂ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် အဆင့်လေးဆင့်ပါ အစီအမံကို နာယကကြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သော ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ရေးဆွဲပြီး အဆင့်ဆင့်အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ အဆင့်လေးဆင့်မှာ ကြိုတင်ပြင်ဆင်ခြင်းအဆင့်၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်း အဆင့်၊ စာရင်းဇယားများ ပြုစုခြင်းအဆင့်နှင့် စာရင်းထုတ်ပြန်ခြင်းအဆင့်တို့ဖြစ်ပါကြောင်း။

၂၀၁၄ ခုနှစ် မတ် ၂၉ ရက်တွင် ကွင်းဆင်းအသိပညာပေးလုပ်ငန်းစဉ်များ ပြီးဆုံးပြီးနောက် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ နိုင်ငံတစ်ဝန်းတွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါကြောင်း။ တစ်နိုင်ငံလုံးတွင် စာရင်းကောက်ကွက်ပေါင်း ၈၁၀၀၀ ခန့်ရှိပြီး စာရင်းကောက်ပေါင်း ၉၀၀၀၀ ခန့်နှင့် စာရင်းစစ်ပေါင်း ၂၅၀၀၀ ခန့်နှင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဤအဆင့်သည် စီမံချက်အဆင့်(၂)ထဲမှ အပိုင်းတစ်ပိုင်းဖြစ်ပြီး ယခုအခါ ကောက်ယူပြီး မေးခွန်းစာရွက်များကို ပြန်လည်စုစည်းသယ်ယူနေသည့် လုပ်ငန်းကို ဆောင်ရွက်နေပါကြောင်း၊ တစ်တိုင်းပြည်လုံးက ကောက်ကွက်နေရာပေါင်း ၈၀၀၀၀ ကျော်မှ မြို့နယ်/ခရိုင်/တိုင်းဒေသကြီးနှင့် ထိုမှ တစ်ဆင့် ဝန်ကြီးဌာနကို ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်းလမ်းမှ အဆင့်ဆင့်သယ်ယူနေရခြင်းဖြစ်ပါကြောင်း၊ စီမံချက်အရ မေလ ဒုတိယပတ်အတွင်း ပြီးဆုံးမည်ဖြစ်ပါကြောင်း၊ ယင်းမှာ သန်းခေါင်စာရင်းစီမံချက်၏ ဒုတိယလုပ်ငန်းစဉ် ပြီးဆုံးခြင်းပင်ဖြစ်ပါကြောင်း။

မေးခွန်းပုံစံများပျောက်ဆုံးခြင်း၊ အထားမှားခြင်းများ မဖြစ်စေရန် ကောက်ကွက်အားလုံးကို အသေးစိတ်စစ်ဆေးရန် လိုအပ်ပါကြောင်း၊ မြို့နယ်အလိုက် ကောက်ကွက်များ စစ်ဆေးခြင်း၊ ကောက်ကွက်အလိုက် မေးခွန်းပုံစံများ ရေတွက်ခြင်း၊ အိမ်ထောင်စုနံပါတ်နှင့် ကောက်ကွက်စာရင်းချုပ်များအား စစ်ဆေးခြင်း စသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် လုပ်ငန်းထိန်းပုံစံများ၊ မြေပုံများပါရှိခြင်း ရှိ/မရှိကိုလည်း စစ်ဆေးမည်ဖြစ်ပါကြောင်း၊ ထိုလုပ်ငန်းစဉ်ကို မြို့နယ်/မြို့နယ်ခွဲမှ လဝကဝန်ထမ်းများနှင့် အတူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်တစ်ခုလုံး ဇွန်လကုန်တွင် ပြီးဆုံးမည်ဖြစ်ပါကြောင်း။

သန်းခေါင်စာရင်း၏ တတိယအဆင့် လုပ်ငန်းဖြစ်သော စာရင်းဇယားပြုစုခြင်းကို ယနေ့စတင်စမ်းသပ် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ထိုအဆင့်ကို UNFPA အကူအညီဖြင့် DRS Company မှ ခေတ်မီနည်းပညာ အထောက်အကူပြု စက်ကိရိယာများဖြင့် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ယင်းမှာ အကြမ်းဖျင်း ကိုးလခန့်ကြာမြင့်နိုင်ပါကြောင်း၊ ၎င်းနောက် စီမံချက် စတုတ္ထအဆင့်အဖြစ် အခြေခံလူဦးရေစာရင်းဇယား ပြုစုထုတ်ပြန်ခြင်းကို ၂၀၁၅ ခုနှစ် မေလခန့်တွင် အပြီးသတ်ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းထားပါကြောင်း။

ယခုအချိန်တွင် နိုင်ငံတစ်ဝန်းမှ ကောက်ယူပြီးစီးခဲ့သော မေးခွန်းပုံစံများကို ပြန်လည်လက်ခံနေပြီးစာရင်းဇယားပြုစုခြင်းလုပ်ငန်းအတွက် အဆင့်ဆင့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စကင်နာမဖတ်ခင်တွင် ပြင်ဆင်ခြင်းလုပ်ငန်း အဆင့်ဆင့်ကို ဆောင်ရွက်ရမည်ဖြစ်သလို စကင်နာဖတ်ပြီးချိန်တွင်လည်း အမှားပြင်ဆင်ခြင်းလုပ်ငန်းစဉ်ကို တစ်ပြိုင်တည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထုတ်ပြန်ကြေညာရမည့် လုပ်ငန်းစဉ်အားလုံးသည် ပြန်လည်စုစည်းရရှိသော အချက်အလက်များကို စက်ဖြင့် ပြန်လည်ဖတ်နိုင်သော အခြေအနေအပေါ် မူတည်ဆောင်ရွက်ရမည်ဖြစ်ပြီး ယခုအချိန်ထိ လက်ဝယ်ကို မေးခွန်းစာရွက်များ အစုံအလင် မရောက်ရှိသေးခြင်းကြောင့် အချိန်ကာလ သတ်မှတ်ချက်များ အနည်းငယ်ကွာဟမှုများရှိနိုင်ပါကြောင်း။

ဤနေရာတွင် ဆောင်ရွက်သမျှအပေါ် သုံးသပ်ရန်အတွက် ယခင်သန်းခေါင်စာရင်းကာလ၏ ကိန်းဂဏန်းများနှင့် နှိုင်းယှဉ်တင်ပြသွားလိုပါကြောင်း၊ နိုင်ငံတွင် သန်းခေါင်စာရင်းနောက်ဆုံးကောက်ယူခဲ့သော ၁၉၈၃ ခုနှစ်တွင် လူဦးရေမှာ ၃၅ ဒသမ ၃ သန်းခန့်ရှိ၍ ယနေ့ခန့်မှန်းလူဦးရေ၏ ထက်ဝက်ခန့်သာရှိပါကြောင်း၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းတွင် လုံခြုံရေးအခြေအနေများကြောင့် မကောက်ယူနိုင်ခဲ့သော ကျေးရွာအုပ်စုပေါင်း ၉၄၂ အုပ်စု၊ လူဦးရေ ၁ ဒသမ ၁၇ သန်းကျော် မကောက်ယူနိုင်ခဲ့ခြင်းကြောင့် စုစုပေါင်း လူဦးရေ၏ ၃ ဒသမ ၃၅ ရာခိုင်နှုန်းကို မကောက်ယူနိုင်ခဲ့ပါကြောင်း၊ မကောက်ယူနိုင်သော နယ်မြေများအနေဖြင့် ကချင်ပြည်နယ်တွင် ကျေးရွာအုပ်စု ၂၁၀၊ ရှမ်းပြည်နယ်တွင် ကျေးရွာအုပ်စု ၄၉၀၊ ကရင်ပြည်နယ်တွင် ကျေးရွာအုပ်စု ၁၈၆ စု၊ ကယားပြည်နယ်တွင် ကျေးရွာအုပ်စု ၁၀၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျေးရွာအုပ်စု ၄၁၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကျေးရွာအုပ်စု ၅၅ အုပ်စုရှိပါကြောင်း၊ ယနေ့အကြမ်းဖျင်းရရှိထားသော စာရင်းဇယားများအရ ကချင်ပြည်နယ်တွင် စာရင်းပေါက်နေသော ရွာများထဲမှ ကျေးရွာပေါင်း ၉၇ ရွာသာ စာရင်းကောက်ရန် ကျန်တော့ကြောင်းနှင့် ကျန်နေရာများတွင် ကွက်ပြည့်နင်း အပြည့်အဝ ကောက်ခံနိုင်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ခရိုင်ငါးခုရှိသည့်အနက် ခရိုင်သုံးခုအတွင်း၌သာ လူမျိုးအမည်မှန်ဖြေဆိုမှုမပြု၍ ကောက်ယူရန်ချန်လှပ်ထားခဲ့သည်မှ အပ ကျန်ခရိုင်များကို အပြည့်အဝ ကောက်ယူနိုင်ခဲ့ပါကြောင်း၊ လက်ကျန်နေရာများကို ထပ်မံကောက်ယူနိုင်ရေးအတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ညှိနှိုင်းနေပါကြောင်း၊ ဆွေးနွေးမှုရလဒ်များအပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သလို လုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်း အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါကြောင်း။

ယခုတစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူရာတွင် ယခင်နှင့် သိသိသာသာကွာခြားသည့်အချက်မှာ ယခင် အစဉ်အဆက်အကြောင်းအမျိုးမျိုးကြောင့် စာရင်းမကောက်ခဲ့ရသော အထူးဒေသ(၂) “ဝ”ဒေသ၊ အထူးဒေသ(၄) မိုင်းလားဒေသ၊ ကိုးကန့်ဒေသ စသည်တို့အပြင် ကရင်၊ မွန်၊ ပအိုဝ်း၊ ရှမ်း၊ ကရင်နီ၊ ကယားအစရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနေရာများတွင် တိုင်းရင်းသားညီအစ်ကိုများ၏ အပြည့်အဝပူးပေါင်းကူညီဆောင်ရွက်မှုကြောင့် ကွက်ပြည့်နင်းကောက်ယူနိုင်ခဲ့ပါကြောင်း၊ ယင်းဖြစ်ရပ်မှာ ညီရင်းအစ်ကိုများအကြား ထူးခြားစွာ ပူးပေါင်းဆောင်ရွက်နိုင်သော ဖြစ်စဉ်တစ်ခုဖြစ်ပြီး နိုင်ငံတော်အတွက် လွန်စွာမှ ဝမ်းသာကြည်နူးဖွယ်ရာကောင်းသော ညီညွတ်ရေးပုံရိပ်တစ်ခုဟု ပြောရမည်ဖြစ်ပါကြောင်း၊ ယင်းမှာ အစိုးရအဖွဲ့သစ်ကာလအတွင်း အမျိုးသားရင်ကြားစေ့ရေး လုပ်ငန်းစဉ်ကြောင့် ထွက်ပေါ်လာသော ရလဒ်ဟုလည်း ဆိုရမည်ဖြစ်ပါကြောင်း။

သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်းကောက်ယူချိန်တွင် မိမိတို့နှင့်ပူးပေါင်းဆောင်ရွက်နေသော ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့(UNFPA) မှ စိတ်ကြိုက်ရွေးချယ်ထားသော (အမေရိကန်၊ ပြင်သစ်၊ UK၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဖိလစ်ပိုင်၊ ဂျပန်၊ နယ်သာလန်၊ အယ်လ်ဗေးနီးယား၊ တူနီးရှား၊ ကနေဒါ၊ ချီလီ၊ အီတလီ၊ တီမော၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အာဂျင်တီးနား၊ နိုင်ဂျီးရီးယား၊ ကင်မရွန်း၊ ဘူဂီနာဖာဆို၊ ကွန်ဂို) စသော နိုင်ငံများမှအတွေ့အကြုံရှိ လူဦးရေပညာရှင် ၂၃ ဦးနှင့် ပြည်တွင်းပညာရှင် ၂၃ ဦး ပေါင်းစပ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၅ ခု၊ ခရိုင် ၄၀၊ မြို့နယ် ၁၂၀ ကိုသွားပြီး စာရင်းကောက်ကွက် ၉၆၀ မှ အိမ်ထောင်စု ၁၈၀၀ နှင့် လူဦးရေ ၂၁၉၄ ဦးကိုတွေ့ဆုံမေးမြန်းခဲ့ကြပါကြောင်း၊ မေးမြန်းချက်၊ ဖြေကြားချက်၊ တုံ့ပြန်ပြောကြားချက်များကို စနစ်တကျ ဗီဒီယိုမှတ်တမ်းတင်ခဲ့ကြပါကြောင်း၊ ပြင်သစ်လူမျိုး Dr.Nancy Stiglar ခေါင်းဆောင်သောကွင်းဆင်းလေ့လာရေးအဖွဲ့များနှင့် အလှူရှင်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ ဆွီဒင်၊ အင်္ဂလန်(DEEID)တို့နှင့် ဧပြီ ၁၁ ရက်က ရန်ကုန်မြို့တွင် ပြန်လည်တွေ့ဆုံသုံးသပ်ခြင်းများ လုပ်သည့်အခါ သန်းခေါင်စာရင်း ကောက်ယူမှုအပေါ် တွေ့ရှိချက်များထဲမှ အချက်အချို့ကို ထုတ်နုတ်ပြရလျှင် သန်းခေါင်စာရင်းအသိပညာပေး စည်းရုံးလှုံ့ဆော်မှု လွန်စွာကောင်းမွန်ကြောင်း၊ မေးခွန်းပုံစံအပါအဝင် ပစ္စည်းများ နယ်စွန်နယ်ဖျား ရပ်ကွက်/ကျေးရွာအထိလုံလောက်စွာဖြန့်ဖြူးနိုင်ကြောင်း၊ ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှု အလွန်ကောင်းကြောင်း၊ စာရင်းစစ်၊ စာရင်းကောက်များအား အဆင့်ဆင့်စနစ်တကျသင်တန်းပေးထားခဲ့သည်ကို တွေ့ရကြောင်း၊ စာရင်းကောက်များ ဒေသခံဘာသာစကားကျွမ်းကျင်ပြီး လူထုအား လေးစားစွာ ဆက်ဆံကြကြောင်း၊ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာဟု ဆိုနေကြသော ပြဿနာမှလွဲ၍ ရောက်ရှိခဲ့သော နိုင်ငံတစ်ဝန်းတွင် လူမျိုးဘာသာမေးခွန်းအား လွတ်လပ်စွာ ဖြေကြားကြကြောင်း။

ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီလူမျိုးစုတွင် မူလရှိပြီး လူမျိုးအမည်မှန်ဖြေသူများအား သန်းခေါင်စာရင်းကောက်ယူနိုင်ခဲ့ကြောင်း၊ ရိုဟင်ဂျာဟု ဖြေသူအား လူမျိုးအမှန်ကိုသာ ဖြေကြားပါရန် ရှင်းပြကြကြောင်း၊ အိမ်ရှင်မှ ရိုဟင်ဂျာဟု အတင်းအကျပ်ရေးသားရန် တိုက်တွန်းပြီး ဆန့်ကျင်မှုများ ပြုလုပ်နေပါက စာရင်းကောက်ယူမှု မပြုတော့ကြောင်း၊ ယခု သန်းခေါင်စာရင်း ကောက်ယူခဲ့ခြင်းသည် စမ်းသပ် စာရင်းကောက်ယူခြင်း ဆောင်ရွက်စဉ်ကထက် ပိုမိုပြည့်စုံကောင်းမွန်ကြောင်းဖြင့် ပါရှိပါကြောင်း။

အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးမှတ်ချက်ပြုခဲ့သည့် အချက်အချို့ကို ထုတ်နုတ်ပြရလျှင် ရခိုင်ဒေသတွင် နိုင်ငံရေးအရ ဆုံးဖြတ်ခဲ့သည့် ကိစ္စအပေါ် အနည်းငယ် စိုးရိမ်သည်မှလွဲ၍ ကျန်နယ်မြေဒေသအားလုံးတွင် နိုင်ငံတကာစံနှုန်းနှင့်အညီ သန်းခေါင်စာရင်း ကောက်ယူနိုင်သဖြင့် ဂုဏ်ယူပါကြောင်း၊ ရခိုင်ဒေသမှ ရရှိလာသည့် အချက်အလက်များကို ဆန်းစစ်လေ့လာပြီးမှ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်ကို ဆုံးဖြတ်ရန်နှင့် မေးခွန်းလွှာများ ပြန်လည်ပို့ဆောင်မှုအတွက်ဂရုပြုရန် အကြံပြုလိုကြောင်း၊ ဆက်လက်ပူးပေါင်းကူညီသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောဆိုခဲ့ပါကြောင်း။

သဘာပတိဖြစ်သူ ဆွစ်ဇာလန်နိုင်ငံ ပညာရှင် Mr.Wemer Haug က နိုင်ငံများတွင် သန်းခေါင်စာရင်းလုပ်ငန်းကို (၁၀)နှစ် တစ်ကြိမ် ဆောင်ရွက်နေကြကြောင်း၊ မြန်မာနိုင်ငံတွင် နှစ်(၃၀) မကောက်နိုင်၍ မကောက်ဖူးသည့် နိုင်ငံဟုပင် ပြောဆိုရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ယခု သန်းခေါင်စာရင်းလုပ်ငန်းသည် အမှားနည်းပြီး နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ခဲ့၍ ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားခဲ့ပါကြောင်း။

အလားတူပင် မိမိတို့နှင့်အတူ သန်းခေါင်စာရင်းကာလတစ်လျှောက်လုံးတွင် အတူတကွ ပူးတွဲလုပ်ကိုင်နေသော နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ (International Technical Advisory Board -ITAB) နှင့် ဧပြီ ၂၄ ရက်တွင် ညှိနှိုင်းဆွေးနွေးချက်အရ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်း လုပ်ငန်းအပေါ် သုံးသပ်ချက်ကိုလည်း ဆက်ပြီး တင်ပြလိုပါကြောင်း၊ ITAB အဖွဲ့ဆိုသည်မှာ သန်းခေါင်စာရင်းစီမံချက်အဆင့်တိုင်းကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် တိုင်းတာစစ်ဆေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂအစီအစဉ်နှင့် ဖွဲ့စည်းပေးထားသော ၁၄ နိုင်ငံမှ နိုင်ငံတကာလူဦးရေ ပညာရှင်များပါသော အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း။

ITAB အဖွဲ့ဝင်များက မြန်မာနိုင်ငံတွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းနှင့်ပတ်သက်၍ ချီးကျူးဂုဏ်ပြုပါကြောင်း၊ ရခိုင်ဒေသတွင် နိုင်ငံရေးပြဿနာကိုဖြေရှင်းနိုင်ပါက စာရင်းပြန်ကောက်သည့်လုပ်ငန်းစဉ်သည် အကောင်းဆုံးဖြစ်မည်ဟု အကြံပြုပါကြောင်း။

ITAB အဖွဲ့၏ တွဲဖက်သဘာပတိဖြစ်သူ ဆွစ်ဇာလန်နိုင်ငံပညာရှင် Mr.Wemer Haug က သန်းခေါင်စာရင်းကောက်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့် လူ့အခွင့်အရေးကို လိုက်နာရမည်ဆိုသော်လည်း နိုင်ငံ၏ ပကတိအနေအထားအပေါ် မူတည်စဉ်းစားရသည်ဟု ပြောခဲ့ပါကြောင်း၊ စင်ကာပူနိုင်ငံမှ ပညာရှင် Mr. Paulchaung ကလည်း သန်းခေါင်စာရင်းအောင်မြင်မှုအပေါ် ဂုဏ်ယူပါကြောင်း၊ ရခိုင်ဒေသတွင် လူမျိုးအမည်ပြဿနာသည် နိုင်ငံရေးပြဿနာ (Political Problem)ဖြစ်သည့်အတွက် နည်းပညာပိုင်း(Technical)နည်းဖြင့် ဖြေရှင်း၍ မရဟုပြောကြားခဲ့ပါကြောင်း၊ ပညာရှင်အချို့ကမူ စာရင်းကောက်ရန် ကျန်သည့် Under count ကိစ္စမှာ သန်းခေါင်စာရင်းလုပ်ငန်းတွင် အစဉ်အမြဲဖြစ်နေသည့် ပြဿနာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ Under count မှာမူ Systematic Under count ဟု ခေါ်ဆိုနိုင်ပါကြောင်းဖြင့် ပြောကြားခဲ့ပါကြောင်း။

မိမိတို့ သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် ကနဦးအစပိုင်းတွင် အခက်အခဲမျိုးစုံဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း နောက်ဆုံးတွင် ပြည်သူများ၏ပူးပေါင်းဆောင်ရွက်ပေးမှုကြောင့် နိုင်ငံဧရိယာအားလုံးနီးပါးကို ကောက်ယူနိုင်ခဲ့ပါကြောင်း၊ လက်ရှိအနေဖြင့် မေးခွန်းပုံစံလက်ခံခြင်းလုပ်ငန်းကို ဆောင်ရွက်နေပါကြောင်း၊ ရှေ့ပြေးလူဦးရေစာရင်းကို ယခုနှစ် ဩဂုတ်လတွင်ထုတ်ပြန်ကြေညာမည်ဖြစ်ပါကြောင်း၊ ထုတ်ပြန်ကြေညာသည့်နေရာတွင် ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ထိ ထုတ်ပြန်ကြေညာမည်ဖြစ်ပါကြောင်း၊ ဖြစ်နိုင်လျှင် မိမိတို့သန်းခေါင်စာရင်း၏ လွှမ်းခြုံနိုင်မှုနှင့် ဖြေကြားမှုရာခိုင်နှုန်းကိုလည်း ထိုအချိန်တွင် ထုတ်ပြန်မှာဖြစ်ပါကြောင်း။

သန်းခေါင်စာရင်းဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်မှုအတွက် မူတည်ဆောင်ရွက်ပေးသည့်ကိစ္စရပ်သာဖြစ်ပြီး အခြားကိစ္စများနှင့် ရောထွေးမစဉ်းစားသင့်ဘဲ စံချိန်စံညွှန်းဆိုသည့် ရှုထောင့်တစ်မျိုးတည်းက မူတည်စဉ်းစားပြီး ဆောင်ရွက်စေခြင်းထက် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် အရာအားလုံးယိုယွင်းပျက်စီးနိုင်မှု၊ သွေးထွက်သံယိုဖြစ်မှု စသည့်အကျိုးဆက်များကိုပါ ဆက်စပ်ပြီး မျှမျှတတစဉ်းစားပေးရမည့်လုပ်ငန်းစဉ်ဟုလည်း ပြောကြားလိုပါကြောင်း။

နိုင်ငံတော်အစိုးရသစ်ကာလအတွင်း သုံးနှစ်နီးပါးအချိန်ယူပြင်ဆင်ဆောင်ရွက်ခဲ့ရသော ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းလုပ်ငန်းကြီးသည် နိုင်ငံတော်အကျိုး၊ ပြည်သူများ၏ အကျိုးကို လက်ရှိနှင့် အနာဂတ်ကာလများတွင် တစ်ခန်းတစ်ကဏ္ဍအနေဖြင့် အကျိုးပြုဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ရိုးသားစွာယုံကြည်လက်ခံထားပါကြောင်း၊ ထို့ကြောင့် ယင်းအမျိုးသားရေးလုပ်ငန်းစဉ်ကြီးတွင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ နိုင်ငံတစ်ဝန်းတွင် စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြသော ပြည်သူလူထုတိုင်းရင်းသားညီအစ်ကိုအပေါင်းတို့ကို လည်းကောင်း၊ ကာလတစ်လျှောက်လုံး အတူလက်တွဲဆောင်ရွက်ခဲ့သော ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA) ကို လည်းကောင်း၊ နိုင်ငံတော်အစိုးရအဖွဲ့၏ ကိုယ်စား လေးစားစွာဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမေရိကန်နိုင်ငံ၌ ကျင်းပခဲ့သည့် PGM အစည်းအဝေးသို့ တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

(အဆိုပါ ရှင်းလင်းပြောကြားချက်ကို စာမျက်နှာ (၅)တွင် ဖော်ပြထားပါသည်။)

ယင်းနောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ခံနှင့် ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများမှ သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

တရားရုံးက ရင်လပ်ကို ဝန်ကြီးချုပ်ရာထူးမှဖယ်ရှား

ဗန်ကောက် မေ ၇

ထိုင်းနိုင်ငံအိမ်စောင့်ဝန်ကြီးချုပ် ရင်လပ်ရှင်နာဝါထရာသည် ၂၀၁၁ ခုနှစ်တွင် အဆင့်မြင့်လုံခြုံရေး အရာရှိတစ်ဦးကို တာဝန်ပြောင်းလဲပေးအပ်ရာတွင် နိုင်ငံတော်၏ အခြေခံဥပဒေကို ချိုးဖောက်ရာကျရောက်၍ အပြစ်ရှိသည်ဟု ထိုင်းနိုင်ငံ အခြေခံဥပဒေတရားရုံးက ဆုံးဖြတ်ချက်ချမှတ်ပြီး ၎င်းကို ဝန်ကြီးချုပ်ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း စီအန်အန်သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

တရားသူကြီးက အမိန့်ချမှတ်ရာတွင် တရားခံသည် သူမ၏ဝန်ကြီးချုပ်ရာထူးကို အလွဲသုံးစားပြုလုပ်ခဲ့သည်ဟု ပြောကြားပြီး သူမ၏ ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်မှုမှာ ပြီးဆုံးသွားပြီဟု ဆိုသည်။

တာဝန်ပြောင်းလဲပေးအပ်ရန် ဆုံးဖြတ်ခဲ့သည့် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော ဝန်ကြီးများကိုလည်း ရာထူးမှ ဖယ်ရှားလိုက်ပြီဟု တရားရုံးက အမိန့်ချသည်။

အစိုးရကို ဆန့်ကျင်သော အထက်လွှတ်တော်အမတ်များက ဝန်ကြီးချုပ်အား အခြေခံဥပဒေတရားရုံး၌ တရားစွဲဆိုခဲ့ကြခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် ရင်လပ်သည် ၎င်း၏ဝန်ကြီးချုပ်အာဏာကို အလွဲသုံးစားပြုလုပ်၍ အမျိုးသားလုံခြုံရေး ကောင်စီအကြီးအကဲ သာဝီလ်ပလင်ဆရီကို တရားမဝင်ရာထူးအရွှေ့အပြောင်းပြုလုပ်ခဲ့သည်ဟု စွပ်စွဲခဲ့ကြသည်။ ယင်းသို့ လုပ်ဆောင်ခြင်းသည် သူမ၏ ဖွေထိုင်းပါတီနှင့် မိသားစုဝင်တစ်ဦးကို အကျိုးကျေးဇူးရှိစေရန် ရည်ရွယ်ခဲ့သည်ဟု ဆိုသည်။

သာဝီလ်၏ရာထူးနေရာကို ရင်လပ်၏ဆွေမျိုးတော်စပ်သူ အမျိုးသားရဲတပ်ဖွဲ့အကြီးအကဲ ပရွှန်ပန် ဒါမာပေါင်အား အစားထိုးခန့်အပ်ခဲ့သည်။

မတ်လတွင် ထိုင်းနိုင်ငံတရားရုံးချုပ်က ယင်းသို့အရွှေ့အပြောင်းလုပ်ဆောင်ခြင်းသည် တရားဥပဒေနှင့်မညီညွတ်ဟု ဆုံးဖြတ်၍ သာဝီလ်ကို မူလရာထူးပြန်လည်ပေးအပ်ခဲ့သည်။

ရင်လပ်က ၎င်းသည် တရားဥပဒေကို ဆန့်ကျင်သည့် အမှုမည်သို့မျှ မပြုလုပ်ခဲ့ပါဟု တရားရုံးတော်၌ ခုခံကာကွယ်ပြောကြားခဲ့သည်။ နိုင်ငံတော်အကျိုးအတွက်သာ ရည်ရွယ်၍ တာဝန်ထမ်းဆောင်ခဲ့ပါသည်ဟု ဆိုသည်။

ဖေဖော်ဝါရီလ အထွေထွေ ရွေးကောက်ပွဲမတိုင်မီ ဒီဇင်ဘာလတွင် ပါလီမန်ကို ဖျက်သိမ်းပြီးနောက် အိမ်စောင့်အစိုးရကို ရင်လပ်က ဦးဆောင်ခဲ့ခြင်းဖြစ်သည်။

စီအန်အန်။

နိုင်ဂျီးရီးယားတွင် ဘိုကိုဟာရမ်က မိန်းကလေး ၁၁ ယောက် ထပ်မံပြန်ပေးဆွဲ

မိုင်ဒူဂူရီ(နိုင်ဂျီးရီးယား) မေ ၇

နိုင်ဂျီးရီးယားနိုင်ငံ ဘော်နိုပြည်နယ်တွင် လွန်ခဲ့သည့်သီတင်းပတ်သုံးပတ်က ပြန်ပေးဆွဲခံရသော ကျောင်းသူ ၂၀၀ ကျော်ကို ရှာဖွေကယ်ဆယ်ရန် ဗဟိုအစိုးရက ကြိုးပမ်းအားထုတ်နေစဉ် ဘိုကိုဟာရမ်အကြမ်းဖက်သမားများသည် ဂိုဇာပြည်နယ် ဝါရာဘီကျေးရွာမှ အသက်(၁၂)နှစ်နှင့် (၁၅)နှစ်အတွင်းရှိ ဆယ်ကျော်သက်သမီးပျို ၁၁ ယောက်ကို တနင်္လာနေ့ညတွင် ထပ်မံပြန်ပေးဆွဲသွားခဲ့သည်။

သေနတ်သမားများသည် ရွာသားများ၏ကျွဲ၊ နွားတိရစ္ဆာန်များနှင့် စားသောက်ဖွယ်ရာများကို ယူဆောင်ကာ တောတွင်းသို့ ဝင်ရောက်သွားခဲ့ကြသည်။

ဂိုဇာသည် ပြည်နယ်မြို့တော်ဖြစ်ပြီး မိုင်ဒူဂူရီမှ ကီလိုမီတာ ၁၆၀ ခန့် ကွာဝေးသည်။

တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာတွင် ဝါရာဘီရွာသား မော်လန်ဆဲလ်လိုအူမာက အဆိုပါဖြစ်စဉ်ကို မှန်ကန်ကြောင်း အတည်ပြု ပြောကြားခဲ့ပြီး အကြမ်းဖက်သမားများ ရွာထဲသို့ဝင်ရောက်လာစဉ် သူသည် ရွာထဲတွင်ရှိနေပြီး ဂိုဇာသို့ ထွက်ပြေးလာခဲ့သည်ဟုဆိုသည်။

သေနတ်သမားများမှာ ၂၀ ကျော်ရှိပြီး အေကေ-၄၇ ရိုင်ဖယ်သေနတ်များကိုင်ဆောင်ထားကြကြောင်း၊ တစ်ဦးတစ်ယောက်ကိုမျှ သတ်ဖြတ်မှု မပြုလုပ်ခဲ့ကြောင်း ၎င်းကပြောသည်။

သို့သော် ဆယ်ကျော်သက်အရွယ်လုံမပျိုများကို ၎င်းတို့၏မိဘများ ရှေ့မှောက်မှာပင် အဓမ္မခေါ်ဆောင်ခြင်းဖြင့် မိဘများနှင့် ရွာသားများကို ထိတ်လန့်တုန်လှုပ်သွားစေခဲ့သည်ဟု ဆိုသည်။

အကြမ်းဖက်သမားများသည် ကင်မရွန်းနိုင်ငံနှင့် ဂိုဇာအကြားနယ်စပ်ဒေသတောင်တန်းများဆီသို့ ထွက်ပြေးသွားခဲ့ကြသည်ဟု ရှင်းပြသည်။

နိုင်ဂျီးရီးယားသမ္မတ ဂွတ်လင်ဂျိုနသန်သည် ပြန်ပေးဆွဲခံရသော မိန်းကလေးများကိုရှာဖွေကယ်ဆယ်ရာတွင် အမေရိကန်ပြည်ထောင်စု၏ အကူအညီကမ်းလှမ်းလာခြင်းကို လက်ခံခဲ့သည်။

ရိုက်တာ။

အစိုးရဆန့်ကျင်သူများ တိုက်ခိုက်မှုစစ်ဆင်ရေးအတွင်း ယူကရိန်းစစ်သား ၁၄ ဦးသေဆုံး

ကီယက် မေ ၇

ယူကရိန်းနိုင်ငံအရှေ့ပိုင်း အစိုးရဆန့်ကျင်သူများကို နှိမ်နင်းတိုက်ခိုက်သည့် စစ်ဆင်ရေးများစတင်ကတည်းက ယူကရိန်းစစ်သား အနည်းဆုံး ၁၄ ဦး သေဆုံးသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက မေ ၇ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

လုံခြုံရေးဌာန၏ သတင်းထုတ်ပြန်ချက်အရ ယူကရိန်းနိုင်ငံအရှေ့ပိုင်း ရုရှားလိုလားသည့်အစိုးရဆန့်ကျင်သူများ၏ မြို့များသိမ်းပိုက်ထားမှုကို ပြန်လည်ရရှိရေးအတွက် စစ်ဆင်ရေးများစတင်ကတည်းက ယူကရိန်းစစ်သား ၆၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဧပြီ ၁၃ ရက်က စတင်သည့် အဆိုပါ စစ်ဆင်ရေးများတွင် ရုရှားလိုလားသူများလည်း အကျအဆုံးများရှိကြောင်း၊ သို့သော်လည်း တာဝန်ရှိသူများက ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

ယူကရိန်းအစိုးရက ရုရှား၊ အမေရိကန်နှင့် ဥရောပ သမဂ္ဂတို့နှင့် ဂျီနီဗာမြို့တွင် နှစ်ဖက်စလုံးက အကြမ်းဖက်တိုက်ခိုက်မှုများကို ရှောင်ကြဉ်ကြရန်ဆိုသည့် သဘောတူညီချက်တစ်ခုအရ စစ်ဆင်ရေးများကို ဧပြီ ၂၀ ရက်တွင် ဆိုင်းငံ့ထားခဲ့သည်။

သို့သော်လည်း ရုရှားလိုလားသူ ဆန့်ကျင်ရေးသမားများက ပြည်သူများနှင့် သတင်းသမားများကို ပြန်ပေးဆွဲ နှိပ်စက်ခြင်းများပြုလုပ်ခဲ့သည့်အတွက် သုံးရက်အကြာတွင် စစ်ဆင်ရေးများကို ပြန်လည်စတင်ခဲ့ရသည်။

ဆင်ဟွာ။



လွတ်လပ်စွာကုန်သွယ်မှုတိုးမြှင့်ရေး အီးယူ-ဂျပန် ဆွေးနွေး

ဘရပ်ဆယ် မေ ၇

ဂျပန်ခေါင်းဆောင်များနှင့် ဥရောပသမဂ္ဂခေါင်းဆောင်များက လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ရေးအတွက် အရှိန်မြှင့်ဆွေးနွေးလိုကြကြောင်း ဘရပ်ဆယ်မြို့၌ တွေ့ဆုံစဉ်ပြောကြားသည်။

ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်များဖန်တီးပေးနိုင်မည့် အီးယူ-ဂျပန် လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်သည် အလွန်အရေးပါသည့် ညှိနှိုင်းဆွေးနွေးမှုတစ်ခုဖြစ်သည့်အတွက် အရှိန်မြှင့်ဆွေးနွေးရမည်ဖြစ်ကြောင်း အီးယူကော်မရှင် ဥက္ကဋ္ဌ ဂျို့မန်နူရယ် ဘာရိုဆိုက မေ ၇ ရက်တွင် ဘရပ်ဆယ်မြို့၌ ပြောကြားသည်။

ဘရပ်ဆယ်မြို့သို့ရောက်ရှိနေသည့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကလည်း အဆိုပါသဘောတူစာချုပ် ချုပ်ဆိုရေးနှင့်ပတ်သက်၍ အရေးပါကြောင်း ထပ်မံအတည်ပြုပြောကြားခဲ့သည်။

ဂျပန်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၈ နိုင်ငံတို့သည် ကမ္ဘာ့စီးပွားရေး၏ ကုန်ထုတ်လုပ်မှုတွင် ထိပ်တန်းကုန်တင်ပို့မှုနှင့် ကုန်ထုတ်လုပ်မှုတွင် သုံးပုံတစ်ပုံကျော် တင်ပို့ထုတ်လုပ်နိုင်စွမ်းရှိကြသည့်နိုင်ငံများဖြစ်ကြသည်။

အီးယူ-ဂျပန် လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူစာချုပ် ချုပ်ဆိုရေးကို လွန်ခဲ့သည့်နှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့သော်လည်း အခက်အခဲအချို့ရှိနေဆဲဖြစ်သည့်အတွက် အဆုံးမသတ်နိုင်သေးပေ။

အေပီ။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း တောင်ငူမြို့ မီးဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး

ပဲခူး မေ ၇

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် မေ ၄ ရက် နံနက်ပိုင်းက တောင်ငူမြို့ (၁၁)ရပ်ကွက် မြကျွန်းသာ (၁)လမ်းနှင့် (၂)လမ်းကြားတွင် မေ ၁ ရက် မွန်းလွဲ ၁ နာရီခွဲက လောင်ခဲ့သောမီးကြောင့် အိမ် ၁၈ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးသင့်အိမ်ထောင်စု ၂၀ မှ မီးဘေးသင့်ပြည်သူများအား မီးဘေးယာယီကယ်ဆယ်ရေးစခန်းဖြစ်သော ပွတ်စုကျောင်းတိုက်တွင် သွားရောက်တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်သည် မီးဘေးသင့်အိမ်ထောင်စုတစ်စုချင်းစီကို ဆန်တစ်အိတ်၊ ဆီသုံးပိဿာ၊ အလှူငွေကျပ်တစ်သိန်းနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လှူဒါန်းသော ပစ္စည်း ရှစ်မျိုးပါ အသုံးအဆောင်များအား ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်သည် မီးလောင်ခဲ့သည့် (၁၁)ရပ်ကွက်အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မီးဘေးသင့်မိသားစုများအတွက် ပြန်လည်နေရာချထားရေးအစီအမံများကို စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ပဲခူးသား)**

ညောင်တုန်းမြို့တွင် ထူးချွန်ကျောင်းသားလူရည်ချွန် ဂုဏ်ပြုကြိုဆို

ညောင်တုန်း မေ ၇

နိုင်ငံတော်မှပေးအပ်ချီးမြှင့်သော ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မအူပင်ခရိုင် ညောင်တုန်းမြို့မှ ထူးချွန်ကျောင်းသားလူရည်ချွန်ရရှိသူများ ဂုဏ်ပြုကြိုဆိုခြင်းနှင့် (မြို့နယ်အဆင့်) ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၆ ရက်နံနက်ပိုင်းက ညောင်တုန်းမြို့ အထက(၂) ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လွှတ်တော်ကိုယ်စားလှယ် ဦးသက်လင်းနှင့် ဒေါက်တာလှမင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုတို့က လူရည်ချွန်ရွေးချယ်ခံရခြင်းနှင့်ပတ်သက်၍ ဂုဏ်ယူပြောကြားပြီး အခမ်းအနားကိုဖွင့်လှစ်သည်။ ထို့နောက် နဝမတန်းလူရည်ချွန်အဖြစ် ရွေးချယ်ခံရသူ မောင်ရဲမာန်ဦးနှင့် အဋ္ဌမတန်း လူရည်ချွန် မအိမ့်မှူးကျော်တို့က လူရည်ချွန်ဆုရရှိအောင် ကြိုးစားအားထုတ် ဆောင်ရွက်ခဲ့ပုံများကို ရှင်းလင်းပြောပြသည်။**(ယာပုံ)**

အတန်းတစ်တန်းအတွက် တစ်နိုင်ငံလုံးမှ ကျောင်းသား ကျောင်းသူ ၁၇၀ သာရွေးချယ်ထားသည်ဟု သိရသည်။ ကျောင်းစာသာမက ဘက်စုံထူးချွန်သူများအဖြစ် လူရည်ချွန်ရွေးချယ်မှုများကို ၁၉၈၈ မတိုင်မီအထိပြုလုပ်ခဲ့ပြီး ယခုအစိုးရသစ်လက်ထက်တွင် ဒုတိယအကြိမ်အဖြစ် ရွေးချယ်ခြင်းဖြစ်သည်။ ထို့ပြင် နိုင်ငံတော်မှ ဘက်စုံပညာထူးချွန်လူငယ်များ အပန်းဖြေဗဟုသုတရရှိနိုင်ရေးအတွက်အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းထူးချွန်သူများအား ပုဂံ၊ ညောင်ဦး၊ အင်းလေးနှင့် ငွေဆောင် အပန်းဖြေစခန်းများသို့ နိုင်ငံတော်အစီအစဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထွန်းကျော်(ညောင်တုန်း)

တန့်ယန်းမြို့ မဟာမြတ်မုနိဘုရားကြီး စိန်ဖူးတော်နှင့် ရွှေထီးတော်တင်ပွဲကျင်းပ

တန့်ယန်း မေ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့တွင် အသစ်ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သည့် မဟာမြတ်မုနိဘုရားကြီး ဂန္ဓကုဋိကျောင်းဆောင်သစ် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို မေ ၃ ရက် နံနက် ၉ နာရီက မဟာမြတ်မုနိဘုရားကြီး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး တန့်ယန်းမြို့ ဓမ္မဂုဏ်ရည် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုခမိန္တ (ကမ္မဋ္ဌာနာစရိယ၊ တက္ကသီလမဟာဓမ္မာစရိယ)ထံမှ အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်ပရိသတ်အပေါင်းတို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ကို ဆရာတော်များထံ ဆက်ကပ်ပြီး သံဃာတော်အရှင်သူမြတ်များက မေတ္တသုတ်ပရိတ်တရားတော်များကိုရွတ်ဖတ်ကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ချည်များ ယူဆောင်၍ ဂန္ဓကုဋိကျောင်းတိုက်တော်ကို ပက်ဖျန်းချည်နှောင်ကြသည်။

ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဘုံကိုးဆင့်ရှိ ရွှေထီးတော်ဘုံအဆင့်ဆင့်သို့ တာဝန်ရှိသူအသီးသီးတို့က ပင့်ဆောင်၍ ကျောင်းဆောင်တော်သစ်ကြီးကို သုံးပတ်လှည့်လည်အပူဇော်ခံသည်။

ယင်းနောက် ရွှေထီးတော်တင်မင်္ဂလာမဏ္ဍာပ်ရှိ ပန်းရထားပျံဖြင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို အစီအစဉ်အတိုင်း ဂန္ဓကုဋိကျောင်းဆောင်သစ်ကြီးပေါ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြသည်။

ရွှေထီးတော်တင်လှူနေစဉ်အတွင်း ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က ဇယမင်္ဂလာ၊ ဗောဓိယာမူလေစသော အောင်ဂါထာတော်ကို သုံးကြိမ်ရွတ်ဆိုကြသည်။ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပိတ်သိမ်းပြီး ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးကြကြောင်း သိရသည်။

(မင်းလွင်ဦး-ပြန်/ဆက်)

လုပ်ငန်းလိုင်စင်များကို အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်

ရန်ကုန် မေ ၇

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လုပ်ငန်းလိုင်စင်များကို အွန်လိုင်းမှတစ်ဆင့်လျှောက်ထားနိုင်ကြောင်း ထုတ်ပြန်ကြေညာထားသည်။ အဆိုပါ ကော်မတီ၏ ခရိုင်သတ်မှတ်ထားချက်များအရ အနောက်ပိုင်းခရိုင်တွင် ကျောက်တံတား၊ အလုံ၊ လမ်းမတော်၊ စမ်းချောင်း၊ ဒဂုံ၊ ပန်းဘဲတန်း၊ လသာ၊ ဗဟန်းမြို့နယ်တို့၌လည်းကောင်း၊ အရှေ့ပိုင်းခရိုင်တွင် သဃ်န်းကျွန်း၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ဒဂုံတောင်၊ ဒဂုံမြောက်မြို့နယ်တို့၌လည်းကောင်း၊ မြောက်ပိုင်းခရိုင်တွင် မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ အင်းစိန်မြို့နယ်တို့၌လည်းကောင်း၊ တောင်ပိုင်းခရိုင်တွင် တာမွေ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ရန်ကင်း၊ ဒလမြို့နယ်တို့၌လည်းကောင်း လုပ်ငန်းလိုင်စင်များကို အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်သည်ဟု သိရသည်။

အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်သော လိုင်စင်အသစ်လျှောက်လွှာများမှာ လုပ်ငန်းလိုင်စင်၊ အစားအသောက်လိုင်စင်၊ တည်းခိုခန်းလိုင်စင်၊ ဘော်ဒါဆောင်လိုင်စင်၊ ယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့် လိုင်စင်၊ ကိုယ်ပိုင်ဈေးလိုင်စင်၊ ယာယီဇာတ်ရုံပါမစ်တို့ဖြစ်သည်။

ထို့အတူ လိုင်စင်အဟောင်းလျှောက်လွှာများကိုလည်း အွန်လိုင်းမှတစ်ဆင့်လျှောက်ထားနိုင်သည်။ အဆိုပါ လျှောက်လွှာများမှာ သက်တမ်းတိုးလိုင်စင်များ၊ လုပ်ငန်းအချက်အလက်ပြောင်းလိုင်စင်လျှောက်လွှာ၊ လုပ်ငန်းလိုင်စင်မိတ္တူလျှောက်လွှာ၊ လုပ်ငန်းပိတ်သိမ်းကြောင်းလိုင်စင်လျှောက်လွှာတို့ဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဝက်ဘ်ဆိုက်မှာ **www.ycdc.gov.mm** ဟု သိရသည်။

(ခင်ချို့ဝင်း)

ဓနုဖြူမြို့၌ ငါးလုပ်ငန်းဆိုင်ရာပညာပေးဟောပြော

ဓနုဖြူ မေ ၇

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ငါးလုပ်ငန်းဆိုင်ရာ ပညာပေးဟောပြောပွဲကို မေ ၃ ရက်က ကျင်းပရာ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်မင်းက ငါးသယံဇာတ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေချိုငါးလုပ်ငန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ တားမြစ်ချက်များ၊ ငါးရစ်ငါးသန်ကာလတွင် ငါးမဖမ်းဆီးရေး၊ ဘက်ထရီရှော့တိုက် ငါးမဖမ်းဆီးရေး၊ ကျေးလက်ပြည်သူများဆင်းရဲမှုလျော့ကျစေရန်အတွက် ဘုံငါးဖမ်းနယ်မြေအတွင်း ငါးဖမ်းဆီးရာတွင် စနစ်တကျငါးဖမ်းဆီးမှသာလျှင် ငါးသယံဇာတရေရှည်တည်တံ့ရေး၊ သားစဉ်မြေးဆက် ငါးစားသုံးနိုင်ရေးတို့အတွက် ဝိုင်းဝန်းထိန်းသိမ်းရန် ကျေးလက်ပြည်သူများ၊ ရေလုပ်သားများအား ပညာပေးဟောပြောခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရေလုပ်သားအစုအဖွဲ့ဝင်များ၊ ရေလုပ်သားခေါင်းဆောင်များ စုစုပေါင်း ၁၂၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝန်းသိုမြို့နယ်၌ မူလတန်းပြ(နေ့စားလပေး)ဝန်ထမ်းစာမေးပွဲကျင်းပ

ဝန်းသို မေ ၇

ကသာခရိုင် ဝန်းသိုမြို့နယ်တွင် နေ့စားလပေးမူလတန်းပြရာထူးအတွက် ဝန်ထမ်းရွေးချယ်စာမေးပွဲကို မေ ၆ ရက်က ဝန်းသိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပခဲ့ရာ ဘွဲ့ရအလုပ်လက်မဲ့လူရွယ်မောင်မယ် ၂၇၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

အဆိုပါ စာမေးပွဲဖြေဆိုအောင်မြင်သူများကို လူတွေ့စစ်ဆေးမှုပြုလုပ်ပြီးပါက ဝန်းသိုမြို့နယ်အတွင်း မူလတန်းပြ(နေ့စားလပေး) ဝန်ထမ်းများအဖြစ် ခန့်အပ်သွားမည်ဖြစ်၍ အလုပ်မရှိသေးသော လူရွယ်မောင်မယ်များ ကိုယ်ပိုင်အလုပ်များရရှိကြတော့မည်ဖြစ်သောကြောင့် ဝမ်းသာနေကြကြောင်း သိရသည်။

(နုနုလွင်)





ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စက်သုံးဆီ(ဒီဇယ်)အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှဌာနများရှိ ယာဉ်/ယန္တရားများ အသုံးပြုရန်အတွက် ဒီဇယ်ဆီ(၁၅၀၀၀၀) (တစ်သိန်းငါးသောင်း) ဂါလန်အား အိတ်ဖွင့်တင်ဒါ (Open Tender) ဖြင့် တင်သွင်းနိုင်ပါသည်-

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရက် - ၇-၅-၂၀၁၄မှ ၁၄-၅-၂၀၁၄ထိ
(ခ) အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန် -၁၄-၅-၂၀၁၄ရက် မွန်းတည့်၁၂း၀၀နာရီ
(ဂ) အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ-၁၄-၅-၂၀၁၄ ရက် ၁၃း၀၀နာရီ

မှတ်ချက်။ တင်ဒါတင်သွင်းသူများ တက်ရောက်ပါရန်။ အစည်းအဝေးခန်းမ(၂)မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကိုအောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စက်ရုံနှင့်မော်တော်ယာဉ်ဌာန
အမှတ်(၆၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၆၀၈၃၃

ညှော့လမ်းညွှန်(အခြေခံ)သင်တန်းဖွင့်

ရန်ကုန် မေ ၇ ။ ။ညှော့လမ်းညွှန်(အခြေခံ)သင်တန်းအမှတ်စဉ်(၄၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Asia Plaza Hotel ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းကို ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ဇွန် ၂၇ ရက်အထိဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အရာထမ်း အခြေခံသင်တန်းဖွင့်

ရန်ကုန် မေ ၇ ။ ။ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အုန်းတောခန်းမ၌ ယနေ့ နံနက် ၇ နာရီခွဲတွင် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၁၉၆)သင်တန်းဖွင့်လှစ်ရာ ပါမောက္ခချုပ် ဦးညီညီစံက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ယင်းသင်တန်းသို့ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများနှင့်ဝန်ကြီးဌာနများမှ ဦးစီးအရာရှိအဆင့်ရှိ သင်တန်းသား ၇၉ ဦး၊ သင်တန်းသူ ၆၄ ဦး စုစုပေါင်း ၁၄၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သုံးခွမြို့တွင် အနေးယာဉ်များ လိုင်စင်သက်တမ်းတိုးခြင်းဆောင်ရွက်

သုံးခွ မေ ၇။ ။ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အနေးယာဉ်များ(ဆိုက်ကား၊ မြင်းလှည်း)လိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းကို မေ ၅ ရက်မှစတင်၍ ဆောင်ရွက်ပေးကြောင်း သိရသည်။ သုံးခွမြို့နယ်တွင် ဆိုက်ကားအစီး ၅၄၀ နှင့် မြင်းလှည်းခုနစ်စီးရှိကြောင်းသိရပြီး အနေးယာဉ်တစ်စီးလျှင် လိုင်စင်ကြေး ကျပ် ၁၀၀၀၀၊ ဘီးခွန် ကျပ် ၁၀၀၀ စုစုပေါင်း ၁၁၀၀၀ ဖြစ်ကြောင်းနှင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဒုဦးစီးမှူးနှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ဗန်းမော်၌ အိမ်တွင်းမှုသင်တန်းများဖွင့်

ဗန်းမော် မေ ၇။ ။ ဗန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ မေ ၄ ရက် နံနက် ၉ နာရီတွင် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၉)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၁၇)၊ ရိုးရာဂျပ်ခုတ်သင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားများကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဧည့်သည်များက သင်ထောက်ကူပစ္စည်းများ၊ ယခင်သင်တန်းသူများ၏ ဇာထိုးပန်းထိုးလက်ရာများကို လှည့်လည်ကြည့်ရှုခဲ့သည်။ ယနေ့ဖွင့်လှစ်သည့်သင်တန်းတွင် အနီးအနားကျေးရွာများမှ သင်တန်းသူများဖြစ်ပြီး သင်တန်းသူ ၃၀ တက်ရောက်ကာ သင်တန်းကာလမှာ သုံးလခွဲဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များစွမ်းရည်ပြိုင်

ညောင်တုန်း မေ ၇။ ။ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ပညာရေးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းကျင်းပသော ကြက်ခြေနီမောင်မယ်များနှင့် ကင်းထောက်လူငယ်များ၏ စွမ်းရည်ပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၁)အထက လှိုင်ပညာခန်းမ၌ ကျင်းပရာ မအူပင်ခရိုင် ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ (စစ်ဆေး) ဒေါ်တင်တင်စန်းက အမှာစကားပြောကြားပြီး ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များ၏ စွမ်းရည်ပြိုင်ပွဲများ ကျင်းပသည်။ စွမ်းရည်ပြိုင်ပွဲကို ကြက်ခြေနီမောင်မယ် ၃၂ ဦး၊ ကင်းထောက်လူငယ် ၃၂ ဦး စုစုပေါင်း ၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

ရှန်ဟိုင်းရုပ်ရှင်ပွဲတော်တွင် ပထမဆုံးသော အမျိုးသမီးဂျူရီအဖွဲ့ခေါင်းဆောင်ဖြစ်လာမည့်ဂေါင်းလီ

တရုတ်ရုပ်ရှင်ငွေကြယ်ပွင့် မင်းသမီး ဂေါင်းလီက ဇွန် ၁၄ ရက်မှ ၂၂ ရက်အထိ တရုတ်နိုင်ငံတွင် ကျင်းပမည့် (၁၇)ကြိမ်မြောက် ရှန်ဟိုင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဂျူရီအဖွဲ့ခေါင်းဆောင်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည့် ပထမဆုံးသော အမျိုးသမီးတစ်ဦး ဖြစ်လာခဲ့သည်။

ယင်းသည် ရှန်ဟိုင်းရုပ်ရှင်ပွဲတော် သမိုင်းတစ်လျှောက် အမျိုးသမီးတစ်ဦးက ဂျူရီအဖွဲ့ခေါင်းဆောင်အဖြစ် ပထမဆုံးတာဝန်ယူစေခဲ့သည့် ပွဲတော်တစ်ခုဖြစ်ပြီး မင်းသမီးဂေါင်းလီသည် အခြားသောနိုင်ငံတကာလက်ရွေးစင် ရုပ်ရှင်ပညာရှင်များနှင့် အတူ ယင်းဆုပေးပွဲ၏ အမြင့်ဆုံးဆုတစ်ခုဖြစ်သည့် Golden Goblet ဆုအတွက် ဆုံးဖြတ်ရွေးချယ်ပေးရမည်ဖြစ်ကာ ပရိသတ်များနှလုံးသားသို့ ထိစေမည့် ဇာတ်ကားများကို ကြိုးစားရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂေါင်းလီသည် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် Venice နိုင်ငံတကာရုပ်ရှင်ပွဲတော်တို့တွင်လည်း ဂျူရီအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ဖူးသူတစ်ဦးလည်းဖြစ်သည်။

မျိုးဝဿမောင်

ဘီလ်ဘုတ်တေးဂီတဆုပေးပွဲအခမ်းအနား၌ ဂျေလိုအား Icon Award ဆုချီးမြှင့်

၂၀၁၄ ခုနှစ်၏ ဘီလ်ဘုတ်တေးဂီတဆုပေးပွဲ အခမ်းအနားကို ယခုလ ၁၈ ရက်တွင် လတ်စ်ဗီးဂတ်စ်မြို့ရှိ MGM Grand Garden Arena ၌ ကျင်းပမည်ဖြစ်ရာ ယင်းဆုပေးပွဲတွင် တေးသံရှင် ဂျနီဖာလိုပက်ဇ်အား Icon Award ဆုကို ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအတွက် ဂျေလိုသည် Icon Award ဆုရရှိခဲ့သည့် ဂီတပညာရှင် လေးဦးအနက် ပထမဆုံးသောအမျိုးသမီးတစ်ဦး ဖြစ်လာမည်ဖြစ်သည်။

အဆိုပါဆုပေးပွဲတွင် ဂျေလိုသည် တေးသံရှင် ပစ်ထ်ဘူးလ်နှင့်အတူ သီဆိုဖျော်ဖြေမှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းရေးရာ

စပိန်လာလီဂါရင်ခုန်သံ – ၃၇

စပိန်လာလီဂါပွဲစဉ် ၃၇ ကိုလာမယ့် မေလ ၁၁ ရက်မှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ လက်ကျန်မျှော်လင့်ချက်တွေအတွက် အားစိုက်ကစားသွားကြဦးမှာဖြစ်လို့ အကြိတ်အနယ်ရှိမှာပါ။

ဗီလာရီးယဲလ်-ဗယ်လီကာနို နံနက် ၀၀း၃၀ (၁၁-၅-၁၄)

ဗီလာရီးယဲလ်ဟာ အိမ်ကွင်းမှာအမှားအယွင်းအဖြစ်ခံမှာမဟုတ်ပါဘူး။ ဗယ်လီကာနိုကတော့ မျှော်လင့်ချက်မရှိတော့တဲ့အသင်းပါ။ ဒါကြောင့်ရှုန်းအားလည်း သာမန်သာရှိလာနိုင်ပြီး ဒီပွဲစဉ်မှာ ဗီလာရီးယဲလ်ကိုပဲ နှစ်သက်ပါတယ်။

လီဗန်တေး-ဗလန်စီယာ နံနက် ၂း၃၀ (၁၁-၅-၁၄)

ဗလန်စီယာက ခြေစွမ်းပိုင်းအားနည်းနေတဲ့အသင်းပါ။ လက်ရှိအချိန်မှာ လီဗန်တေးက မျှော်လင့်ချက်မရှိတော့ဘူးဆိုပေမယ့် အိမ်ကွင်းဖြစ်နေတယ်။ ဒါကြောင့်ဗလန်စီယာတို့ အခက်တွေ့နိုင်ပြီး သရေလောက်ပဲ ရပါလိမ့်မယ်။

ဘီလ်ဘာအို-ဆိုစီဒက် ည ၉း၃၀ (၁၁-၅-၁၄)

ဘီလ်ဘာအိုက ချန်ပီယံလိဂ်ဝင်ခွင့် သေချာသွားပြီဖြစ်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာရလဒ်ကောင်းဖို့ ကြိုးစားလာမှာပါ။ ဆိုစီဒက်ခြေမဆိုးဘူးဆိုပေမယ့် အဝေးကွင်းအနည်းငယ် အားနည်းတယ်။ ဘီလ်ဘာအိုအနိမ့်ဆုံး သရေရမယ်။

အက်သလက်-မာလာဂါ ည ၁၁း၃၀ (၁၁-၅-၁၄)

အက်သလက်ဟာ အမှတ်ပေး ချန်ပီယံဆုအတွက် အကောင်းဆုံးပုံစံနဲ့ အနိုင်ရအောင် ကြိုးစားသွားမှာပါ။ မာလာဂါခြေကလည်း သာမန်သာရှိတာကြောင့် ဒီပွဲမှာ အက်သလက်ကို ထိန်းဖို့ခက်ပါလိမ့်မယ်။

အဲလ်ချီ-ဘာစီလိုနာ ည ၁၁း၃၀ (၁၁-၅-၁၄)

အဲလ်ချီက အိမ်ကွင်းအားနဲ့ ခံကစားလာမှာဖြစ်တယ်။ ဘာစီလိုနာက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းမတည်ငြိမ်ပါဘူး။ မျှော်လင့်ချက်လည်း အားနည်းနေပြီဖြစ်လို့ အဲလ်ချီအခွင့်အရေးရနိုင်ပြီး ဘာစီလိုနာ အနိုင်မပြတ်သွားနိုင်ဘူး။

ဂီတာဖေး-ဆီဗီးလ် ည ၁၁း၃၀ (၁၁-၅-၁၄)

ဆီဗီးလ်က ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက်မရှိတော့ပေမယ့် ခြေစွမ်းပိုင်းအကောင်းဆုံး ပုံစံမှာရှိနေပါတယ်။ ဂီတာဖေးက တန်းမဆင်းရဖို့အားစိုက်လာမှာဖြစ်တယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ဒါကြောင့် ဆီဗီးလ်သရေလောက်ပဲရမယ်။

ဂရန်နာဒါ-အယ်မာရီယာ ည ၁၁း၃၀ (၁၁-၅-၁၄)

အယ်မာရီယာက တန်းမဆင်းရဖို့ အားကုန်ရုန်းလာမှာဖြစ်တယ်။ လက်ရှိခြေစွမ်းပိုင်းလည်းမဆိုးပါဘူး။ ဂရန်နာဒါက အိမ်ကွင်းဖြစ်ပေမယ့်လည်း ခြေစွမ်းပိုင်းအရ ပျက်ယွင်းနေပါတယ်။ အယ်မာရီယာ အနိမ့်ဆုံးသရေရမယ်။

ဘက်တစ်-ဗယ်လာဒိုးလစ် ည ၁၁း၃၀ (၁၁-၅-၁၄)

ဘက်တစ်က တန်းဆင်းခဲ့ရပြီးဖြစ်ပါတယ်။ ဗယ်လာဒိုးလစ်က နောက်ဆုံးအချိန်အထိ တန်းမဆင်းရရေး အားစိုက်ကစားသွားမှာပါ။ ဒါကြောင့် ဗယ်လာဒိုးလစ်ရဲ့ ရုန်းအားကို ဘက်တစ်ထိန်းဖို့ခက်ပြီး သရေထက်ပိုမရနိုင်ဘူး။

အက်စ်ပန်ညို-အိုဆာစူနာ ည ၁၁း၃၀ (၁၁-၅-၁၄)

အက်စ်ပန်ညိုဟာ ခြေအားနည်းမှုတွေရှိနေပါတယ်။ အိုဆာစူနာက နောက်ဆုံးအချိန်အထိ တန်းမဆင်းရရေး ကြိုးစားသွားမှာပါ။ ဒါကြောင့် အက်စ်ပန်ညိုတို့ အိမ်ကွင်းဖြစ်ပေမယ့် ထိန်းဖို့ခက်ပြီး အိုဆာစူနာကို နှစ်သက်တယ်။

ဆယ်တာဗီဂို-ရီးယဲယ် ည ၁၁း၃၀ (၁၁-၅-၁၄)

ချန်ပီယံဆုအတွက် မျှော်လင့်နေတဲ့ ရီးယဲလ်ဟာ ဒီလိုပွဲမျိုးကို အမှားခံမှာမဟုတ်ဘူး။ ဆယ်တာဗီဂိုက ခြေစွမ်းပိုင်းသာမန်သာရှိပါတယ်။ အိမ်ကွင်းဖြစ်ပေမယ့် ရီးယဲလ်ရဲ့ရုန်းအားကို ထိန်းဖို့ခက်တယ်။ ရီးယဲလ်နှစ်ဂိုးအသာလောက်နဲ့ ကပ်နိုင်မယ်။

ရှိုင်းမင်းမင်း

ကျေးလက်မြေသားလမ်းကို ဂဝံမြေနီလမ်းအဖြစ်အဆင့်မြှင့်တင် ပြည်သူများစိတ်ချမ်းမြေ့စွာသွားလာနိုင်

သထုံ မေ ၇

မွန်ပြည်နယ် သထုံမြို့နယ် ကတိုက်ကလေးကျေးရွာ အဝင်လမ်းကို ဂဝံမြေနီလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းကျင်းနေမှု ပြီးစီးနေပြီဖြစ်၍ ယခုအခါ ကျေးလက်နေပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ပြီဖြစ်သည်။ “မိုးအခါမှာ ရွာသူ ရွာသားတွေနဲ့ လယ်သမားတွေ အဆင်ပြေပြေ သွားလာနိုင်ဖို့အတွက်ပါ။ ကတိုက်ကလေးကျေးရွာအပြင် ခနောကတိုက်၊ တောကြီး၊ သောင်ကြီး ကျေးရွာတွေက အိမ်ထောင်စု ၇၀၀၀ ကျော်နဲ့အောက်ကွင်း လယ်ယာမြေဧက ၂၀၀၀၀ လောက်က လယ်သမားတွေက ဒီလမ်းကို အဓိက အားထားနေရတာ ဖြစ်ပါတယ်” ဟု ကတိုက်ကလေးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်အောင်က ပြောသည်။

ကျိုက္ကော်-မရမ်းကုန်းကတ္တရာလမ်း၊ ညောင်လေးပင်လမ်းဆုံမှ ကတိုက်ကလေးကျေးရွာအထိ လမ်းအရှည် တစ်မိုင်၊ ဂဝံမြေသားထု ခြောက်လက်မနှင့် လမ်းအကျယ် ၁၂ ပေရှိသည့် အဆိုပါဂဝံလမ်းကို မွန်ပြည်နယ်အစိုးရ၏ ဒေသဖွံ့ဖြိုးရေးထောက်ပံ့ငွေကျပ် ၁၀၇ သိန်းဖြင့် ခင်းကျင်းခဲ့ခြင်းဖြစ်ပြီး ယခင်က မြေသားလမ်းမှာ ချိုင့်ခွက်များဖြင့် ပြည့်နေသောကြောင့် စက်ဘီး၊ ဆိုင်ကယ်နှင့် အခြားယာဉ်များ မကြာခဏ ပျက်စီးရကာ မိုးအခါ သွားလာရန်ခက်ခဲကြောင်း၊ ယခုကဲ့သို့ ကျေးလက်နေပြည်သူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ဒေသခံရွာသားတစ်ဦးက ပြောသည်။

သက်ဦး(သထုံ)

မိုးသက်လေပြင်းတိုက်ခတ်၊ မိုးသီးကြွေ၊ သစ်ပင်ပြိုလဲမှုများ အမရပူရမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ဖြစ်ပွား

မြစ်ငယ် မေ ၇

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်များတွင် မေ ၇ ရက် ည ၇ နာရီက မိုးသီးများနှင့် မိုးသက်လေပြင်းပါ တိုက်ခတ်ရာ ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ရှိ တောင်မြင့်ရပ်ကွက်၌ သစ်ပင်ကြီးမှာ လဲပြိုကျပြီး ကားလမ်းပိတ်သွားခဲ့သည်။

အလားတူ အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာတွင် ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ရှိ ဆမ်ဆောင်းကြော်ငြာဆိုင်းဘုတ်မှာ ကားလမ်းအနီးပြိုကျ ပျက်စီးသွားခဲ့သည်။

အမရပူရမြို့နယ် မြစ်ငယ်မြို့တွင်လည်း သစ်ပင်များကျိုးကျခဲ့သည်။

မောင်မောင်စိုး(မြစ်ငယ်)

ဥတုရာသီ

တောကိုမှီ၏

ဝန်ထမ်းအမြန်အလိုရှိသည်

Citicom Company Limited

၁။ Accountant

၂။ Service Technician

၃။ Marketing Executive

၄။ Sales Staff

၅။ Delivery

E-mail: citicom.hara@gmail.com

မွေးနေ့ဆုတောင်း

၈-၅-၂၀၁၄ ရက်တွင် ကျရောက်သော သမီးလေး မယ်ဥက္ကာဆန်းလွင်၏ (၉)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးနိုင်သည့် သမီးကောင်းရတနာလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဖေဖေ-ဒုတိယဗိုလ်မှူးကြီးအောင်ဆန်းလွင်
မေမေ-ဒေါ်မေသန္တာမြင့်

ဆေးလိပ်သောက်ခွင့်၊ မသောက်ခွင့်နေရာ မကွေးပြည်သူ့ဆေးရုံတွင် ဗီနိုင်းပိုစတာထားရှိ

မကွေး မေ ၇

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံအတွင်းဆောင်များနှင့်အဆောင်ပြင်ပနေရာများတွင် ကျန်းမာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဆေးရုံအတွင်းဆောင်များနှင့်ပြင်ပနေရာများ၌ ဆေးလိပ်သောက်ခွင့်၊ မသောက်ခွင့်နေရာများ သတ်မှတ်၍ ဗီနိုင်းပိုစတာများထားရှိ ချိတ်ဆွဲထားကြောင်းသိရသည်။ တိုင်းဒေသကြီးအစိုးရပ်နှင့်အညီ သန့်ရှင်းလှပစေရန် ဆေးရုံအတွင်းဆောင်များဖြစ်သော အရိုးအကြောဆောင်၊ ဖျားနာဆောင် ၁/၂ ခွဲစိတ်ဆောင် ၁/၂ (OG) ဆောင်၊ ကလေးဆောင်၊ မျက်စိဆောင်၊ အခြားအတွင်းဆောင်များနှင့် အရေးပေါ်ကုသဆောင်အတွင်းနေရာများကို ဆေးလိပ်သောက်ခွင့်မရှိသောနေရာဖြစ်ကြောင်း ဗီနိုင်းပိုစတာ ၂၅ ခု၊ ဆေးရုံပြင်ပနှင့်သစ်ပင်အောက်တို့တွင် ဗီနိုင်းပိုစတာ ၂၅ ခုတို့ဖြင့် ဆေးလိပ်သောက်ခွင့်ရှိသောနေရာများ သတ်မှတ်ပြီး စုစုပေါင်း ဗီနိုင်းပိုစတာ ၅၀ ချိတ်ဆွဲထားကြောင်း သိရသည်။

"ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီးမှာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့အညီ မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်က လာရောက်ဆေးကုသတဲ့လူနာတွေ စိတ်ချမ်းမြေ့စေရန် ဆေးရုံအတွင်းဆောင်တွေမှာ ဆေးလိပ်သောက်ခွင့်မရှိ ပိုစတာတွေနဲ့ ဆေးရုံနဲ့ လွတ်ကင်းရာပြင်ပနေရာတွေ၊

သစ်ပင်အောက်တွေမှာ ဆေးလိပ်သောက်ရန်ခွင့်ပြုပိုစတာတွေ ချိတ်ဆွဲတပ်ဆင်ပြီးစီးပါပြီ။ (အပေါ်ပုံ) နိုင်ငံတော်ကလည်း ဆေးရုံအတွက် လိုအပ်ချက် တွေကို အကောင်အထည်ဖော်ဆောင်ပေးနေတော့ အခုဆို အရေးပေါ်လူနာတွေ မန္တလေး၊ ရန်ကုန်နဲ့ နေပြည်တော်ကိုသွားကုဖို့တောင် နိုင်ငံတော်က ပံ့ပိုးပေး နေပါတယ်"ဟု မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူ တစ်ဦးက ပြောပြသည်။

(ဒွေးထက်ရှင်)

အများပြည်သူ၏ အကြံဉာဏ်တောင်းခံ

နေပြည်တော် မေ ၇

မိုဘိုင်းအော်ပရေတာများမှ SIM Card များရောင်းချရာတွင် ကျင့်သုံးရမည့် Code of Practice အပေါ် အများပြည်သူ၏ အကြံဉာဏ်တောင်းခံသည့် Public Consultation ကို မေ ၅ ရက်မှ ၁၉ ရက် ညနေ ၄ နာရီခွဲထိ ပြုလုပ်သွားမည်ဖြစ်သည်။ Consultation Document အား www.mcit.gov.mm website တွင် ရယူနိုင်ကြောင်းသိရသည်။

(ဆက်သွယ်ရေး)

တောင်ငူတွင် ကလေးငယ်ရှစ်ဦးနှင့် လူငယ်တစ်ဦး အစာအဆိပ်သင့်

တောင်ငူ မေ ၇

မေ ၅ ရက် ညနေ ၅ နာရီခွဲတွင် တောင်ငူမြို့ ထီးလှိုင်(၁)ရပ်ကွက် သိမ်တော်လှဘုရားလမ်းတွင် ရပ်ကွက်အတွင်း လှည့်လည်ရောင်းချသော ဒံပေါက်ဝယ်စားရာမှ ကလေးငယ်ရှစ်ဦးနှင့် (၁၅)နှစ်အရွယ် လူငယ်တစ်ဦး အစာအဆိပ်သင့်ပြီး အော့အန်၊ ဝမ်းသွား၊ မူးမေ့သတိလစ်သော ဝေဒနာများဖြစ်ပေါ်ခဲ့သောကြောင့် တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်ပို့ဆောင်ကုသပေးခဲ့ရကြောင်း အဆိုပါရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှမြင့်၏ ပြောကြားချက်အရသိရသည်။

ဖြစ်စဉ်မှာ ထီးလှိုင်(၉၁)ရပ်ကွက် နယ်မြေ(၄)နေ အလှူပွဲများတွင် ဒံပေါက်ချက် အဖွဲ့လုပ်သားတစ်ဦးဖြစ်သူ မြင့်ဦး(ခ)သံလုံး (၄၅)နှစ်သည် အလှူပွဲမှကျန်သော ဒံပေါက်ထမင်းများကို ရပ်ကွက်အတွင်းလိုက်လံရောင်းချရာမှ ဝယ်ယူစားသောက်ခဲ့သော ကလေးငယ်များတွင် အစာအဆိပ်သင့်မှုဖြစ်ပွားရခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါကလေးငယ်ရှစ်ဦးနှင့် အသက်(၁၅)နှစ်အရွယ်လူငယ်တို့ကို တောင်ငူခရိုင်ဆေးရုံကြီး ကလေးအထူးကုသဆောင်နှင့် ဖျားနာဆောင်တွင် အထူးကြပ်မတ်ကုသပေးခဲ့သောကြောင့် လက်ရှိအခြေအနေတွင် မစိုးရိမ်ရအခြေအနေရှိသော်လည်း စောင့်ကြည့်ကုသပေးလျက်ရှိပြီး အစာအဆိပ်သင့်ရသည့် အကြောင်းအရင်းအား သက်ဆိုင်ရာကျန်းမာရေးအဖွဲ့အစည်းများက အသေးစိတ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း တောင်ငူခရိုင်ဆေးရုံလက်ထောက်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သီတာစိုးက ပြောကြားသည်။

ကျော်စွာ(တောင်ငူ)

ဟုမ္မလင်းမြို့နယ်တွင် မိုးသက်လေပြင်းတိုက်ခတ် လူတစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

ဟုမ္မလင်း မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်တွင် မေ ၄ ရက် ညနေ ၆ နာရီက တစ်နာရီကျော်မျှ မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့ရာ တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကာ လူနေအိမ် အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း မြို့နယ်ထွေ/အုပ်ရုံးမှ သိရသည်။

"နမ့်တောရွာမှာက အဆောက်အအုံအပျက်အစီးများတယ်။ လောင်ဖောင်ကျေးရွာဘက်မှာက တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ပါတယ်"ဟု နမ့်တောကျေးရွာမှ ကိုအောင်ချိုက ပြောပြသည်။

အဆိုပါ မိုးသက်လေပြင်းကျရောက်ခဲ့မှုကြောင့် လောင်ဖောင်ကျေးရွာ ရွာဦးနတ်စင်ရှေ့အနီးရှိ မုံရွာမြို့ သလ္လာအမှတ်(၁)ရပ်ကွက်နေ ကိုအောင်သူထွန်း၏ တွင်ခုံလုပ်ငန်းအလုပ်ရုံတဲပေါ်သို့ လုံးပတ် ၁၀ ပေ အရွယ်ရှိ သရက်ပင်ကြီးကျိုးခဲ့သဖြင့် တွင်ခုံလုပ်သားများထိခိုက်ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

"တွင်ခုံအလုပ်ရုံထဲမှာ ပစ္စည်းသိမ်းဖို့ရောက်နေတဲ့ တွင်ခုံလုပ်သား မောင်ချစ်စန်းကို အသက်(၁၅)နှစ်တွင် ဦးခေါင်းထိပ်ဒဏ်ရာ တစ်ချက်၊ ဝဲဘက်ခြေမျက်စိအထက် ဖူးယောင်ညိုမဲဒဏ်ရာများ ရရှိခဲ့ပါတယ်။ ကိုသိဟကျော်(၂၀)နှစ်တွင် ဝမ်းဗိုက်အောင့် နာကျင်ဒဏ်ရာ၊ မင်းမောင်စိုး (၁၄)နှစ်တွင် ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာ၊ ဝဲဘက်ခြေသလုံးရိုးကျိုး ဒဏ်ရာနဲ့ သေဆုံးသွားခဲ့ပါတယ်"ဟု မိုင်းကိုင်း နယ်မြေရဲစခန်းမှ အတည်ပြုပြောကြားချက်အရ သိရသည်။

အဆိုပါ မိုးသက်လေပြင်းကျစဉ် နမ့်တောကျေးရွာရှိ တိုက်နယ်ပြည်သူ့ဆေးရုံ၌ တပ်ဆင်ထားသော ဆိုလာပြားစင်ပြိုကျပျက်စီးခဲ့သည်။ ထို့ပြင် မိုင်းကိုင်းရဲစခန်းဝင်းအတွင်းရှိ ရဲတပ်ဖွဲ့ဝင်များနေထိုင်သည့် လိုင်းခန်းအချို့ အမိုးများ ပြုတ်ထွက်ပျက်စီးခဲ့ပြီး ကျေးရွာအတွင်းမှ လူနေအိမ်ငါးလုံးမှာလည်း အမိုးများပျက်စီးခဲ့ကြောင်း သိရသည်။

(တိုးတိုးဝင်း)

ကဗျာလွတ်အကသင်တန်း ညောင်တုန်း၌ ဖွင့်လှစ်

ညောင်တုန်း မေ ၇

မြန်မာအမျိုးသားယဉ်ကျေးမှုများ မပျောက်ပျက်စေရေး၊ ကျောင်းသားလူငယ်များအား အနောက်တိုင်းယဉ်ကျေးမှု မလွှမ်းမိုးစေရေးနှင့်မြန်မာ့အက အနုပညာယဉ်ကျေးမှုများကို ကျောင်းသားလူငယ်များ သိရှိလာစေရန် ရည်ရွယ်ချက်ဖြင့်ဖွင့်လှစ်သည့် အခြေခံပညာ မြို့ပေါ်အုပ်စု အကသင်တန်း ဖွင့်ပွဲအခမ်းအနားကို ညောင်တုန်းမြို့တွင် မေ ၆ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာကျောင်း၌ ကျင်းပသည်။

အဆိုပါ သင်တန်းသို့ ဗဟိုသင်တန်းနည်းပြဆရာမများက ပို့ချသင်ကြားပေးပြီး သင်တန်းသား ၄၈ ဦးတက်ရောက်လျက်ရှိသည်။ သင်တန်းကာလမှာ မေ ၆ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းကျော်(ညောင်တုန်း)

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (တန်ဖိုးမြင့်ထုတ်ကုန်ထုံးချွန်ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု)ကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ၃-၅-၂၀၁၄ရက် နေပြည်တော်တွင် ဦးခင်မြင့်မောင်(ဥက္ကဋ္ဌ၊ Myanmar BELLE GROUP)အား ချီးမြှင့်ပေးအပ်ခဲ့သည့်အတွက် မိသားစုနှင့်အတူ လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံ့အကျိုးကိုဆတက်ထမ်းပိုးစွမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးမြသိန်း၏ကိုယ်ရေးအရာရှိ
ဦးအောင်ဇော်ဦး-ဒေါ်စန်းယုဝေ(ပြည်)





မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးထွန်းဦးနောင်-ဒေါ်ရီရီဝင်းတို့၏သားကြီး
ဗိုလ်ကြီး ဟိန်းထွဋ်နောင်
B.Sc (Physics) (D.S.A)
နှင့်
ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးဝင်းကို(တပ်မတော်-လေ)-ဒေါ်ချိုချိုဦးတို့၏သမီးကြီး
ဒေါက်တာ စုမြတ်ကို
M.B.,B.S (YGN)

တို့၏ ၁-၅-၂၀၁၄ရက်တွင် အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒဂုံ(မြောက်) တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်မြတ်မိုင်ဝင်း၊ ၁-၅-၂၀၁၄ရက်တွင် စော်ဘွားကြီးကုန်း၊ အသောကာရုံရွှေကျောင်းတိုက် မင်္ဂလာဉီးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ၃-၅-၂၀၁၄ရက်တွင် ရန်ကုန်မြို့Sedona Hotel (Grand Ball Room) ခန်းမ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများချီးမြှင့်ပေးပါသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သရေစည်သူ ဦးမြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ မင်္ဂလာပွဲသို့ ကိုယ်တိုင် ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေး ဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ခင်အောင်မြင့်နှင့်ဇနီး ဒေါ်အေးအေးသန်း၊ ဗိုလ်ချုပ်မြင့်ဆွေ [ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)]နှင့်ဇနီး ဒေါ်မေရီတင်၊ မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ် မြင့်စိုး(ငြိမ်း)နှင့် ဇနီး ဒေါ်မာလာမြင့်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ သူရ(၆၃)ကျောင်းဆင်းအရာရှိ များနှင့်ဇနီးများ၊ မိတ်ဆွေသူငယ်ချင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာ လက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှဇော်၊ မင်္ဂလာအခါတော်ပေး သီချင်းပေးပါသော နိုင်ငံကျော်အဆိုတော် တေးသံရှင် ဒေါ်ရီရီသန့်နှင့်အဖွဲ့၊ မင်္ဂလာ ပန်းများဖြန့်ကြဲပေးပါသော ဒေါက်တာခိုင်မေဇော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော ဒေါက်တာ ဖြူနှင်းခိုင်၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးရဲဝင့်မာန်နှင့် ဗိုလ်ကြီးထက်အောင်၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာ ဖူးပွင့်ကိုနှင့် ဒေါက်တာဆုမွန်ထက် တို့အားလည်းကောင်း၊ မေတ္တာဖြင့် စိန်လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော Seven April ဗိုလ်ချုပ်စျေး၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော Aroma (Zulu Studio)၊ မိတ်ကပ်နှင့် ဆံပင် အလှပြင်ပေးပါသော ခင်စန်းဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် ကိုဇင္ဂတ္တခွာနီးနှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော ဒေါ်စန်းစန်းဝင်းနှင့်အဖွဲ့၊ Pre-Wedding မင်္ဂလာဓာတ်ပုံများ ရိုက်ကူးပေးပါသော Forever Photo Studio၊ မင်္ဂလာဖိတ်စာရိုက်နှိပ် ပေးပါသော Dagon Printing & Invitation Cards၊ Sedona Hotel မှ မန်နေဂျာ မလီလီနှင့် ဝန်ထမ်းများ အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသော ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
ဗိုလ်ကြီး ဟိန်းထွဋ်နောင်-ဒေါက်တာစုမြတ်ကို

ကလေးဝတွင် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး

ကလေး၀၊ မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ ဖွဲ့စည်းရေးနှင့်မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၆ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းဝင်းက မူးယစ်ဆေးဝါးနှင့် မူးယစ်ကျဆင်းရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ကလေးခရိုင်မူးယစ်အထူးအဖွဲ့ ဒုတိယရဲမှူးလှရွှေနှင့် မြို့နယ်တရားသူကြီး ဦးကိုကိုနိုင်တို့က မူးယစ်ဆေးဝါးအကြောင်းနှင့် မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေအကြောင်းများ၊ မြန်မာနိုင်ငံဗဟိုမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း မြို့နယ်အဖွဲ့ ဖွဲ့စည်းနိုင်ရေးနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား(ပြန်/ဆက်)**

ဖြူးမြို့နယ်မှ ဘက်စုံထူးချွန်ကျောင်းသားလေးများ နေရပ်သို့ပြန်လည်ရောက်ရှိ

ဖြူး၊ မေ ၇

၂၀၁၄ ခုနှစ် ဘက်စုံထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ ကင်းထောက်လူငယ်များ၊ ထူးချွန် ကြက်ခြေနီမောင်မယ်များအား မိမိတို့နေရပ်သို့ အပြန်ခရီးတွင် နေပြည်တော်ဘူတာမှ အထူးအစုန်ရထားဖြင့် မေ ၅ ရက် နံနက်က ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းကိုယ်တိုင်ကြီးကြပ်စောင့်ရှောက် ၍ ဘူတာစဥ်လိုက် လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြူးမြို့နယ်မှ ရွေးချယ်ခံရသော ဘက်စုံထူးချွန် လူရည်ချွန် ဖြူး အထက (၂) အဌမတန်းမှ မောင်ညီညီဇော်၊ ညောင်ပင်သာ အထက (အဌမတန်း) မှ မဆုပြည့်စံသာ၊ နဝမတန်းမှ မောင်ပြည့်မင်းထက်၊ ကညွတ်ကွင်း အထက ဒသမတန်းမှ မခိုင်ငြိမ်းချမ်းနှင့် ကြီးကြပ်သူ ညောင်ပင်သာ အထက ဆရာဦးသီမိုးတို့သည် ဖြူးဘူတာရုံသို့ မေ ၅ ရက် မွန်းတည့် ၁၂ နာရီ ၂၀ မိနစ်တွင် မီးရထားဖြင့် ဆိုက်ရောက်လာကြသည်။

ဖြူးဘူတာရုံမှ ဘက်စုံထူးချွန်ဆုရွေးချယ်ခံရသော ဖြူးအမှတ်(၂) အထက၊ ညောင်ပင်သာ အထက၊ ကညွတ်ကွင်း အထကတို့မှ ဆရာဆရာမများ၊ မီးရထား တိုင်းအမှတ် (၆) လက်ထောက်မန်နေဂျာ ဦးပန်းစိန်၊ ရုံပိုင်ကြီး ဦးမောင်ဌေးနှင့် ဘူတာရုံဝန်ထမ်းများက အိုးစည်ဒိုးပတ်အကအခုန်များဖြင့် စည်ကားစွာ ဘက်စုံထူးချွန် ဆုရကျောင်းသား၊ ကျောင်းသူ လေးဦးတို့အား ကြိုဆိုကြကြောင်း သိရသည်။ **မြင့်ဦး(ဖြူး)**

တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၏ လမ်းညွှန်မှုဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ပညာရေးမှူးရုံး၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတို့မှ ဦးစီးကျင်းပ၍ အသက် ၁၃ နှစ်အောက် အမျိုးသမီး(သက်ငယ်) အေရိုးဗစ်သင်တန်းကို မေ ၅ ရက် နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးသုတေသနခန်းမ(၂)၌ ဖွင့်လှစ်သင်ကြားပေးကြောင်းသိရသည်။ အဆိုပါသင်တန်းသို့ တပ်ကုန်းမြို့နယ်အတွင်းရှိ အထက(၅)ကျောင်း၊ အထကခွဲ(၃)ကျောင်း၊ အလက(၁)ကျောင်းတို့မှ သင်တန်းသူစုစုပေါင်း ၅၅ ဦး တက်ရောက်သင်ကြားပြီး သင်တန်းနည်းပြခုနစ်ဦးဖြင့် သင်တန်းကို မေ ၅ ရက်မှ မေ ၁၉ ရက်ထိ နှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

သတင်းနှင့် ဓာတ်ပုံ - မြို့နယ်(ပြန်/ဆက်)

ချင်းပြည်နယ်၌ ထင်းရှူးဆီစက်ရုံစီမံကိန်း ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်

မင်းတပ်၊ မေ ၇

ချင်းပြည်နယ် (တောင်ပိုင်း) မင်းတပ်ခရိုင်တွင် လွန်ခဲ့သည့်နှစ်နှစ်ခန့်က ခွင့်ပြုမိန့်ကျထားသည့် ထင်းရှူးဆီစက်ရုံစီမံကိန်းကို လာမည့် ၂၀၁၅ ခုနှစ်၌ ထင်းရှူးအောင်ကုမ္ပဏီနှင့် B2 Group Company တို့က တာဝန်ယူ အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထင်းရှူးဆီစက်ရုံစီမံကိန်းအတွက် ဘတ်ဂျက်ငွေ လျာထားမှုမှာလည်း နိုင်ငံခြားပညာရှင်များ၏ သုတေသနပြုချက်မှ ရရှိလာသည့် အချက်များပေါ်မူတည်၍ အတည်ပြုနိုင်မည်ဖြစ်ပြီး လက်ရှိတွင် ထင်းရှူးပင်စိုက်ခင်းများ စိုက်ပျိုးရန်စီစဥ်နေကြောင်းနှင့် ယင်းထင်းရှူးဆီစက်ရုံကို မင်းတပ်ခရိုင်နှင့်ဟားခါး ခရိုင်တို့တွင် တည်ထောင်ခွင့်ပြုထားခြင်းဖြစ်ကြောင်းသိရသည်။

> ချင်းပြည်နယ်အစိုးရကလည်း ထင်းရှူးဆီစက်ရုံ လုပ်ပိုင်ခွင့်ပြု. .

ယင်းစီမံကိန်းအတွက် ထင်းရှူးအောင်ကုမ္ပဏီနှင့် B2 Group Company တို့က စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်သစ်တောဦးစီးဌာနကလည်း ထင်းရှူးပင်စိုက်ခင်းများကို သီမြစ်ဒေသ၊ တီးတိန်မြို့နယ်နှင့် လိုင်ဗားအနီးတစ်ဝိုက်တွင် စိုက်ပျိုးထားကြောင်း သိရသည်။

ချင်းပြည်နယ်အစိုးရကလည်း ထင်းရှူးဆီစက်ရုံ လုပ်ပိုင်ခွင့်ပြုထားသည့် ထင်းရှူးအောင်ကုမ္ပဏီနှင့် B2 Group ကုမ္ပဏီများကိုလည်း ထင်းရှူးစိုက်ခင်းများစိုက် ပျိုးကြရန် တိုက်တွန်းထားကြောင်း ချင်းဝေါလ်မီဒီယာမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။ **ဗိုဟေဆာ(ချင်းတောင်ခြေ)**

သတင်းတို

ဆိုင်ကယ်နှင့်စက်ဘီးတိုက်မိ၍ လူသေဆုံးမှုဖြစ်ပွား

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၌ မေ ၄ ရက် နံနက် ၇ နာရီခွဲခန့်တွင် ဗိုလ်ချုပ်လမ်းဘက်မှ အောင်ဆန်းရပ်ကွက်၊ ဦးဖိုးလမ်းအတွင်းသို့ ၂၁ နှစ်အရွယ် မိန်းကလေးတစ်ဦးနှင့် ကိုးနှစ်အရွယ်ယောက်ျားလေးတစ်ဦး စီးနင်းလာသောစက်ဘီးနှင့် ဦးဖိုးခလမ်းမှ ဗိုလ်ချုပ်လမ်းဘက်သို့ မောင်အာမင်း ၂၉ နှစ် မောင်းနှင်၍ မောင်ခင်ဝင်းစီးနင်းလာသော Stream110 အနက်ရောင် ဆိုင်ကယ်တို့သည် ဧရာမင်းခန်းမ ရှေ့တွင် မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့သည်။ စက်ဘီးနင်းသူမိန်းကလေးမှာဝဲဘက်တွင်ဂျိုစောင်းဖူးရောင်ဒဏ်ရာ တစ်ချက်၊ ဝဲဘက်နား သွေးထွက်ဒဏ်ရာ တစ်ချက်နှင့် ယောက်ျားလေးတွင် ယာမျက်လုံးအောက် ပါးရိုးပေါ်တွင် ဖူးရောင်ညိုမဲဒဏ်ရာ၊ တံတောင်ဆစ်နှင့် ဝဲဘက်ဒူးတို့တွင် ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့ပြီး မြို့နယ်ပြည်သူ့ဆေးရုံမှ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့ တင်ပို့ခဲ့ရာ မေ ၅ ရက် နံနက် ၂ နာရီခွဲတွင် သေဆုံးသွားခဲ့၍ ဆိုင်ကယ်မောင်းသူ အာမင်း ၂၉ နှစ်၊ ဆိုင်ကယ်ပြင် တေဇ(၁)လမ်းနေသူအား ကျုံပျော်မြို့နယ် မြို့မရဲစခန်းက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၇၉/၃၃၈ မှ ၃၀၄ (က)ဖြင့် အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(က)
(ခ)
(ဂ)

နေကြည်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(က) RCC
(ခ) RCC

အသိပေးကြေညာချက်

M.V LORETO V.L 1409 ... ORIGINAL BILL OF LADING ...

ပျောက်ဆုံးကြောင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၂၀၁၄ ခုနှစ် ဧပြီလအတွင်း ပုဂံဒေသသို့ ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ အနည်းဆုံးဖြစ်သော်လည်း ယခင်နှစ် ဧပြီလထက် လူဦးရေတစ်ထောင်နီးပါးပို

ရန်ကုန်၊ မေ ၇

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ယခုနှစ်လေးလအတွင်း ပြည်ပခရီးသည်ဝင်ရောက်မှုမှာ ဧပြီလအတွင်း အနည်းဆုံးဝင်ရောက်မှုဖြစ်သော်လည်း ၂၀၁၃ ခုနှစ် ဧပြီလထက် ပြည်ပခရီးသည်ဝင်ရောက်မှု လူဦးရေတစ်ထောင်နီးပါး ပိုမိုများပြားလာကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၃ ခုနှစ် တစ်နှစ်ပတ်လုံးတွင် ပုဂံဒေသသို့ ပြည်ပခရီးသည်ဝင်ရောက်မှုမှာ ၁၉၈၀၀၀ ကျော်ရှိခဲ့ပြီး ယခုနှစ်လေးလအတွင်း လာရောက်လည်ပတ်သူ ၉၀၀၀၀ ကျော်သွားပြီဖြစ်သဖြင့် မိုးရာသီအကုန် လာမည့် ပွင့်လင်းရာသီဖြစ်သော ခရီးသွားရာသီသစ်ရောက်ရှိခဲ့ပါက ပြည်ပခရီးသည် ဝင်ရောက်မှုမှာ ပိုမိုများပြားလာနိုင်ကြောင်း ၎င်းကဆက် လက်ပြောသည်။

ယခုနှစ်မိုးအကုန် ပွင့်လင်းရာသီတွင် ယခင်နှစ်ထက် ၅၀ ရာခိုင်နှုန်းပိုများလာနိုင်သည်ဟု ၎င်းကမျှော်မှန်းထားကြောင်းလည်း သိရသည်။

“ဧပြီလကုန်ထိလာတဲ့ ပြည်ပဧည့်သည်ဝင်ရောက်မှုက ခုနှစ်ထောင့်ကိုးရာကျော် ရှစ်ထောင်ပြည့်ဖို့ ဆယ်ဂဏန်းလောက်ပဲ လိုတာပါ။ ဒီလကရာသီဥတုပူပြင်းတာရယ်၊ ခရီးသွားရာသီရဲ့ ကုန်ဆုံးချိန်ဖြစ်နေတာရယ်ကြောင့် နည်းသွားပါတယ်။ ပြည်ပခရီးသည်ဝင်ရောက်မှု ကျလာတယ်ဆိုပေမယ့် အရင်နှစ် ဧပြီလထက်တော့ တစ်ထောင်လောက် ပိုများလာပါတယ်” ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ပုဂံဒေသတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးတင့်ဝေက ပြောသည်။

“ခရီးသွားဧည့်သည်ဝင်ရောက်မှုက ကျတယ်ဆိုပေမယ့် ဒီနှစ်က အရင်နှစ်တွေကထက် ပိုများတာ တွေ့ရပါတယ်။ မထင်မှတ်အောင်ဘဲ ပုဂံမှာ မေလရောက်နေတာတောင် တစ်နေ့ကို နှစ်ရာလောက် ဝင်နေဦးမှာပါ။ မေလဟာ ဧည့်သည်တော်တော်ပါးသွားပေမယ့် ဒီနှစ် လေဆိပ်မှာ ဧည့်သည်ကြိုတဲ့ကားတွေ များပါတယ်။ မေလပထမအပတ်မှာ ဂျပန်နိုင်ငံမှာ Holiday ဖြစ်လို့ ဂျပန်ဧည့်သည်တွေ အရမ်းများပါတယ်။ ဒီပုံစံနဲ့သွားမယ်ဆိုရင် ဒီနှစ် ပြည်ပဧည့်သည်ဝင်ရောက်မှုက သုံးသန်းနီးပါးရှိနိုင်ပါတယ်” ဟု မြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်းဥက္ကဋ္ဌဖြစ်သူ ဦးဇော်ဝင်းချိုက ပြောသည်။

လက်ရှိပုဂံဒေသတွင် ၂၀၁၄ ခုနှစ်အတွင်း ပြည်ပဧည့်သည်ဝင်ရောက်မှုမှာ ဇန်နဝါရီလတွင် ၂၉၆၀၀ ကျော်၊ ဖေဖော်ဝါရီလတွင် သုံးသောင်းကျော်၊ မတ်လတွင် ၁၉၈၀၀ ကျော်နှင့် ဧပြီလတွင် ၇၉၀၀ ကျော်ရှိခဲ့ပြီး ဧပြီလသည် ပြည်ပဧည့်သည်ဝင်ရောက်မှု အနည်းဆုံးလဖြစ်ခဲ့ကြောင်း သိရသည်။

စိုးအောင်ဖေ

မန္တလေးအားကာသိပ္ပံ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် သင်တန်းသားသစ်များ မိတ္ထီလာတွင် လာရောက်ရွေးချယ်

မန္တလေး၊ မေ ၇

အားကစားနှင့်ကာယသိပ္ပံပညာဦးစီးဌာန၊ အားကစားနှင့်ပညာရေးပေါင်းစပ်လေ့ကျင့်ရေးသင်တန်းကျောင်း၊ မန္တလေးအားကာသိပ္ပံ၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် သင်တန်းသားသစ်များကို မေ ၆ ရက် နံနက် ၈ နာရီက မိတ္ထီလာမြို့ ခရိုင်အားကစားကွင်းတွင် လာရောက်ရွေးချယ်ကြောင်း ခရိုင်အား/ကာဦးစီးမှူး ဦးဝင်းမောင်က ပြောသည်။

မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်အတွင်း မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်၊ မြင်းခြံ၊ တောင်သာ၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ်များမှ ကျောင်းသားကျောင်းသူများ လာရောက်အရွေးချယ်ခံခဲ့ကြောင်း သိရသည်။

‘‘အသက် ၁၃ နှစ်နဲ့ ၁၅ နှစ်အကြား ကျောင်းသားကျောင်းသူ လူငယ်များကို လာမယ့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် သင်တန်းသားလာရောက်ရွေးချယ်တာ။ ခရိုင်သုံးခုက လူငယ် ၉၃ ဦး လာရောက်အရွေးချယ်ခံပေမယ့် အဌမတန်း၊ နဝမတန်း ကျောင်းသား ကျောင်းသူများကို အဓိကရွေးချယ်မှာဖြစ်တဲ့အတွက် ၆၅ ဦးပဲ အရွေးချယ်ခံဖို့ ကျန်ရှိပါတယ်။ အဲဒီ ၆၅ ဦးမှာ အမျိုးသားလူငယ် ၅၃ ဦး၊ အမျိုးသမီးလူငယ် ၁၂ ဦး ပါဝင်ပါတယ်။ သူတို့ကို မန္တလေးအားကာသိပ္ပံကျောင်းအုပ်ကြီး ဦးသိန်းထွန်းလတ် (ညွှန်ကြားရေးမှူး)ဦးဆောင်တဲ့ သင်တန်းသားရွေးချယ်ရေးအဖွဲ့က ကိုယ်ကာယကြံ့ခိုင်မှု၊ ကျန်းမာရေးကောင်းမွန်မှုစတဲ့ အရည်အချင်းတွေကို စစ်ဆေး ရွေးချယ်တာပါ” ဟု ဦးဝင်းမောင်က ပြောသည်။

သင်တန်းသားသစ်အဖြစ် ရွေးချယ်ခံရသူ လူငယ်များအနေဖြင့် ၎င်းတို့နှင့် သင့်လျော်သည့် အားကစားပညာများကို ပညာရေးသင်ကြားမှု မပျက်စေဘဲ မန္တလေးအားကစားနှင့် ပညာရေးလေ့ကျင့်ရေးသင်တန်းကျောင်းတွင် အထက်မြန်မာပြည်မှ တခြားအရွေးချယ်ခံရသည့် လူငယ်များနည်းတူ လေ့ကျင့်သင်ယူခွင့်ရရှိမည်ဖြစ်ပြီး နောင်တစ်ချိန်တွင် အားကစားဖြင့် နိုင်ငံဂုဏ်ဆောင်နိုင်မည့် မျိုးဆက်သစ်အားကစားသမားကောင်းများ ဖြစ်လာမည် ဖြစ်သည်။

ချမ်းသာ(မိတ္ထီလာ)

သတင်းတိုများ

ဣန္ဒဝံသာရာမကျောင်းတိုက်တွင် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း စာမေးပွဲကျင်းပ

ပုသိမ်ခရိုင်၊ ရွှေသောင်ယံမြို့နယ်ခွဲ အမှတ်(၁)ရပ်ကွက် ဣန္ဒဝံသာရာမကျောင်းတိုက်တွင် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း စာမေးပွဲဖြေဆိုခြင်းကို မေ ၄ ရက် မွန်းလွဲ ၁ နာရီက ဣန္ဒဝံသာရာမ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ စာမေးပွဲတွင် ကျောင်းသူ၊ ကျောင်းသား ၂၀ ဦး ဖြေဆိုပြီး အဆိုပါ ဆုရရှိသူများအား မေ ၁၃ ရက် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်နှင့်အတူ ဆုပေးပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိသည်။ ၎င်းသင်တန်းကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တဣန္ဒဝံသဆရာတော်ဘုရားကြီး၏ မိန့်ကြားလမ်းညွှန်မှုဖြင့် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တရဋ္ဌသာရက ကြီးမှူးဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ **မြို့နယ်ခွဲ(ပြန်/ဆက်)**

မင်းကင်းမြို့နယ်တွင် ကျန်းမာဖွံ့ဖြိုးရေးစီမံချက်အရ ကာကွယ်ဆေးခုနစ်မျိုး ထိုးနှံပေး

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၊ မင်းကင်းမြို့နယ်တွင် အမျိုးသမီးနှင့်ကလေး ကျန်းမာဖွံ့ဖြိုးရေးစီမံချက်အရ မေ ၂ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သည် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် လိုက်ပါပူးပေါင်းကူညီလျက် မြို့ပေါ်ရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ၌ တစ်ပြိုင်တည်း ကာကွယ်ဆေးခုနစ်မျိုး ထိုးနှံပေးခဲ့ကြောင်းသိရသည်။ အဆိုပါကာကွယ်ဆေးကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၀ တို့တွင် ကာကွယ်ဆေးများ တစ်ပြိုင်တည်း ထိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

ချင်းတွင်းသား(ပြန်ဆက်)

ပျောက်ဆုံး

[illegible]

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

[illegible]

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	
(က)	ဘိလပ်မြေ	[illegible]	အိတ်
(ခ)	သံ	[illegible]	[illegible]
(ဂ)	[illegible]	[illegible]	[illegible]
(ဃ)	[illegible]	[illegible]	[illegible]
(င)	[illegible]	[illegible]	[illegible]
(စ)	[illegible]	[illegible]	[illegible]
(ဆ)	Guard Rail (4mm)	[illegible]	[illegible]

[illegible]

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အဆိုပြုတင်ဒါခေါ်ယူခြင်း

[illegible]

အမှားပြင်ဆင်ခြင်း

[illegible]

O.T.S(45) နှစ်ပတ်လည်တွေ့ဆုံပွဲ

O.T.S(45) ကျောင်းဆင်းအရာရှိများနှင့် ဇနီးများ၊ ကျဆုံး/ကွယ်လွန်ခဲ့ပြီးသော အရာရှိများ၏ဇနီးများ၊ နှစ်ပတ်လည်တွေ့ဆုံပွဲကို ၂-၆-၂၀၁၄ ရက် နံနက် ၉း၀၀ နာရီ ရွှေယံတော်မြတ်လမ်း၊ “အပြည်ပြည်ဆိုင်ရာ ခေတ်ရေစီးဗုဒ္ဓ သာသနာပြုတက္ကသိုလ်”ခန်းမနှင့် ညနေ ၁၈း၀၀ နာရီ ကန်တော်ကြီးဝင်းအတွင်း ယောမြိုင်ကျွန်း "Western Park Royal" တွင် ပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆရာရှင်မင်း (B.A)

[illegible]

ရတနာပုံတက္ကသိုလ်တွင် စာကြည့်တိုက်နှင့် သုတပညာမဟာဘွဲ့သင်တန်းဖွင့်လှစ်မည်

မန္တလေး၊ မေ ၇

၂၀၁၄ ခုနှစ် ဇွန်လတွင် ရတနာပုံတက္ကသိုလ်၌ စာကြည့်တိုက်နှင့် သုတပညာ ပထမနှစ် မဟာဝိဇ္ဇာဘွဲ့ သင်တန်းဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

တက္ကသိုလ်တစ်ခုခုမှ စာကြည့်တိုက်နှင့် သုတပညာဂုဏ်ထူးတန်းဘွဲ့ကို ဒုတိယအဆင့်ဖြင့် အောင်မြင်သူများ၊ စာကြည့်တိုက်နှင့် သုတပညာဘွဲ့လွန်ဒီပလိုမာသင်တန်း တက်ရောက်ပြီးသူများ ဖြစ်ရမည်ဖြစ်ပြီး မဟာသင်တန်းတက်ရောက်ရန် အဆင့်မီသူများ ဖြစ်ရမည်ဖြစ်သည်။

မဟာဘွဲ့သင်တန်းတက်ရောက်လိုသူများသည် မေ ၂၃ ရက်နောက်ဆုံးထား၍လျှောက်ထားရမည်ဖြစ်သည်။ စာကြည့်တိုက်နှင့် သုတပညာဒီပလိုမာဘွဲ့ရရှိသူများသည် ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

သီပေါ ရွှေကျောင်းရပ်ကွက်၌ မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွား

သီပေါ၊ မေ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့၊ ရွှေကျောင်းရပ်ကွက် ရွှေကျောင်းဘုန်းတော်ကြီးကျောင်း တောင်ဘက် ဒေါ်လှလှဝင်းနေအိမ်မှ မေ ၅ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က မီးဖိုချောင် မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားရာ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းအိမ်တစ်ဆောင်လုံး မီးလောင်ကျွမ်းဆုံးရှုံးသွားကြောင်းသိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် ဒေသခံများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်းနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်လေးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် အခြားသောနေအိမ်အဆောက်အအုံများသို့ မီးကူးစက်လောင်ကျွမ်းခြင်းမရှိဘဲ နံနက် ၁၁ နာရီကျော်တွင် မီးညွှန့်ကျိုးသွားသည်။ မီးလောင်မှုနှင့်ပတ်သက်၍ သီပေါရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

rlbaqp;unfwlfESifhSvyfef ausmif;om;ausmif;olrsm; pwdif;m;

ပျဉ်းမနား၊ မေ ၇

နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (တိုင်းရုံး)သည် မြို့ပေါ်နေပြည်သူများနှင့် ကျေးလက်ဒေသနေပြည်သူများ စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် စာဖတ်သည့်အလေ့အထများ ဖြစ်ပေါ်စေရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးခိုင်နှင့် ဝန်ထမ်းများသည် မေ ၃ ရက် နံနက် ၁၀ နာရီက ပျဉ်းမနားမြို့ တောင်ဘက်၊ ပျဉ်မနားဟောင်းအုပ်စု ကြို့ပင်အလယ်ကျေးရွာရှိ 'ရောင်ခြည်ဦး' စာကြည့်တိုက်သို့ ကွင်းဆင်း၍ မိုဘိုင်းစာကြည့်တိုက်နှင့် စာငှားလုပ်ငန်း ဆောင်ရွက်ခဲ့သည်။

အဆိုပါကျေးရွာအတွင်းရှိ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၅၀ ခန့် စာပေဗဟုသုတရရှိရန် လာရောက်ဖတ်ရှုကြကြောင်းနှင့် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျန်ရှိသောကျေးရွာများသို့လည်း အပတ်စဉ် မိုဘိုင်းစာကြည့်တိုက်နှင့် စာငှားလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးခိုင်မှ ပြောကြားသည်။

သူဇာလှိုင်(စက်မှု)

အိမ်အကူလုပ်ရန်သွားသော သမီးအား နှစ်နှစ်ကြာမှ တရုတ်ဇနီးအဖြစ် ရောင်းစားခြင်းခံရကြောင်းသိရ

ပန်းတနော်၊ မေ ၇

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ အမျိုးသမီးတစ်ဦးအား မူဆယ်မြို့တွင် အိမ်အကူအလုပ်ရမည်ဟု ပြောဆိုခေါ်ဆောင်သွားရာမှ မိဘများနှင့်အဆက်အသွယ်မရဘဲ နှစ်နှစ်ခန့်ကြာမှ တရုတ်နိုင်ငံသား၏ ဇနီးအဖြစ် ရောင်းစားခံရသည်ကို သိရ၍ မေ ၁ ရက်က ပန်းတနော်မြို့နယ် အင်းမနယ်မြေရဲစခန်းတွင် လူကုန်ကူးမှုဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

ဖြစ်စဉ်မှာ ၂၀၁၂ ခုနှစ် ဧပြီ ၁၂ ရက်တွင် တစ်ရွာတည်းနေ မနန့်လားရှာနှင့် မနန့်ခင်မာအေးတို့မှ ၎င်းအား မူဆယ်မြို့၌ တစ်လလျှင် ငွေကျပ်လေးသောင်းဖြင့် အိမ်အကူအလုပ်ရမည်ဟု ခေါ်ဆောင်သွားခဲ့ရာမှ မိဘများနှင့်အဆက် အသွယ်မရခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် မတ် ၁၉ ရက်တွင် အဆိုပါအမျိုးသမီးမှ ကျေးရွာရှိ ဖခင်ဖြစ်သူထံ ဖုန်းဖြင့်ဆက်သွယ်၍ ၎င်းအား တရုတ်နိုင်ငံသို့ ခေါ်ဆောင်သွားပြီး တရုတ်နိုင်ငံသားတစ်ဦးထံ တရုတ်ငွေ ယွမ်ငါးသောင်းဖြင့်ရောင်းစားခဲ့ကြောင်းသူမကပြောပြသဖြင့် ဖခင်ဖြစ်သူမှ တရားလိုပြုလုပ်၍တိုင်တန်းခဲ့ရာ အင်းမနယ်မြေရဲစခန်းမှ (ပ)၁၃/၂၀၁၄ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

တရားခံနှစ်ဦးအနက် တရားခံ မနန့်လားရှာ ၄၅ နှစ်မှာ ၂၀၁၃ ခုနှစ်အတွင်းက ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်မှ အမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံတွင် အလုပ်ရမည်ဟု ပြောဆိုခေါ်ဆောင်သွားပြီး တရုတ်နိုင်ငံသားတစ်ဦးနှင့် အဓမ္မလက်ထပ်စေသဖြင့် ၂၀၁၃ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် မူဆယ်မြို့မ ရဲစခန်းမှ (ပ)၁၅၇/၂၀၁၃ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)ဖြင့် အရေးယူခဲ့ပြီး မူဆယ်ခရိုင်တရားရုံးမှ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ချမှတ်ထားသည်။

ပြစ်မှုကျူးလွန်ခံရသူအား ပြန်လည်ကယ်တင်နိုင်ရန် တရုတ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးများနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

မြိုင်မြို့နယ်ယာကြီးပြင်ကျေးရွာတွင် လေးကျွန်းရန်နိုင်နှစ်ထပ်ကျောင်းတော်ကြီးကျောင်းလွှတ်ပူဇာကျင်းပ

မြိုင်၊ မေ ၇

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် တောင်စုံကျေးရွာအုပ်စု ယာကြီးပြင်ကျေးရွာ စကုမော်တိုက်ခွဲ ကျောင်းတိုင်တွင် မေ ၃ ရက် နံနက်ပိုင်းက ကုန်ကျငွေကျပ်သိန်း ၁၅၀၀ ကျော်ရှိသည့် လေးကျွန်းရန်နိုင်တိုက်ကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇာပွဲတော် ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပခဲ့ကြောင်း သိရသည်။

လေးကျွန်းရန်နိုင်တိုက် နှစ်ထပ်ကျောင်းတော်ကြီးကို ၁၃၇၁ ခုနှစ်က စတင်ဆောက်လုပ်ရာ ငါးနှစ်ခန့်ကြာမှ တည်ဆောက်ပြီးစီးခဲ့ပြီး အကျယ်အဝန်းမှာ ၇၂ ပေပတ်လည်ရှိကာ အောက်ထပ်အမြင့် ၁၀ ပေ၊ အပေါ်ထပ်အမြင့် ၁၁ ပေ နှင့် ခြောက်ပေပတ်လည် လှေခါးနှစ်ဖက်ပါ အာစီနှစ်ထပ်ကျောင်းတော်ကြီး ဖြစ်သည်။

အဆိုပါ နှစ်ထပ်ကျောင်းတော်ကြီးကို ရန်ကုန်မြို့နေ ဒေါက်တာဦးဝင်းနိုင်+ဆရာမဒေါ်နီလာ၊ သားမောင်စွမ်းပြည့်ဝင်းမိသားစုက အလှူငွေ ကျပ်သိန်း ၂၀၀၊ ပခုက္ကူမြို့နယ် ကျွန်းဦးကျေးရွာနေ ဦးထွန်းရီ+ဒေါ်အေးကြည်မိသားစုက အလှူငွေကျပ် ၂၇ သိန်းနှင့် ပခုက္ကူမြို့ ဝါးတန်းရပ်ကွက် လွတ်လပ်ရေးလမ်းနေ မာဃကြီးဆန်ရောင်းဝယ်ရေးမှ ဦးရဲတင့်+ဒေါ်ဝေမာမြင့်တို့က ဘုရားခန်းနှင့်ဘုရားပလ္လင်တော်တို့အား မတည်လှူဒါန်းကြပြီး၊ ရပ်ဝေးရပ်နီးမှ အလှူရှင်များ စုပေါင်းလှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

(၅၇၁)

မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား သီပေါ၌ကျင်းပ

သီပေါ၊ မေ ၇

(၆၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနား၌ တပ်မတော်နေ့တွင်ပါဝင်ချီတက်ခဲ့သောမီးသတ်ရဲဘော် ဟိန်းရာဇာအောင်အား မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးတင့်ဇော်ကဂုဏ်ပြုဆုချီးမြှင့်ခဲ့ပြီး စေတနာရှင်များမှလှူဒါန်းသော အပေါ့စားရေစုပ်စက်တစ်လုံးနှင့် ငွေကျပ်ငါးသောင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်းမှ လက်ခံရယူခဲ့သည်။

စိုင်း(သီပေါ)

သုခစုစံ ကုမ္ပဏီ တွင် စင်ကာပူနိုင်ငံ ITE မှ (Low Levy)လက်မှတ်ပေးအပ်သည့် General Fitter သင်တန်း၊
Basic Engineering Course နှင့် (လျှပ်စစ်၊ စက်တပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်)ကျွမ်းကျင် သင်တန်း
တက်လိုသူများ ပြည်တွင်း/ပြည်ပ - အလုပ်အကိုင် ရှာနေသူများ လူကိုယ်တိုင် ခုံစမ်း စာရင်းပေးသွင်းနိုင်ပါပြီ။
Ph:(01) 377343, 377344, 385758, 386877, 392233
Ph:(01) 9648080, Email:thukhasusan2012@gmail.com

THE PoliticS
နိုင်ငံရေးဂျာနယ် No.33
Day to Day, Orange, Capital, City Mart မှာလည်း ရနိုင်ပါသည်။

Myanmar THAMES International
Operation & Management Skills for Managers
2nd Fl, Myaynigone Plaza. Ph: 525971,501450, 706740, 0973147379

ဗဟိုအမျိုးသမီးဆေးရုံ(မန္တလေး)သွေးလှူဘဏ်အတွက် ငွေလှူဒါန်း

မန္တလေး၊ မေ ၇

မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် စေတနာရှင်အလှူရှင်များ စုပေါင်း၍ ဗဟိုအမျိုးသမီးဆေးရုံ(မန္တလေး) သွေးလှူဘဏ်တွင် အသုံးပြုရန် Ultra Low Temperature Freezer စက်၊ Hemocyte Washing Centrifuge စက်နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူရန် အလှူငွေပေးအပ်ပွဲကို မေ ၅ ရက် နံနက် ၉ နာရီက ဗဟိုအမျိုးသမီးဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစီအစဉ်အရ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များကိုယ်စား တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ငွေက အလှူငွေကျပ် ၁၀၈ သိန်းပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းသန်းမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် ဗဟိုအမျိုးသမီးဆေးရုံ သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာရန်နိုင်က စက်ပစ္စည်းများ၏ အသုံးဝင်ပုံနှင့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ Ultra Low Temperature Freezer စက်သည် Fresh Frozen Plasma ဟုခေါ်သော သွေးခဲပစ္စည်းပါဝင်သည့် သွေးရည်ကြည်သိမ်းဆည်းရာတွင် တစ်နှစ်ကြာသည်အထိ သိမ်းဆည်းနိုင်ပြီး Hemocyte Washing Centrifuge စက်သည် သွေးသွင်းကုသရာတွင် လိုအပ်သော ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းဖြစ်ကာ ဗဟိုအမျိုးသမီးဆေးရုံ တက်ရောက်ကုသသော လူနာများအတွက် အကျိုးရှိအသုံးတည့်သော စက်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်နှင့်မြို့နယ် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်း

မန္တလေး၊ မေ ၇

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၅ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

တိုင်းဒေသကြီးဥပဒေချုပ် ဦးရဲအောင်မြင့်က ဥပဒေအရာရှိများ အနေဖြင့် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေလုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို အတိအကျလိုက်နာကျင့်သုံးရန်လိုအပ်ကြောင်း၊ တရားစီရင်ရေးကဏ္ဍတွင် တရားလိုအကျိုးဆောင်များအဖြစ် ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဥပဒေအကြံပေး လုပ်ငန်းများ လုပ်ဆောင်ရာတွင်လည်းကောင်း အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူယုံကြည်ကိုးစားသော ဥပဒေအရာရှိများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ကော်မရှင်အဖွဲ့ခွဲလုပ်ငန်းတာဝန်များကိုလည်း ဥပဒေနှင့်အညီ ကူညီပံ့ပိုးဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားခဲ့သည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို တိုင်းဒေသကြီးဥပဒေအရာရှိ ဦးစိုးနိုင်၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဥပဒေအရာရှိများနှင့် မြို့နယ်ဥပဒေအရာရှိများတက်ရောက်ပြီး စီမံရေးရာ၊ တရားစွဲနှင့်အမှုလိုက်များ ဆွေးနွေးခဲ့သည်။ **သီဟကိုကို(မန္တလေး)**

မန္တလေးတွင် စည်းကမ်းမဲ့မော်တော်ယာဉ်များ ဖမ်းဆီး

မန္တလေး၊ မေ ၇

မန္တလေးတိုင်းဒေသကြီးတွင် စည်းကမ်းမဲ့ယာဉ်များအား ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ဖမ်းဆီးခဲ့ရာ စုစုပေါင်း ယာဉ် ၃၅၅ စီးကို စည်းပင် သာယာရေးဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးရှိ မြို့တွင်းဝင်ရောက်သော သုံးတန်နှင့်အထက် ကုန်တင်ယာဉ်များ၊ အုတ်၊ ထုံး၊ သဲ၊ ကျောက်တင် စည်းကမ်းမဲ့ယာဉ်များအား ဖမ်းဆီးခဲ့ရာ သုံးတန်နှင့်အထက် ကုန်တင်ယာဉ် ၈၀ စီး၊ အုတ်၊ ထုံး၊ သဲ၊ ကျောက်တင် စည်းကမ်းမဲ့ယာဉ် ၅၃ စီး၊ မြို့တွင်း စည်းကမ်းမဲ့ ရပ်တန့်ယာဉ် ၂၁၆ စီး၊ Tow Truck ယာဉ်ဖြင့် ဆွဲယာဉ်ခြောက်စီး စုစုပေါင်း ယာဉ် ၃၅၅ စီးအား စည်းပင်သာယာရေးဥပဒေအရ အရေးယူခဲ့ခြင်းဖြစ်သည်။

၎င်းဖမ်းဆီးရေးလုပ်ငန်းများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ယာဉ်ကြီးကြပ်မှု ကော်မတီ၊ ပို့ဆက်ဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

ရေစီးရေလာကောင်းမွန်ရေး မိုးရာသီကာလမရောက်မီ အဆင့်မြင့်ရေနုတ်မြောင်းများ တည်ဆောက်

ဖျာပုံ၊ မေ ၇

မြို့တွင်းလမ်းများ ရေလွှမ်းမိုးမှုကင်းဝေးစေနိုင်ရေးအတွက် အဓိကလမ်းဆုံ၊ လမ်းခွများတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဆင့်မြင့်ကွန်ကရစ်ရေနုတ်မြောင်းများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ ဖျာပုံမြို့ရှိ အောင်သစ္စာလမ်းမကြီးနှင့် ၁၅ ရပ်ကွက် (၈) ဖြတ်လမ်းတို့ဆုံသည့်နေရာတွင် တည်ဆောက်နေသည့် အဆင့်မြင့်ရေနုတ်မြောင်းကို မေလပထမပတ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။၎င်းကွန်ကရစ်ရေနုတ်မြောင်းသည် အရှည် ၁၆ ပေ၊ အကျယ် ၄ ပေခွဲ၊ အမြင့် ၃ ပေရှိပြီး ငွေကျပ်ရှစ်သိန်းကျော် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဖျာပုံမြို့မှာ ယခင်နှင့်မတူဘဲ ရေစီးရေလာကောင်းမွန်စေဖို့ ပြည်သူတွေတင်ပြတောင်းဆိုတာတွေကို စည်ပင်သာယာရေးကော်မတီဝင်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာပါ။ ဖျာပုံမြို့က ရပ်ကွက် ၁၉ ခုရှိပြီး လမ်းဆုံလမ်းခွ ဖြတ်လမ်းတွေများပါတယ်။ လမ်းတွေကို ကတ္တရာထပ်ပိုးလွှာခင်းထားတာဆိုတော့ ရေလွှမ်းရင် ကတ္တရာလမ်းက ကတ္တရာတွေပေါက်ထွက်တာ သဘာဝပါ။ ရေနုတ်မြောင်းတွေကောင်းမှ ရေစီးရေလာကောင်းမွန်ပြီး လမ်းပေါ်ရေလွှမ်းမိုးတာ သက်သာပြီး လမ်းပျက်စီးမှုနည်းမှာပါ။ ဒါကြောင့် လမ်းဆုံ၊ လမ်းခွအဓိကနေရာတွေမှာ ယခင်ကာလနဲ့မတူတဲ့ ကွန်ကရစ်ရေနုတ်မြောင်းတွေကို တိုးချဲ့တည်ဆောက်ပေးနေတာပါ"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့သည် ဖျာပုံမြစ်နှင့်ချောင်းတွင်းချောင်းတို့ အရှေ့အနောက်ဝန်းရံလျက်ရှိပြီး မိုးရာသီကာလတွင် မိုးရွာသွန်းခြင်းနှင့် မြစ်ရေ၊ ချောင်းရေတက်ချိန်များတွင် မြို့တွင်းလမ်းများ ရေလျှံမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။ **ချမ်းသာ**

မန္တလေးတိုင်းဒေသကြီးအတွင်း မော်တော်ဆိုင်ကယ် မှတ်ပုံတင်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်

မန္တလေး၊ မေ ၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၄ ခုနှစ် မေလတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိုးကုတ်၊ ဝမ်းတွင်း၊ နွားထိုးကြီး၊ တံတားဦးမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများနှင့် မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များ လိုင်စင်ထုတ်ပေးရေးကို မှတ်ပုံတင်ပေးရေးစီမံချက်ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသများတွင် လိုင်စင်မဲ့ဆိုင်ကယ်များ ဝယ်ယူစီးနင်းကြရာ စီမံချက်ကာလအတွင်း မြို့နယ်များသို့ ကွင်းဆင်းဆောင်ရွက်ပေးစဉ် ယာဉ်မှတ်ပုံတင်ပြုလုပ်ကြရန်နှင့် စီမံချက်ကာလနောက်ပိုင်း လိုင်စင်မဲ့ဆိုင်ကယ်များ မြို့နယ်များတွင် စီးနင်းပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်သည်။ **မောင်ပြည်သူ(မန္တလေး)**

ဆေးတက္ကသိုလ်(မန္တလေး) ပထမနှစ် ကျောင်းသား၊ ကျောင်းသူများ အဆောင်နေခွင့်ရရှိ

မန္တလေး၊ မေ ၇

ဆေးတက္ကသိုလ် (မန္တလေး) အဆောင်များတွင် ၁၉၉၇ ခုနှစ် အထိသာ အဆောင်နေကျောင်းသားကျောင်းသူများထားရှိခဲ့ပြီး ၂၀၁၄ ပညာသင်နှစ်တွင်ပထမနှစ်MBBS ကျောင်းသား ၆၀ ကို အောင်ဆန်းဆောင်တွင်လည်းကောင်း၊ ကျောင်းသူ ၆၀ ကို ဇီဇဝါဆောင်တွင်လည်းကောင်း မေ ၁ ရက်မှစတင်နေထိုင်ခွင့်ပြု၍ ပညာသင်ကြားစေခဲ့ကြောင်း သိရသည်။

ဆေးတက္ကသိုလ်(မန္တလေး)ပထမနှစ် အမ်ဘီဘီအက်စ်သင်တန်းမှ အဆောင်နေထိုင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအား အဆောင်စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ ရှင်းလင်းပွဲကို မေ ၅ ရက် မွန်းလွဲ ၂ နာရီက အဆိုပါတက္ကသိုလ် ဇီဝကစာသင်ဆောင်တွင် ပြုလုပ်ရာ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာတင်မောင်ဟန်က အဆောင်စည်းကမ်းများပြောကြားသည်။ **သီဟကိုကို(မန္တလေး)**

ဆောင်းပါး

လပြည့်ကဆုန်မှာ ညောင်ရေသွန်းကြပါ

à atmifmausmf

မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီးနောက် သုံးလအကြာတွင် အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ မထေရ်စသော ရဟန္တာမထေရ်မြတ်ကြီးများက သာသနာ့ဒါယကာ အဇာတသတ်မင်းတို့ပူးပေါင်းကာ ပထမသင်္ဂါယနာတင်တော်မူသည့် နှစ်ပေါင်းမှာ ယနေ့ကဆုန်လပြည့်နေ့တွင်(၂၅၅၆)ခုနှစ် ပြည့်တော့မည်ဖြစ်သည်။ ထိုနှစ်ကို သာသနာတော်(၂၅၅၆)ခုနှစ်ဟု ခေါ်သည်။ မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က တရားတော်မြတ်များ ဟောဖော်ညွှန်ပြတော်မူချိန် (၄၅)ဝါနှစ်ကို ထည့်သွင်းပေါင်းပါက(၄၅+၂၅၅၆= ၂၆၀၁)ရှိလေရာ မြတ်ဗုဒ္ဓပွင့်တော်မူခဲ့သည့်နှစ်ပေါင်း(၂၆၀၁)နှစ်ရှိပြီဖြစ်ကြောင်း မဟာဗုဒ္ဓဝင်မှတ်တမ်းများအရ သိရပါသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး တပေါင်းလပြည့်နေ့ ဗုဒ္ဓဟူးနေ့တွင် ဥက္ကလာပမင်းနှင့် ကုန်သည်ညီနောင်တို့ ဦးဆောင် ပြည်သူပြည်သားတို့၏ လုပ်အားဒါနဖြင့် ဆံတော်ရှစ်ဆူ၊ မွေတော်လေးဆူဌာပနာ၍ ရွှေတိဂုံစေတီတော်ကြီးအား တည်ထားကိုးကွယ်ကြသည်ဟုဆိုသည်။ သမိုင်းစာပေများ၏ မှတ်တမ်းများအရဆိုရပါမူ လွန်ခဲ့သည့် ၁၃၇၄ ခုနှစ် တပေါင်းလပြည့်နေ့မှ (တပေါင်းလပြည့် ၁၃၇၄) နှစ်ပေါင်း ၂၆၀၀ တင်းတင်းပြည့်ခဲ့ပြီပင်ဖြစ်သည်။ ယခု ၁၃၇၆ ခုနှစ်တွင် ရွှေတိဂုံစေတီတော်သည် နှစ်ပေါင်း ၂၆၀၂ ခုနှစ်တိုင်ခဲ့ပြီဟု ဆိုနိုင်ပေသည်။

"ဗောဓိမဏ္ဍိုင်၊ ခန်းဝါမိုင်က၊ ချက်ရိုင်ပြည့်စုံ၊ နဝင်္ဂဏ်တည့်၊ ဆန်ခုန်အောက်ထက်၊ ကျော်ဝှန်တက်၍၊ ဘဝဂ်ရပ်သူ၊ သယမ္ဘူဟု ခြောက်ဆူဘုံထွက်၊ အနတ်နတ်တို့၊ ဦးညွှတ်ကျိုးနွံ၊ ဆုံးမခံလျက်၊ အပြဟ္မာမာ၊ ဆယ့်ခြောက်ရွာသား၊ ရပ်ရာခပင်း၊ တုပ်ဝပ်ပြင်းသည်၊ သနပ်မြတ်စွာ၊ တို့ဆရာကား---"ဟု ပါရမီတော်ခန်းပျို့တွင်လာရှိသည်။ လူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့ ကိုးကွယ်အားထားရာဖြစ်သော မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ကဆုန်လပြည့်နေ့သို့ရောက်တိုင်း မြတ်ဗုဒ္ဓ၏ဖွားဘက်တော်ဟုသိထားကြသည့် မဟာဗောဓိပင်ကို ရေသွန်းလောင်းကြခြင်းဖြင့် ကဆုန်ညောင်ရေသွန်းပွဲတော်ပေါ်ပေါက်လာခဲ့ရသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ မဟာဗောဓိတွင်သာမက မြန်မာနိုင်ငံအနှံ့အပြားရှိ စေတီပုထိုးဘုရားကျောင်းကန်တို့တွင် အလေးအမြတ်ထားကာ စိုက်ပျိုးထားသည့် ဗောဓိပင်များတွင်လည်း ကဆုန်လပြည့်နေ့ရောက်တိုင်း အလေးအနက်ထားကာ ကဆုန်ညောင်ရေသွန်းပွဲကို ကျင်းပလေ့ရှိသည်။

ဗောဓိပင်ဟူသည် မြတ်စွာဘုရားရှင်တို့ အမှီပြု၍ ပွင့်တော်မူသောအပင်(သစ်ပင်)ကို ဗောဓိပင်ဟု ခေါ်သည်။ ဗောဓိဟူသော ပါဠိစကားနှင့် ပင်ဟူသော မြန်မာစကားတို့ကိုတွဲကာ ဗောဓိပင်ဟု ခေါ်ဆိုခြင်းပင်ဖြစ်သည်။ ပွင့်တော်မူပြီးကြကုန်သော နှစ်ကျိပ်ရှစ်ဆူ ဘုရားရှင်များနှင့် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့တွင် မှီရာပွင့်ရာဗောဓိပင်တစ်ပင်စီ ရှိကြလေသည်။ ဂေါတမမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရှင်အာနန္ဒာ၏လျှောက်ထားချက်အရ မိန့်ကြားတော်မူခဲ့သည်မှာ "ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် မြတ်စွာဘုရားကိုယ်စား ပွင့်တော်မူခဲ့ရာ ဗောဓိပင်အား ကိုးကွယ်ပူဇော်ကြလိမ့်မည်။ ဗောဓိပင်သည် ပရိဘောဂစေတီတော်ပင်ဖြစ်သည်။ သက်ရှိထင်ရှားမြတ်စွာဘုရားအား ရှိခိုးပူဇော်သကဲ့သို့ တူညီစွာသော အကျိုးထူးများရရှိခံစား စံစားကြရမည်သာဖြစ်သည်ဟုပင်----။

ရှင်မဟာမောဂ္ဂလန်ပင့်ဆောင်ခဲ့သည့် ဗောဓိပင်ပွားအား ဇေတဝန်ကျောင်းလှေကားမုခ်အနီးတွင် . . .

ဗောဓိပင်အား ပူဇော်ရှိခိုးကြသူများသည် တမလွန်ဘဝတိုင်း၌ သုဂတိဘုံများသို့သာ ရောက်ရှိခံစားစံစားခွင့်ရကြလျက် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျ မြတ်စွာဘုရားရှေ့တော်၌ နိဗ္ဗာန်သို့ မျက်မှောက်ပြုကြရမည်ဟု မြတ်ဗုဒ္ဓမိန့်တော်မူခဲ့သည်။ ရှင်မဟာမောဂ္ဂလန်ပင့်ဆောင်ခဲ့သည့် ဗောဓိပင်ပွားအား ဇေတဝန်ကျောင်းလှေကားမုခ်အနီးတွင် အနာထပိဏ်သူဌေးကြီးအား စိုက်ပျိုးစေခဲ့သည်။ ထိုဗောဓိပင်မှာ အနန္ဒာဗောဓိပင်ဟု တွင်ခဲ့သည်။ ဗောဓိပင်နှင့်ပတ်သက်၍ ဗောဓိပင်အားစိုက်ပျိုးခဲ့ခြင်း၊ ညောင်ရေသွန်းလောင်းသမှုပြုခြင်း၊ ဆီမီး၊ အမွှေးနံ့သာပန်းတို့ဖြင့် ဆက်ကပ်ပူဇော်ခြင်းပြုခဲ့ကြသော အတိတ်ဘဝ ရဟန္တာလောင်းလျာများသည် ဂေါတမဘုရားရှင်လက်ထက်တော်၌ ရဟန္တာများ ဖြစ်လာကြပါသည်။ ထိုသို့ဖြစ်တည်လာကြသော ရဟန္တာမြတ်ကြီးတို့မှ မိမိတို့သည် အတိတ်ဘဝများက ဗောဓိပင်အား ညောင်ရေသွန်းခြင်း၊ ဆီမီး၊ အမွှေးနံ့သာ ဆက်ကပ်ပူဇော်မိခဲ့ကြသောကြောင့် သုဂတိဘုံဘဝများတွင်သာ အကြိမ်ကြိမ်ဖြစ်တည်ခံစားစံစားခဲ့ရပြီး ယခုနောက်ဆုံးဘဝ၌ ရဟန္တာကြီးများဖြစ်ကြရကြောင်း ကိုယ်ကိုယ်တိုင် ဥဒါန်းကျူးရင့်ခဲ့ကြကြောင်း ခုဒ္ဒနိကာယ် အပဒါန်ကျမ်းတွင် အထင်အရှား တွေ့ရပါသည်။

ဗောဓိပင်နှင့်ပတ်သက်၍ ဗောဓိပင်ကိုစိုက်ပျိုးပူဇော်ခဲ့ကြသူများရှိကြောင်း မှတ်တမ်းများတွင်တွေ့ရသည်။ သီရိဓမ္မာသောကမင်းကြီး၊ ရှင်အရဟံ၊ နရပတိစည်သူမင်းမှသည် မင်းတုန်းမင်းတရားတိုင်အောင်ပင် ဗောဓိပင်ကိုစိုက်ပျိုး ပူဇော်ခဲ့ကြသူများအဖြစ် အထင်အရှားပါရှိသည်ကို တွေ့ရသည်။ ရသေ့ကြီး ဦးခန္တီသည်လည်း စိုက်ပျိုးပူဇော်ခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် အင်ဒိရာဂန္ဒီသည်လည်း စိုက်ပျိုးပူဇော်ခဲ့သည်။ ကမ္ဘာအေး သီရိလင်္ကာဗောဓိပင်(မဟာဝိဇယ)နှင့် ရွှေတိဂုံကုန်းတော်ရှိ လွတ်လပ်ရေးဗောဓိပင်တို့မှာလည်း စိုက်ပျိုးပူဇော်ထားခဲ့ကြသည့် ဗောဓိပင်များသာဖြစ်သည်။ မယ်ဒက်ဆရာတော်ဘုရားကြီးလည်း ဗောဓိပင်စိုက်ပျိုးပူဇော်ခဲ့သည်။ ထို့အပြင် ၄၅ နှစ်တာအတွင်း ဗောဓိတစ်ထောင်ဆရာတော်ဘုရားကြီးနှင့် ဦးနာရဒစသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များနှင့် များပြားလှစွာသော ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓဘာသာဘုရားကျောင်း၊ ကန်၊ ပရိဝုဏ်များတွင် ဗောဓိပင်များကို ရှိခိုးပူဇော်နိုင်ကြရန်အတွက် စိုက်ပျိုးထားလေ့ရှိကြသည်။

ဖွားဘက်တော်ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ဗောဓိပင်(ဝါ)ပရိဘောဂစေတီတော်မြတ်ဖြစ်သည့် ညောင်ဗုဒ္ဓဟော ဗောဓိပင်၏ကျေးဇူးကို အောက်မေ့လျက် ဂေါတမမြတ်စွာဘုရားရှင်သည် ရပ်လျက်မမှိန်မသုန် ခုနစ်ရက်တိတိ ကြည့်ရှုတော်မူခဲ့ရာနေရာ၌ အနိမိသစေတီတော်အဖြစ် ပူဇော်ထားသည်ကို ဒုတိယသတ္တာဟအဖြစ် ဖူးမြော်နိုင်ကြလေသည်။ မြတ်စွာဘုရားရှင်တို့သည် ဤဗောဓိပင်နှင့် ရွှေပလ္လင်တို့နေရာတစ်နေရာတည်း၌ ပွင့်တော်မူကြသည်ဖြစ်ရာ ဗောဓိပင်အား စိုက်ပျိုးခြင်း၊ ရှိခိုးပူဇော်ခြင်းများပြုလုပ်မည်ဆိုပါက မည်မျှကောင်းကျိုးများရရှိနိုင်ကြမည်ကို အထက်တွင်ဖော်ပြထားခဲ့ပြီးဖြစ်ပါသည်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဗောဓိပင်ရင်း၌ ငြိမ်သက်စွာ စံနေတော်မူလျက် မာရ်နတ်၏ ကြံ့ဝါးဖျက်ဆီးမှုများကို တွန်းလှန်ကာ အောင်မြင်တော်မူခဲ့သည်။ ဤဘဒ္ဒကမ္ဘာတွင် မြတ်ဗုဒ္ဓလေးဆူပွင့်တော်မူခဲ့ပြီးဖြစ်ရာ ကကုသန္ဓဘုရားရှင်သည် ကုက္ကိုပင်ခြေရင်း၊ ကောဏာဂမနဘုရားရှင်သည် ရေသဖန်းပင်ခြေရင်း၊ ကဿပဘုရားရှင်သည် ပညောင်ပင်ခြေရင်းနှင့် ဂေါတမဘုရားရှင်သည် ညောင်ဗုဒ္ဓဟေပင်ရင်းတို့၌ ပွင့်ထွန်းတော်မူခဲ့ကြရာ ထိုအပင်များသည်လည်း ဗောဓိပင်များဟုသိထားရမည်ဖြစ်ပါသည်။ ယခုအခါ ကဆုန်လပြည့်နေ့ရောက်တိုင်း ကဆုန်ညောင်ရေသွန်းပွဲအဖြစ် ကျင်းပနေကြရသည်မှာ ပူပြင်းလှသော ကဆုန်လတွင် မဟာဗောဓိပင်ညိုးနွမ်းခြောက်သွေ့ကာ မကွယ်ပျောက်စေရန် ရည်သန်၍ ကဆုန်ညောင်ရေသွန်းနေကြခြင်းပင် ဖြစ်ပါသည်။

ကောင်းသောဘုံဘဝများ စဉ်ဆက်မပြတ်ရောက်ရှိကာ အဆုံးအစွန်သောဘဝ၌ မြတ်နိဗ္ဗာန်ရောက်ရှိနိုင်ကြစေရေးအတွက် ကဆုန်ညောင်ရေသွန်းခွင့်ကြုံကြစေကြောင်း ဆုမွန်တောင်းလျက် တင်ပြလိုက်ရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် နှစ်စဉ် မီးလောင်မှု ၁၀၆ ကြိမ်ခန့်ဖြစ်ပွားခဲ့

ကလေး၊ မေ ၇

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၀၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိ ဆယ်နှစ်တာကာလအတွင်း နှစ်စဉ်မီးလောင်မှုအကြိမ်ပေါင်း ပျမ်းမျှ ၁၀၆ ကြိမ်ခန့် ဖြစ်ပွားလောင်ကျွမ်းခဲ့ပြီး တန်ဖိုးအားဖြင့်နှစ်စဉ် ပျမ်းမျှကျပ်သန်းပေါင်း ၁၉၆ ဒသမ ၈၂၀ ဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း မေ ၅ ရက်တွင် ကျင်းပပြုလုပ်သော ကလေးမြို့ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သိန်းဝင်းက ယင်းကဲ့သို့ ပြောကြားသည်။

ယခု ၂၀၁၄ ခုနှစ်အတွင်း မီးလောင်မှုအကြိမ်နှင့် ဆုံးရှုံးမှုအကြိမ်များ လျော့နည်းကျဆင်းသွားစေရန်အတွက် မီးလောင်မှုဖြစ်ပွားရခြင်းများကို ပြန်လည်ဆန်းစစ်ပြီး ကြိုတင်ကာကွယ်မှုများစနစ်တကျဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ၎င်းက ယင်းအခမ်းအနားတွင် ဆက်လက်ပြောကြားသည်။

ပွင့်လင်းရာသီတွင် မီးသတိမူရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်သွားကြရန်လိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ နယ်မြေမီးသတ်စခန်း ၃၇ ခု၊ မြို့နယ်မီးသတ်စခန်း ၃၇ ခု၊ ခရိုင်မီးသတ်စခန်း ၅ ခုဖြင့် ဒေသတစ်ဝှမ်းလုံးကို လွှမ်းခြုံနိုင်အောင် စနစ်တကျ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခေတ်မီမီးငြိမ်းသတ်ယာဉ် ၂၅ စီး၊ ရေဂါလန် ၅၀၀၀ ဆံ့ မီးသတ်အထောက်အကူပြုယာဉ်တစ်စီး ဝယ်ယူဖြည့်တင်းနိုင်ခဲ့ပြီး မြို့နယ်များသို့ ခွဲဝေချထားပေးခဲ့ကြောင်း ကလေးမြို့နယ်အနေဖြင့် ၅ ယူနစ် မီးသတ်စခန်းနှင့် ကျွန်းလှမြို့နယ်တွင် လေးခန်းတွဲ ဝန်ထမ်းနေအိမ် တစ်လုံးကို တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။ **လင်းလက်ကြယ်စင်**

ဝယ်လိုသည်

တိုက်ခန်းရောင်းမည်

ကားငှားမည်
(Alphard/Hiace
Saloon)
Ph:09-5418126

HOLY LAND (၄)နိုင်ငံ (၁၁)ရက်ခရီးစဉ်
Hotel 4 Star,5 star
Arrival Visa
HP:0951 41425, 09731 60046, 09254248904

ကန့်ကွက်နိုင်ကြောင်းကြေညာချက်
ဦးမြင့်သန်း (LL.B)
LL.B, D.I.L, DIP IN E

အများသိစေရန်ကြေညာခြင်း

ရောင်း/ငှား မည်။
(40'x100')
2MBR, 3BR, 6Ac, Ph, CCTV, Internet line
Ac, (12½'x50')
09 5108452, 09 73201999, 09 31476565

မီး သတိပြု

ဆောင်းပါး

"မှုတခြင်း"

à liqfidxbd(rnajr)

ရပ်ကွက်ဈေးတန်းတစ်ခု၏ သားငါးဆိုင်တစ်ဆိုင်ရှေ့၌ ရောင်းသူ ငါးသည်နှင့် ဝယ်သူ အမျိုးသမီးသက်လတ်ပိုင်း အရွယ်နှစ်ဦး အချီအချစကားများနေကြ၏။ အခြေအနေက ၁၀ ကျပ်သားရှစ်ရာဆိုသော ငါးပုဏ္ဏားကို ၁၀ ကျပ်သား ဝယ်၍ ထောင်တန်ကို ကျပ်နှစ်ရာပြန်အမ်းရန် အကြွေမရှိသဖြင့် ငါးတစ်ကောင်ထပ်ထည့်ရန် သဘောတူကြသော်လည်း အကောင်အကြီးအသေး အငြင်းပွားနေကြခြင်း ဖြစ်၏။ ရောင်းသူက အရွယ်တော် ငါးတစ်ကောင်ထည့်ခြင်းကို ဝယ်သူက သဘောမတူ၊ သူ့စိတ်ကြိုက် အကောင်အကြီးကိုလဲလှယ်၍ ထည့်လိုခြင်းဖြစ်၍ အပြန်အလှန်စကားပြောကြပုံမှ-

ဈေးသည်။ ။ အဲဒီအကောင်မရဘူး၊ ကြီးတယ်။ ဒီအကောင်ဘဲပေးမယ်။

> ငါးပုဏ္ဏားအကောင်အကြီးကြီး တစ်ကောင်ကို ဈေးသည်မှ ကောက်၍ . . .

ဝယ်သူ။ ။ ထည့်လိုက်ပါဟယ်။ ငါ့အမေကို ကျွေးချင်လို့ပါ။ ငါ့အမေအတွက် ဝယ်တာပါဟာ။

ဈေးသည်မှလည်း သဘောမတူ။ ထိုသို့ဖြစ်နေရာ ဘေးမှ ငါးဝယ်ရန်စောင့်နေသူတစ်ဦးက ဝင်ရောက်ဖြန်ဖြေပေးပုံမှာ -

ဒီကအစ်မကြီးကလည်း ကိုယ့်အမေကို စားစေချင်လွန်းလို့ဝယ်နေသလို ဈေးသည်အစ်မကြီးကလည်း သူ့အမေရှိမှာပဲ။ သူလည်း သူ့အမေစားဖို့ ငါးရောင်းနေတာဖြစ်မှာပေါ့။ အဲဒီတော့ နှစ်ယောက်စလုံး အမေရှိကြတယ်။ ကိုယ့်အမေကိုယ် လုပ်ကျွေးကြတာပဲပေါ့။ ဝယ်သူအစ်မကြီးရဲ့အမေက ရောင်းတဲ့အစ်မကြီးရဲ့အမေမှမဟုတ်တာ။ အစ်ကြီးက ကိုယ့်အမေမို့ ပိုထည့်လိုက်စေချင်ပေမယ့် ရောင်းတဲ့အစ်မကြီးက သူ့အမေမှမဟုတ်တာ။ သူ့အမေကိုပဲ ကျွေးချင်မှာပေါ့။

ဒါကြောင့် သူကလဲ ဘယ်အကောင်ကြီးကြီးပေးချင်မှာလဲ။ မဟုတ်ဘူးလား၊ ကိုယ့်အမေကိုယ်ကျွေးကြဟု ရီကာမောကာဖြင့် ဝင်ရောက်ပြောဆိုလိုက်သောအခါ ဈေးဝယ်အစ်မကြီးမှာ ရီမောကာ "ဟုတ်သားပဲ" ဟု ပြော၍ ထွက်သွားပါ၏။ ဈေးသည်က ဘာမှမပြော။ ထိုသို့ဝင်ပြောပေးသော ဈေးဝယ်အမျိုးသမီးကလည်း ငါးပုဏ္ဏား ၂၀ ကျပ်သားဝယ်ရာ ချိန်ခွင်နှင့်ချိန်တွယ်ထည့်ပြီးနောက်မှ ငါးပုဏ္ဏားအကောင်ကြီးကြီးတစ်ကောင်ကို ဈေးသည်မှကောက်၍ "အပိုထည့်ပေးတာ" ဟု ပြောကာ ထည့်ပေးလိုက်ပါသည်။

ဝယ်သူက အားနာ၍ "မထည့်ပါနဲ့။ အလေးပြည့်ရင်တော်ပါပြီ" ဟုဆိုရာ ဈေးသည်က မရမကထည့်ပေးလိုက်ပါသည်။ ထိုဖြစ်ရပ်ကိုကြည့်၍ ဆင်ခြင်မိသည်ကား မှုတသောစကားသည်သာ ညှိနှိုင်းရပါလား။ 'တရား' ဟူသော 'မှုတခြင်း' ပါသော ကာယကံ၊ ဝစီကံ၊ မနောကံသည်သာ အငြင်းပွားမှုများ၊ ပြဿနာများကိုဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

(ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ရည်ညွှန်းလျက်)

ပြည်ခရိုင်ရှိပြည်သူများ နေ့စဉ်ထုတ်သတင်းစာ နေ့ချင်းဖတ်နိုင်ပြီ

ပြည်၊ မေ ၇

နိုင်ငံပိုင် နေ့စဉ်ထုတ်သတင်းစာများဖြစ်သော Newlight of Myanmar မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို ပြည်မြို့သို့မော်တော်ယာဉ်များဖြင့် ပေးပို့မည်ဖြစ်သောကြောင့် ပြည်ခရိုင်အတွင်းရှိပြည်သူများအနေဖြင့် နေ့စဉ်ထုတ်သတင်းစာများကို မေ ၁ ရက်မှ စတင်၍ နေ့ချင်းဖတ်ရှုနိုင်ကြောင်း သိရသည်။

ပြည်ခရိုင်အတွင်းရှိပြည်သူများအား နေ့စဉ်ထုတ်သတင်းစာများ အချိန်မီ နေ့ချင်းဖတ်ရှုနိုင်ရန်အတွက် Newlight of Myanmar၊ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတိုက်များမှ တာဝန်ရှိသူများပူးပေါင်း၍ အဆိုပါသတင်းစာတိုက်များမှ သတင်းစာများကို သတင်းစာဖြန့်ဝေရန် သီးသန့်စီစဉ်ထားသည့် မော်တော်ယာဉ်ဖြင့် ရန်ကုန်-ပြည် ကားလမ်းတစ်လျှောက် တစ်မြို့ဝင်တစ်မြို့ထွက် သတင်းစာကိုယ်စားလှယ်များထံ အိမ်တိုင်ရာရောက် လိုက်လံပေးပို့၍ ပြည်ခရိုင်အတွင်းရှိ ပြည်သူများ နေ့ချင်းသတင်းစာဖတ်ရှုနိုင်ရေးအတွက် အခမဲ့ပြည်သူ့ဝန်ဆောင်မှု ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"အရင်ကဆိုရင် သတင်းစာတွေကို ရန်ကုန်-ပြည် (အစုန်-အဆန်) ပြေးဆွဲတဲ့ စာပို့ရထားနဲ့ သယ်ယူပို့ဆောင်ရတော့ ညပိုင်းမှပဲ သတင်းစာတွေရောက်တော့ နေ့ချင်းသတင်းစာဖြန့်ဝေဖို့ အခက်အခဲရှိတာကြောင့် နောက်တစ်နေ့နံနက်ပိုင်းမှပဲ သတင်းစာဖြန့်ဝေရတော့ ပြည်ဒေသကပြည်သူတွေ တစ်ရက်နောက်ကျပြီးမှ သတင်းစာဖတ်ရတယ်"ဟု သတင်းစာကိုယ်စားလှယ် ဦးကျော်လေးက ပြောသည်။

Newlight of Myanmar မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်နှင့် လက်အောက်ခံ မြို့နယ်များဖြစ်သည့် ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတည်၊ ရွှေတောင်နှင့် သဲကုန်းမြို့နယ်များမှ ပြည်သူများ မေ ၁ ရက်မှစတင်၍ Update သတင်း နေ့ချင်းဖတ်ရှုနိုင်ပြီဖြစ်သည်။

"သတင်းတွေကို မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန် ဦးဦးဖျားဖျားဖတ်ချင်တာ။ ကျွန်တော်တို့ပြည်သူတွေရဲ့ ဆန္ဒဗျ။ ဘယ်သတင်းမဆို တစ်ရက်နောက်ကျမှဖတ်ရရင် တစ်ရက်အသိနောက်ကျတယ်ဗျ။ ဥပမာဆိုပါတော့ဗျာ။ ကောလဟာလသတင်းတွေ အင်တာနက်တို့ ဖေ့စ်ဘုတ်တို့မှာ ပလူပျံနေပေမယ့် အဲဒီသတင်း ဟုတ်-မဟုတ် မှန်-မမှန်ဆိုတာကို ကျွန်တော်တို့ပြည်သူတွေက ဂျာနယ်တွေ၊ သတင်းစာတွေကို ဖတ်ရှုပြီးမှ သတင်းအရင်းအမြစ်နဲ့ဇစ်မြစ်ကို အဖြူအမဲ သဲသဲကွဲကွဲသိရတာဆိုတော့ ဘယ်သတင်းမဆို နေ့ချင်းဖတ် နေ့ချင်းမှန်မှန်ကန်ကန်သိရတာ ပိုကောင်းတာပေါ့။ အခုလို သတင်းစာ နေ့ချင်းဖတ်နိုင်အောင် စီစဉ်ပေးတာ ကျေးဇူးတင်ပါတယ်။ သိပ်ကောင်းပါတယ်"ဟု သတင်းစာဖတ်ပြည်သူတစ်ဦးဖြစ်သူ ပြည်မြို့အဝေးပြေးကားဝင်းမှ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးကိုဇော်ကဝင်း၏အမြင်ကို ပြောသည်။

မျိုးကျော်ကြီး(ပြန်/ဆက်)

တည်ဆဲအခွန်ဆိုင်ရာဥပဒေပြင်ဆင်ပြဋ္ဌာန်းချက်များအား ရှင်းလင်းပွဲကျင်းပ

ရန်ကုန်၊ မေ ၇

တည်ဆဲအခွန်ဆိုင်ရာဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းချက်များနှင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များအားရှင်းလင်းပွဲအခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီတွင် သင်္ဃန်းကျွန်းမြို့နယ်ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ၂၀၁၄ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေအား မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးရန်မျိုးအောင်က ရှင်းလင်းတင်ပြသည်။ ယင်းနောက် ရှင်းလင်းပွဲအခမ်းအနား တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

စိုးညွန့်ရွှေ

ယဉ်ကျေးလိမ္မာသာမဏေ သီလရှင်များပေါက်မြို့ပေါ် ရပ်ကွက်အတွင်း လှည့်လည်အကြည်ညိုခံ

ပေါက်၊ မေ ၇

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့၊ ကံစွယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရ အမှူးပြုသော သာသနာ့အကျိုးတော်ဆောင်အဖွဲ့မှ ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက် ယဉ်ကျေးလိမ္မာသင်တန်းမှ သာမဏေနှင့် သီလရှင် ၁၅၀ ကျော်တို့သည် ၁၃၇၆ ခု ကဆုန်လဆန်း ၆ ရက် နံနက်က ပေါက်မြို့ပေါ် ရပ်ကွက် ၄ ရပ်ကွက်သို့ လှည့်လည်အကြည်ညိုခံကြရာ မြို့သူမြို့သားများမှ ဆွမ်းဆန်စိမ်း လှူဖွယ်ဝတ္ထုနှင့် အလှူငွေများ လှူဒါန်းမှုများဖြင့် အထူးစည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကမ္ဘာ့တိရစ္ဆာန်နေ့ကို ကြိုဆိုသောအားဖြင့် အင်းစိန်မြို့နယ်အတွင်း ခွေးရူးရောဂါကာကွယ်ဆေးများ ထိုးနှံပေး

ရန်ကုန်၊ မေ ၇

အင်းစိန်မြို့နယ်တွင် ကာကွယ်ဆေးထိုးနှံပေးသည့် ရက်သတ္တပတ်အတွင်း မြို့သစ် (၈) ရပ်ကွက်တွင် မြို့နယ်ဦးစီးအရာရှိ ဒေါက်တာတင်ထွန်းနှင့် မြို့သစ် (၈) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလှဝင်းတို့မှ ဦးဆောင်၍ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အိမ်မွေးတိရစ္ဆာန်ဖြစ်သော ခွေးနှင့်ကြောင် အိမ်မွေးတိရစ္ဆာန်မွေးမြူထားသောနေအိမ်များတွင် မေ ၄ ရက်က ခွေးရူးရောဂါ ကာကွယ်ဆေးများအား လိုက်လံထိုးနှံပေးကြောင်း သိရသည်။

မြင့်ဦး(အင်းစိန်)

သကြံနုကြောင့်ပျက်စီးထားသောအသားအရေအတွက်

Serum Day Light 10000 KS

ဆက်သွယ်ရန်

Jeunesse Global Co.,Ltd

Dolphin

ကျေးဇူးတင်ဝမ်းမြောက်ခြင်း

ဦးမြတ်ဦး

မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း

အမည်ပြောင်း

မမသဒ္ဒါမောင် ကြယ်စင်မှုံဝေ မယ်ခိုင် မိုးစက်ပွင့် အလင်းသစ် ခေတ်ပျိုဖြူ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား ရဟန်း သိမ် ကျောင်း ရေတွင်း ရေကန် ဒါယိကာမကြီး

ဒေါ်မြို (ပုသိမ်မြို့) အသက် (၈၅)နှစ်

ပုသိမ်မြို့နယ်အသင်း ဂုဏ်ထူးဆောင် နာယကကြီး

[illegible]

ဦးခင်မောင်-ဒေါ်[illegible] (ပုသိမ်မြို့ [illegible] မိသားစု)

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်အောင်တင့်-ဒေါ်မေသင်းနွယ်တို့၏ဖခင် ဦးချစ်ဟန် အသက် (၉၅)နှစ် (ကျောင်းကုန်းမြို့)သည် ၂၃-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၂-၈၆ ခာတုဗေဒ

ကြည့်မြင်တိုင်နယ်မြေမှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်ကြင်အေး

ပါမောက္ခ(ဌာနမှူး-ငြိမ်း) ပထဝီဝင်ဌာန

မကွေးတက္ကသိုလ်

အသက် (၆၃)နှစ်

ကျိုက်ထော်မြို့၊ ဈေးပိုင်းနေ ဦးခင်မောင်ဝင်း၏ဇနီး ဒေါက်တာ ဒေါ်ကြင်အေးသည် ၄-၅-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပထဝီဝင်မိသားစု၊ မကွေးတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း

အထက(၂)လသာ၊ (စိန့်ဂျွန်းကွန်ဗင့်) ကျောင်းသူဟောင်း ဒေါ်သန်း သန်းနု(မဟာကော်ဖီ)၏မောင် ဦးကျော်ကျော် အသက် (၅၅)နှစ် အထက-၆၊ ဗိုလ်တထောင်(စိန့်ပေါလ်) ကျောင်းသားဟောင်းသည် ၂၅-၄-၂၀၁၄ရက်(သောကြာနေ့) ည ၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်

အထက(၂)လသာ

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

အထက(၂)လသာ ကျောင်းသူဟောင်းဒေါ်သန္တာဝင်း (လ/ထ အထွေထွေမန်နေဂျာ) CB Bank ၏မိခင် ဒေါ်ခင်သန်းနွဲ့(ခ) ဒေါ်စိန်စိန် အသက်(၈၇)နှစ် (မော်လမြိုင်)သည် ၄-၅-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၆း၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထက(၂)လသာ

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သန်းထွန်း(LL.B) (၄၆)နှစ်

(ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလ ရပ်ကွက်၊ တိုက် (၅၆)၊ အခန်း(၆)နေ (ဦးကျော်ညွန့်)-ဒေါ်ဆွေဆွေတို့၏သား ဦးမြင့်သန်းထွန်းသည် ၁-၅-၂၀၁၄ ရက်က ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမျိုးမင်းသန့်၊ ဒေါ်ဝေဝေမြတ်

၁၉၉၀-၉၅ ရန်ကုန်တက္ကသိုလ် အထက(၃)

ဥပဒေပညာသင်နှစ်သူငယ်ချင်း မူဆယ်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သန်းထွန်း(LL.B) (၄၆)နှစ်

(ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် (၅၆)၊ အခန်း(၆)နေ(ဦးကျော်ညွန့်)-ဒေါ်ဆွေဆွေတို့၏သား ဦးမြင့်သန်းထွန်းသည် ၁-၅-၂၀၁၄ရက်က ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးညွန့်လင်း၊ ဒေါ်အေးအေးသက်

တရားလွှတ်တော်ရှေ့နေများ

မုံရွာမြို့

အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ကျင်ယုံ (၇၃)နှစ်

(ဒေးဒရဲ၊အင်းဒူးကျေးရွာ)

ရန်ကုန်မြို့၊ ရွှေဂုံတိုင်အထူးကုဆေးရုံကြီးတွင် ၂၉-၄-၂၀၁၄ရက် နံနက်၆း၃၀နာရီ၌ ကွယ်လွန်သွားသော အမှတ်(၁၃)၊ ကုန်ဈေးတန်းလမ်း၊(၆)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ကျင်ယုံ အသက်(၈၃)နှစ်၏ ဈာပနနှင့် ၅-၅-၂၀၁၄ရက် ရက်လည်ဆွမ်းကျွေးအလှူ၌ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊လှူဖွယ်ပစ္စည်းများ၊ သက်န်းများ၊ သစ်သီးများနှင့်အချိုပွဲများ၊လွမ်းသူ့ပန်းခြင်းများပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့်လည်းကောင်း၊ Facebook မှလည်းကောင်း အားပေးနှစ်သိမ့်ကြသော အဝေးရောက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သန်းထွန်း(LL.B) (၄၆)နှစ်

(ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် (၅၆)၊အခန်း(၆)နေ (ဦးကျော်ညွန့်)-ဒေါ်ဆွေဆွေတို့၏သား ဦးမြင့်သန်းထွန်းသည် ၁-၅-၂၀၁၄ရက်က ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမျိုးကျော်လင်း၊ ဒေါ်ကြူကြူမြင့်၊

ဒေါ်ဝင်းနွယ်အေး၊ ဒေါ်စန်းယုခိုင်၊ ဒေါ်နွယ်နွယ်စန်း

၁၉၉၀-၉၅ရန်ကုန်တက္ကသိုလ်ဥပဒေပညာသင်နှစ်သူငယ်ချင်းများ

အထူးကြေကွဲဝမ်းနည်းခြင်း

ဒေါ်စုစုဝင်း(မန္တလေး)

အသက်(၈၀)

ရဲအုပ်ကြီး(ငြိမ်း)

ကထိက-ဗဟိုဝန်ထမ်းတက္ကသိုလ်(ငြိမ်း)

(ကျောက်စာဝန် တော်စိန်ခို ဒေါ်တင်မြမြ)တို့၏မြေး၊ (ဦးတော်စုံတျောင်-ဒေါ်သီသီ)တို့၏သမီးထွေး မြန်မာနိုင်ငံ ပထမဆုံးအမျိုးသမီးရဲအရာရှိ ဒေါ်စုစုဝင်းသည် ၂-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

တော်စီကိန်းတျောင်ဘုရားကျောင်း ဂေါပကအဖွဲ့

တော်မျိုးနွယ်စု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ကိုလတ်

အသက်(၅၀)

ဒုတိယညွှန်ကြားရေးမှူး

ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ ဦးအောင်ကိုလတ် ဒုတိယညွှန်ကြားရေးမှူးသည် ၄-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့်

မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အရာထမ်း၊အမှုထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးလှမြင့် အသက် (၈၆)နှစ်

ဒေါ်ခင်စိန်စိန်အောင် (ခ) ဒေါ် DIAMOND ၏ ချစ်လှစွာသော ခင်ပွန်းသည် ၄-၅-၂၀၁၄ရက် တနင်္ဂနွေနေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးကြေကွဲရပါကြောင်း။

UFL(ဂျပန်)ကျောင်းသားဟောင်းများအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စောမို (မြိတ်)

အသက်(၇၄)နှစ်

အင်ဂျင်နီယာမှူး ဦးခိုင်ဝင်း၏ မိခင် ဒေါ်စောမို ၃-၅-၂၀၁၄ရက် စနေနေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးကြေကွဲဝမ်းနည်းရပါကြောင်း။

ကုန်သွယ်ရေကြောင်းအရာရှိသင်တန်း

အမှတ်စဉ် (၁၇) မှသူငယ်ချင်းများ

ကျေးဇူးအထူးတင်ရှိပါကြောင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

ဦးကျော်တင့်(အကောက်ခွန်) အသက်(၅၆)နှစ်

၂၉-၄-၂၀၁၄ရက် အင်္ဂါနေနေ့ နံနက် ၃း၂၅ နာရီတွင် ကွယ်လွန်ခဲ့သော ဦးကျော်တင့် မကျန်းမာစဉ်က စေတနာအပြည့်အဝဖြင့် ပြုစုကုသပေးခဲ့သော ဘားအံဆေးရုံကြီးမှ တာဝန်ခံ ဆရာဝန်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ ရန်ကုန်ဆေးရုံကြီးသို့ သယ်ဆောင်ကုသရာတွင် ကူညီဆောင်ရွက်ပေးခဲ့သော ညီအစ်ကို၊ မိတ်ဆွေ၊ တူသားများ၊ နာရေးကိစ္စတွင် ကူညီအားပေးသတင်းမေးခဲ့သော ဆရာသမားများ၊ မိတ်ဆွေများ၊ ဆွမ်းကျွေးနေ့တွင် ပါဝင်ကူညီခဲ့သော မိတ်ဆွေများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်ကြီး (၉၁)နှစ်

ပိန်းဇလုပ်

၄-၅-၂၀၁၄ရက်တွင် ဦးမောင်မောင်ကြီး ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ပိန်းဇလုပ်ဒေသအသင်း(ယာယီ)

ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း ဒေါက်တာခင်မြလွင်(အရေပြားအထူးကုဆရာဝန်ကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး)၏ ချစ်လှစွာသောဖခင် ဦးသန်းအောင် အသက် (၈၈)နှစ်သည် ၃-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်မှချစ်သူငယ်ချင်းများ

နုနုရီ၊ဝါဝါထွန်း၊ ဒိုးဒိုး၊ ခိုင်ခိုင်၊ ဝေထွန်း၊ ချိုချို၊ ခိုင်မြင့်ထွေး၊ ယုယုခင်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးအေးကြူ(ပန်းခိုင်ကျေးရွာ၊ ဒိုက်ဦးမြို့နယ်)

အသက်(၅၁)နှစ်

အထပြ၊အထက(၂)တောင်ဥက္ကလာပ

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏တွဲဖက်အတွင်းရေးမှူး(၂) ဦးအုန်းသွင်-ဒေါ်ခိုင်ခိုင်မြင့်တို့၏ညီမ ဒေါ်အေးအေးကြူ အသက်(၅၁)နှစ်သည် ၂-၅-၂၀၁၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ

မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သိန်းမေ (လှိုင်သာ)

အသက် (၈၇)နှစ်

ဒေါ်မို့မို့အောင် (ဝင်းရွှေဝါအိမ်ခြံမြေ) (အထွေထွေအတွင်းရေးမှူး- မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း) (ဗဟို)၏ မိခင်သည် ၂-၅-၂၀၁၄ ရက် ည ၈း၃၀ နာရီ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေဝန်ဆောင်မှုအသင်း၊ မွန်ပြည်နယ်(ရုံးခွဲ)

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်သိန်းမေ (လှိုင်သာ) (၇၇)နှစ်

ဒေါ်မို့မို့အောင် (ဝင်းရွှေဝါအိမ်ခြံမြေ) (အထွေထွေအတွင်းရေးမှူး- မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း) (ဗဟို)၏ မိခင်သည် ၂-၅-၂၀၁၄ ရက် ည ၈း၃၀ နာရီ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်ကြင်အေး (၆၃)နှစ်

ပါမောက္ခဌာနမှူး (ငြိမ်း)

ပထဝီဝင်ဌာန၊ မကွေးတက္ကသိုလ်

ဆရာမကြီး ဒေါက်တာ ဒေါ်ကြင်အေးသည် ၄-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပထဝီဝင်မိသားစု

မန္တလေးတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေကူရပ်ကွက်၊ လမ်းရှည်လမ်း၊ အမှတ်(၂၂၀)နေ ဦးထွန်းသိန်း-ဒေါ်အုန်းတင်တို့၏ တစ်ဦးတည်းသောသမီး၊ ဦးခင်ညွန့်-ဒေါ်ခင်သန်းတို့၏တူမ၊ ဦးဆန်းအောင်(ခ) ဦးသံချောင်း-ဒေါ်မြမြဝင်းတို့၏ အစ်မတစ်ဝမ်းကွဲဖြစ်သူ ဒေါ်တင်ရီ အသက်(၇၈)နှစ်သည် ၃-၅-၂၀၁၄ (စနေနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဦးဆန်းအောင်(ခ)ဦးသံချောင်း-ဒေါ်မြမြဝင်း မိသားစု
ခေတ္တ-ရန်ကုန်

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တသုဇာတာလင်္ကာရ
မဟာဂန္ထဝါစကပဏ္ဍိတ၊တိုင်းသံဃနာယက(အဖွဲ့ဝင်)
သက်တော်(၇၀)၊သိက္ခာတော်(၅၀)ဝါ

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်ချမ်းသာ(၅)လမ်း၊ သာသနပါရဂူ ပရိယတ္တိစာသင်တိုက်၊ ဦးစီးပဓာန နာယက ဘဒ္ဒန္တသုဇာတာလင်္ကာရ ဆရာတော်သည် (၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၆ရက်) ၄-၅-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၅း၃၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ်၊ ကဆုန်လဆန်း ၁၂ရက်)၁၀-၅-၂၀၁၄(စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

ဈာပနပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ



တန်ကင်မူ(ခ)ဒေါ်ကျင်မူ
အသက်(၇၇)နှစ်
ဝင်းမိသားစုသစ်ခွဲစက်နှင့်သစ်ရောင်းဝယ်ရေး

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်မှူးဗထူးလမ်းနှင့် အနော်ရထာလမ်းထောင့်၊ အမှတ်(၁၂၇၆)နေ (ဦးဟန်ပန်းရံ-ဒေါ်သီ)တို့၏ သမီးချွေးမ၊ (ဦးဖိုးတုတ်-ဒေါ်ဟော်ကျိုး)တို့၏ သမီး၊ ဦးဟုတ်ကြိုင်၏ ဇနီး၊ မအေးအေးလင်း(ခ) မဘီးအိန်၊ ကိုအေးထွန်း-မလဲ့လဲ့ဝင်း၊ ကိုထွန်းဝင်း-ဒေါက်တာသန္တာဝင်း(နနလဆေးရုံ)၊ ကိုအေးဝင်း-မကေသီဝင်း၊ ကိုသိန်းဝင်း-မခင်သန်းအေးတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၅-၅-၂၀၁၄ ရက် ည ၁၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၄ ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအား ရည်စူး၍ ၁၁-၅-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးစိန်ကျွန်း(ခ)လင်စွန်းကျွန်း
အသက်(၉၄)နှစ်
ရွှေသရဖူလက်ဖက်ရည်ဆိုင်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ ရှေ့ရပ်ကွက်၊ အမှတ် ၁၀၇၊ ၉၄လမ်းနေ ဒေါ်လှကြူ၏ခင်ပွန်း၊ဦးအောင်မြင့်-ဒေါ်သန်းသန်းအေး၊ ဒေါ်ခင်သီတာ-ဦးမြင့်အောင်(ဖြိုးကြီးကဖီး)၊ ဒေါ်နီနီခင်-ဦးမောင်မောင်နိုင်(U.S.A)၊ ဦးမျိုး သန့်-ဒေါ်အေးအေးနိုင်(U.S.A) တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုး ဦးစိန်ကျွန်း(ခ)လင်စွန်းကျွန်းသည် ၄-၅-၂၀၁၄ မွန်းလွဲ ၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီလမ်းမ၊ အမှတ်-၄၂၉ ဟုခေါ်တွင်သော အလျား(၁၂)ပေ×အနံပေ(၆၀)ရှိ မြေကွက်ခြေရင်းခြမ်းနှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ပျဉ်ထောင်(၂)ထပ်အိမ်(၁)လုံးအား ပိုင်ရှင်ဒေါ်ပုထံမှ ကျွန်ုပ်အမှုသည်က ဝယ်ယူရန်သဘောတူညီသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍မည်သူမဆို ၎င်းမြေနှင့် အိမ်ပတ်သက်သည့်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၂)ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက အိမ်နှင့်မြေ အရောင်းအဝယ်ကိစ္စကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအေးထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ဝါဝါထွန်း	**ဒလဒေါ်စန်းစန်းမော်**	**တွံတေး ဦးသိန်းဝင်း**
(စဉ်-၃၄၁၇၂)	**(စဉ်-၄၁၉၇၁)**	**(စဉ်-၄၇၅၈)**
အထက်တန်းရှေ့နေများ		**တရားလွှတ်တော်ရှေ့နေ**

ရုံး-အမှတ်-၁၃၂၊ ပ-ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အိမ်အမှတ်-၂၀၈၊ မဟာဘောဂ(၂)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းဆွေ (၅၁)နှစ်
MD. အောင်သူရိန်ဆောက်လုပ်ရေးနှင့်
YAZABWAR Machinery Trading Co., Ltd.

ချစ်သူငယ်ချင်း မလွင်လွင်မော်၏ ခင်ပွန်း ချစ်သူငယ်ချင်း ကိုသိန်းဆွေသည် ၂-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

လှိုင်နယ်မြေ၊ ရန်ကုန်တက္ကသိုလ်
(၁၉၈၂-၈၆) ဓာတုဗေဒ မိသားစု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်-၈၄၊ မြေညီထပ်၊ ခြေရင်းခန်း၊ အကျယ်အဝန်း(၁၂ ၅'×၅၀')ရှိ ရေ၊ မီး၊ စုံတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက် ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိကိုယ်တိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖြိုးဝေမြင့်[၈/ပခက(နိုင်)၁၅၂၉၃၆]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြတ်ထွေး	**ဒေါ်မြင့်မြင့်စန်း**	**ဦးနေမင်းထိုက်**
(စဉ်-၈၉၉၃)	**(စဉ်-၈၅၆၁)**	**(စဉ်-၄၁၂၉၈)**
တရားလွှတ်တော်ရှေ့နေများ		**အထက်တန်းရှေ့နေ**

A.H.C(အိမ်၊ ခြံ၊ မြေ)နှင့် လျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်း
တိုက်(၇)၊ အခန်း(၅၀၁)၊ ပါရမီအိမ်ရာ၊ ပါရမီလမ်းမ၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၄၂၁၀၅၀၈၃၁၊ ၀၉-၄၂၀၀၇၈၇၁၈၊၀၉-၄၂၀၁၁၄၈၆၇၊ ၀၉-၂၅၀၃၆၇၅၅၁

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငွေဆောင်မြို့နယ်ခွဲ၊ အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ်-ရှောက်ချောင်း၊ ညောင်မှော်ကျေးရွာ၊ ဦးပိုင်အမှတ်-၅၇၊ ၅၉၊ ၆၀၊ ၆၁၊ ဧရိယာ(၆. ၂၃)ဧကရှိ ဥယျာဉ်မြေကွက်များကို (၁)ဦးမင်းနိုင်[၁၄/ပသန(နိုင်)၀၀၆၇၈၃]၊ (၂)ဦးစိုးမိုးနိုင်[၁၄/ပသန(နိုင်)၀၆၁၀၃၄]၊ (၃)ဦးဇင်ယော်လေး[၁၄/ပသန(နိုင်)၁၂၃၇၂၅]၊ (၄)ဦးမျိုးမင်း[၁၄/ပသန(နိုင်)၁၅၈၃၇၅]အမည်များဖြင့် မှတ်သားတည်ရှိသော ဥယျာဉ်မြေအမျိုးအစားမြေကွက်ဖြစ်ပြီး အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအမည်ပေါက်ပိုင်ရှင်များမှ မိမိတို့သာလျှင် ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုကြ၍ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်အရေးဆိုလိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် တရားဝင်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ကြည်(LL.B) အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)
အမှတ်(၅၄၄)၊ ဓမ္မာရုံလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉၄၃၁၁၄၆၅၄

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊ အောင်သပြေလမ်း၊ မြေကွက်အမှတ်(၁၇/က)၊ အကျယ်အဝန်းပေ(၂၅×၆၀)ရှိ ဦးမြင့်လှိုင်(HGU 130835) အမည်ပေါက် ပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့်လွှဲပြောင်း လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးကျော်ဇင်ဦး[၉/အမဇ(နိုင်)၀၀၉၁၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမိုးကျော်ဦး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၈၈)
အခန်း(၅)၊ အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၉၆၃၆

လှိုင်မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊ ဗဟိုလမ်းမကြီးနှင့် အနောက်အုတ်ကျင်းဘူတာရုံလမ်းထောင့်၊ ခြံဝင်းအမှတ်-၁/၄၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/က)၊ မြေကွက်အမှတ်(၇/၄၄)၊ ဧရိယာ(၀.၉၅၀)ဧကရှိ မြေပေါ်တွင် ကျူးကျော်နေထိုင်သူများ သိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် မြေပိုင်ရှင်(၈)ဦးနှင့် ၎င်းတို့၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ရီတာ[၇/ပခန(နိုင်)၁၈၂၅၁၇]၊ ဦးဂျွန်ပေါလ်[၁၂/ဒဂမ(နိုင်)၀၁၃၅၀၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

အထက်ပါမြေပေါ်တွင် နေထိုင်သူအချို့တို့နှင့် တွေ့ဆုံညှိနှိုင်း၍ ကန်ထရိုက်တာ ဦးယာယာခန်း(ခ)ဦးဝင်းမောင်(ဝေယံမြင့်မြတ်ဆောက်လုပ်ရေးအဖွဲ့-LC 717)မြေပိုင်ရှင်တို့က တိုက်သစ်ဆောက်လုပ်ရန် စီမံခန့်ခွဲဆောင်ရွက်လျက်ရှိနေပါသည်။ အဆိုပါအိမ်မြေကို ကျူးကျော်ဝင်ရောက်ခြင်း၊ မူလနေအိမ်ကို တိုးချဲ့ပြင်ဆင်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေါင်နှံခြင်း၊ ရောင်းချခြင်းမပြုလုပ်ရန် တားမြစ်ကြေညာပြီး ဖြစ်ပါသည်။ အဆိုပါမြေပေါ်တွင် ကျူးကျော်နေထိုင်သူများက မြေပိုင်ရှင်များ၏ အကျိုးကိုဆန့်ကျင်ကာ မိမိတို့သဘောဖြင့် လွှဲပြောင်းတိုက်သစ်ဆောက်လုပ်ရန် ဆောင်ရွက်လျက်ရှိနေကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ မပြုလုပ်ရန်နှင့် ကျွန်ုပ်နှင့်ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ မြေပိုင်ရှင်တို့နှင့်ဖြစ်စေ လာရောက်ဆက်သွယ် ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။ ထိုသို့ လိုက်နာခြင်းမရှိဘဲ ကျွန်ုပ်မိတ်ဆွေ မြေပိုင်ရှင်များ၏ ပိုင်ရေးပိုင်ခွင့်များကို ဆန့်ကျင်လုပ်ဆောင်မှုများ ပေါ်ပေါက်လာပါက မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မှုပြုလုပ်မည်ဖြစ်သလို ကျွန်ုပ်မိတ်ဆွေ မြေပိုင်ရှင်များ၏ အကျိုးစီးပွားနှင့် နစ်နာမှုအဝဝကို ပူးပေါင်းကြံစည် လုပ်ဆောင်သူဟူသမျှကိုပြစ်မှုကြောင်း၊ တရားမကြောင်းတို့အရ ပြတ်သားစွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအောင်ကျော်ဇံ (LL.B,D.B.L,DML,DIL,DA,PSY,DIR)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၉၂)
အမှတ်(၁၁၁)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၈၈၆၀၅၊ ၀၉-၇၃၁၃၀၉၈၉

ကျေးဇူးဆပ်

ကျွန်တော်စိုးသူအောင်(ဘ)ဦးမြင့်ရွှေ[၈/တတက(နိုင်)၂၀၃၃၂၆]၏ ပတ်စပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၃၄၅၆၇၁**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉/သမိုင်း၊ မြေကွက်အမှတ်-၃/ခ၂၏ အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ်(၇)၊ မြစံပါယ်လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ [ဆရီနီဗတ်(စ်)]အမည်ပေါက် မြေအမျိုးအစား-မြေပိုင်မြေ(၅. ၁၇၁)ဧက၏ တစ်စိတ်တစ်ဒေသ ဧရိယာ (၀. ၆၄၆)ဧကအား အိမ်ရာမြေသတ်မှတ်မြေအတွင်း (၆၂/၆၁×၁၆၁)ပေပါဝင်သည့် မြေအား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၁၈/၂၀၁၀၊ တရားမဇာရီမှုအမှတ်-၁၁၈/၂၀၁၀၊ အရောင်းအဝယ်စာချုပ်-၁၀၈၅/၂၀၁၁(၇-၃-၂၀၁၁)တို့ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်မေကြူခိုင်[၇/ပမန(နိုင်)၀၉၈၈၆၉]မှ တရားရုံးဒီကရီ အရောင်းအဝယ်စာချုပ်-၃(ခ) အထောက်အထားတို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန်အတွက် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆ဒီ၊ မြေကွက်အမှတ် V-၁၄၄၊ မြေကွက်တည်နေရာအမှတ်-၁၄၊ ဗိုလ်သူရလမ်း၊ ကြည့်မြင်တိုင်မြို့နယ် (ဦးဘထွန်းနှင့်ဒေါ်စိန်ရင်) အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်(သက်ကုန်)မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်စာချုပ်-၄၄၅၆(၂၈-၁၁-၂၀၁၃)ဖြင့် ပိုင်သူ ဦးမောင်မောင်မြင့်[၁၂/ကမတ(နိုင်)၀၁၈၃၅၈]က ဂရန်ပျောက်ဆုံးကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာကိုတင်ပြ၍ ဂရန်သက်တမ်းတိုး လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်[၁၄/စီမံကိန်း(၁)]၊ မြေကွက်အမှတ်-၄၀၄၊ မြေကွက်တည်နေရာအမှတ်(၄၀၄)၊ မြလေးလမ်း၊ [၁၄/စီမံကိန်း(၁)]ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်သောင်း) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်သောင်းနှင့် (တရားလို) ဒေါ်ယုသန္တာဝင်းတို့၏ တောင်ဥက္ကလာပမြို့နယ်၊ တရားမရုံး၊ တရားမကြီးမှုအမှတ်-၅၈/၂၀၁၃၊ ဇာရီမှုအမှတ်-၁၃/၂၀၁၄တို့ကို တင်ပြ၍ ဘီလစ်နန့်ဆန်းသိန်း[၁၂/မရက(နိုင်)၀၄၇၆၁၆]က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၃၆၅၊ မြေကွက်တည်နေရာအမှတ်(၃၆၅)၊ သုမန(၂)လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးဘမွန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဘမွန်း(ဖခင်)နှင့် ဒေါ်မြ(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဦးခင်မောင်လွင်[၁၂/သကတ(နိုင်)၀၃၉၅၃၁]၊ ၂။ ဦးမြင့်ကြည်[၁၂/သကတ(နိုင်)၁၀၁၃၇၁]၊ ၃။ ဦးမြင့်သန်း[၇/တငန(နိုင်)၀၀၄၉၀၅]၊၄။ဦးကြီးမြင့်[၁၂/သကတ(နိုင်)၀၃၉၇၀၁]၊ ၅။ ဦးဇော်မြင့်[၁၂/သကတ(နိုင်)၁၀၇၃၃၉]၊ ၆။ ဒေါ်အေးအေးသန့်[၁၂/သကတ(နိုင်)၁၀၆၂၉၉]တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၁၉-၄-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာတွင်ပါရှိသော ဦးရွှေထွန်း၊ ဒေါ်ဝင်း၊ ဦးစန်းလွင်၊ ဦးတင်ဝင်းနှင့် ၎င်းတို့၏လွှဲအပ်ညွှန်ကြားခြင်းခံရသူများဖြစ်သော ဥပဒေအကျိုးဆောင်ဦးဌေးမြင့်မောင်နှင့် အထက်တန်းရှေ့နေဒေါ်သီရိလှိုင်ဌေး တို့၏ကြေညာချက်အပေါ် ပြန်လည်အသိပေးရှင်းလင်းကြေညာခြင်း

အထက်ဖော်ပြပါ အကြောင်းအရာနှင့်ပတ်သက်၍ ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဦးသောင်းမြင့်နှင့် ဒေါ်မူရာမောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်အသိပေး ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ အမှတ်(၇၆) အကျယ်အဝန်း ပေ(၂၅×၅၀) အကျယ်အဝန်းရှိသော ဂရန်မြေကွက်မှာလက်ရှိ ဒေါ်စန်းရီ[၁၂/လမန(နိုင်)၀၁၁၇၉၀]အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ လူကြီးမင်းတို့ ပြောသကဲ့သို့ အဆိုပါမြေကွက်အား ၂၀၁၂ ခုနှစ်တွင်မှ ဒေါ်စန်းရီ အမည်ပေါက်ဂရန်မြေအဖြစ်သို့ ပြောင်းလဲခဲ့ခြင်းမဟုတ်ဘဲ အဆိုပါကာလမတိုင်မီ ၂၀၀၀ခုနှစ်ကတည်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် တည်ဆဲဥပဒေများနှင့်အညီ ဦးထွန်းဆိုင်၊ ဒေါ်သိန်းမျှင်နှစ်ဦးအမည်မှ ဒေါ်စန်းရီ အမည်ပေါက်နှစ်(၆၀)ဂရန်သို့ တရားဝင်ပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်း သိစေအပ်ပါသည်။ အဆိုပါ ဒေါ်စန်းရီ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ပေါ်တွင် ဒေါ်စန်းရီကိုယ်တိုင် တစ်ခြမ်းပေးတစ်ခြမ်းယူစနစ်ဖြင့် ကန်ထရိုက်တိုက်အား ကန်ထရိုက်တာနှင့် နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆို၍ အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်ခဲ့ခြင်းသာ ဖြစ်ပါသည်။ လူကြီးမင်းတို့ ပြောဆိုသကဲ့သို့ (၁)အောက်ဆုံးအထပ် ခေါင်းရင်းခန်း ပေ(၁၂. ၅×၅၀)တစ်ခန်း၊ (၂) အခန်းကျယ်ထပ်ခိုး (၂၅×၅၀)ပေ တစ်ခန်း ခေါင်းရင်းခြေရင်း၊ (၃) ဒုတိယထပ်ခေါင်းရင်းခန်း ပေ(၁၂. ၅×၅၀)တစ်ခန်းတို့မှာ ဒေါ်စန်းရီမကွယ်လွန်မီကပင် ဥပဒေနှင့်အညီ တရားဝင် စီစဉ်ဆောင်ရွက်မှုဖြင့် ကျွန်ုပ်၏မိတ်ဆွေဦးသောင်းမြင့် အမည်ဖြင့် တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်နှင့် လွှဲပြောင်းပိုင်ခွင့်ရှိသော တိုက်ခန်းများသာ ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေအနေနှင့် မိမိတရားဝင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသော အဆိုပါတိုက်ခန်းပစ္စည်းအပေါ်၌ လူကြီးမင်းတို့၏ အထောက်အထားမဲ့ ခိုင်မာမှုမရှိသော ကြေညာခြင်းအား ဂရုတစိုက်လိုက်လံ ဖြေရှင်းပေးတော့မည် မဟုတ်ကြောင်းနှင့် ဥပဒေနှင့်အညီ ပိုင်ဆိုင်ကြောင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းနိုင်ကြောင်း ကြေညာလျက် မည်သည့်ဥပဒေကြောင်းအရ တရားစွဲဆိုမှုမျိုးကိုမဆို ရင်ဆိုင်ဖြေရှင်းရန် အသင့်ရှိကြောင်း ပြန်လည်အသိပေး ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်သူရ (LL.B, D.B.L, D.I.R)
အထက်တန်းရှေ့နေနှင့်ကုမ္ပဏီဥပဒေအကြံပေး(စဉ်-၃၁၆၈၄)
အမှတ်(၂၇/B)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၃၈၉၂၆

ဝမ်းနည်းကြေကွဲခြင်း
ဦးစိန်ကျွန်း(ခ)လင်စွန်းကျွန်း
အသက်(၉၄)နှစ်
(ရွှေသရဖူလက်ဖက်ရည်ဆိုင်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရွှေ့ရပ်ကွက်၊ အမှတ်(၁၀၇)၊ (၉၄)လမ်းနေ ဒေါ်လှကြူ၏ခင်ပွန်း၊ ဦးအောင်မြင့်-ဒေါ်သန်းသန်းအေး၊ ဒေါ်ခင်သီတာ-ဦးမြင့်အောင်(ဖြိုးကြီးကဖီး)၊ ဒေါ်နီနီခင်-ဦးမောင်မောင်နိုင်(USA)၊ ဦးမျိုးသန့်-ဒေါ်အေးအေးနိုင်(USA)တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၄-၅-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်စက်မှုတက္ကသိုလ်မြို့ပြအင်ဂျင်နီယာ(၁၉၈၁-၁၉၈၅)
သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးစိန်ကျွန်း(ခ)လင်စွန်းကျွန်း
အသက်(၉၄)နှစ်
ရွှေသရဖူလက်ဖက်ရည်ဆိုင်

သူငယ်ချင်းဒေါက်တာနီနီခင်-ဦးမောင်မောင်နိုင်တို့၏ဖခင် ဦးစိန်ကျွန်း(ခ) လင်စွန်းကျွန်းသည် ၄-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးတက္ကသိုလ်(၁) (၁၉၈၈-၈၉)ကျောင်းဆင်း
reunion သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးမောင်မောင်အေး
အသက်(၈၉)နှစ်
မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌဟောင်း(၁၉၇၇)

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌဟောင်း(၁၉၇၇) ဒေါက်တာဦးမောင်မောင်အေးသည် ၃-၅-၂၀၁၄ ရက် ည ၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)

ဝမ်းနည်းကြေကွဲခြင်း
ဦးအုန်းကျော်
အသက် (၇၄)နှစ်
သတ္တဗေဒဌာန(ငြိမ်း)

ကန်တော့ခံဆရာကြီး ဦးအုန်းကျော် (သတ္တဗေဒဌာန-ငြိမ်း၊ ရန်ကုန်တက္ကသိုလ်/မော်လမြိုင်တက္ကသိုလ်)သည် ၃-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်တက္ကသိုလ်သတ္တဗေဒကျောင်းသား၊ သူဟောင်းများ၏
လူမှုကူညီရေး စောင့်ရှောက်မှုအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးခင်ငြိမ်း
အသက်(၇၀)
General Manager, United Engineering Co., Ltd.

ဦးခင်ငြိမ်း (General Manager, United Engineering Co., Ltd.) အသက် (၇၀)သည် ၆-၅-၂၀၁၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

CEO နှင့် ဝန်ထမ်းများ
United Engineering Co., Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတိုးလှိုင်(ခ)ဦးတက်တိုး
အသက်(၆၃)နှစ်

ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ ဝိနယာသီသစာမေးပွဲကြီးကျင်းပရေးအမှုဆောင်အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးတိုးလှိုင်သည် ၂၅-၄-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝိနယာသီသစာမေးပွဲကြီးကျင်းပရေးအမှုဆောင်အဖွဲ့

ဦးဖုန်းအောင်မြင့်
အသက်(၅၁)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မောင်လှ)-ဒေါ်ခင်ဌေး(ခ)ဒေါ်ဌေးဌေးတို့၏သားလတ်၊ ပြွန်တန်ဆာမြို့နေ (ဦးသန်း-ဒေါ်အေး)တို့၏ သားသမက်၊ ဒေါက်တာဦးဝင်းမြတ်အေး (ပါမောက္ခချုပ်၊ မကွေးဆေးတက္ကသိုလ်)-ဒေါက်တာ ဒေါ်မြသီတာ (ပါမောက္ခ/ဌာနမှူး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး)၊ ဦးဦးကြည်-ဒေါ်တင်တင်ဝင်း၊ ဦးစိုးနိုင်-ဒေါ်ခင်ပု၊ ဦးအောင်သူ-ဒေါ်သက်သက်၊ ဦးပဉ္စင်း ဦးသန်းထွန်းတို့၏ ညီ/မောင်၊ ဦးဆွေနိုင်-ဒေါ်ဥမ္မာ၊ ဦးစိုးလှ-ဒေါ်စံပယ်၊ ဦးမျိုးလှ-ဒေါ်ချိုချို၊ ဦးသောင်းအေး-ဒေါ်မေမြတ်လှ၊ ဒေါ်တင်တင်အောင်တို့၏အစ်ကို၊ ဒေါ်မြရီ (အလက-၃၊ မရမ်းကုန်း၊ ငြိမ်း)၏ခင်ပွန်း၊ ဗိုလ်ကြီးကျော်ဇေယျ၊ မောင်ဇော်လင်းအောင်တို့၏မွေးသဖခင်သည် ၇-၅-၂၀၁၄ရက် နံနက် ၇း၅၅နာရီတွင် ရန်ကုန်မြို့ ခုတင်(၅၀၀) ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၅-၂၀၁၄(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ်(၄၀၃)၊ တိုက်(၃/အေ)၊ (၂)လမ်း၊ ယုဇနဥယျာဉ်မြို့တော်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးအေးကြူ (၇၉)နှစ်
လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)
ကုန်သွယ်၊ လယ်ယာ
(ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးစံညွန့်လမ်း၊ အမှတ်(၁၂)၊ ငါးလွှာ (ခေါင်းရင်း)နေ (ဦးကျော်လွင်-ဒေါ်ရင်ငွေ)တို့၏သားကြီး၊ ဒေါ်မေမေသန်း၏ခင်ပွန်း၊ (ဗိုလ်ကြီးကိုကိုလတ်)-ဒေါ်ခင်လတ်ကြည်၊ ဦးချိုလွင်(တကက-ငြိမ်း)၊ (ဦးအောင်ဌေး)-ဒေါ်ခင်အေးလွင် (တကက-ငြိမ်း၊ မှတ်တမ်းရုံး)၊ ဦးညွန့်တင်(ကုန်သွယ်/လယ်ယာ-ငြိမ်း)-ဒေါ်ဝေဝေနွယ်၊ (ဦးအုန်းမောင်)-ဒေါ်ခင်ညွန့်လွင်(အမြတ်ခွန်ရုံး-ငြိမ်း)၊ ဦးမောင်မောင်တင်-ဒေါ်သီသီလွင်၊ မောင်သန်းဦး-ဒေါ်လွင်မိုး၊ (မောင်သန်းလွင်)တို့၏အစ်ကိုကြီး၊ တူ/တူမ ၁၄ယောက်တို့၏ ဘကြီးသည် ၆-၅-၂၀၁၄(အင်္ဂါနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၅-၂၀၁၄ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ကျင်ဟုတ်
(ပန်းတနော်၊ မရမ်း)
အသက်(၈၀)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ အမှတ်(၂၁) အောင်သုခလမ်းနေ [ဦးတင်အေး (မြန်မာ့မီးရထား-ငြိမ်း)]၏ဇနီး၊ ဒေါ်ကျင်စိန်၏အစ်မ၊ မမြင့်မြင့်စိုး(မြန်မာ့မီးရထား)၊ (မောင်ကျော်တင့်)တို့၏မွေးသမိခင် ဒေါ်ကျင်ဟုတ်သည် ၅-၅-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃း၃၀ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးအေးကြူ (၇၉)နှစ်
လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)
ကုန်သွယ်၊ လယ်ယာ
(ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးစံညွန့်လမ်း၊ အမှတ်(၁၂)၊ ငါးလွှာ (ခေါင်းရင်း)နေ (ဦးကျော်လွင်-ဒေါ်ရင်ငွေ)တို့၏ သားကြီး၊ ဒေါ်မေမေသန်း၏ခင်ပွန်း၊ ဦးမျိုးနိုင်-ဒေါ်သီတာအေးဇော်၊ ဦးစိုင်းထွန်းခင်-ဒေါ်မေမြတ်ဇော်၊ ဦးထွန်းထွန်းဇော်-ဒေါ်လှလှဝင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၆-၅-၂၀၁၄ (အင်္ဂါနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး ၍ ၁၂-၅-၂၀၁၄(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)
ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်သိန်း (၆၆)နှစ်
(မြို့နယ်သမဝါယမဦးစီးမှူး-ငြိမ်း)

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအရှေ့ရပ်ကွက်၊ အမှတ်(၆၉)၊ ဗဟိုလမ်းနေ (ဦးမြသိန်း-ဒေါ်တင်ရွှေ)တို့၏ သမီး၊ (ဦးဖိုးလုံ-ဒေါ်မြရီ)တို့၏ သမီးချွေးမ၊ ဦးအေးတင်၏ဇနီး၊ ဒေါ်မိုးမိုးအေး၊ ဦးဝင်းဇော်-ဒေါ်မီမီဝင်း၊ ဦးအောင်ပိုင်ဖြိုး-ဒေါ်သူဇာအေး၊ ကိုသက်ခိုင်ဇော်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၆-၅-၂၀၁၄ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၄ရက် မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ သံဝေဂဌာနေသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့

ဦးဆန်းမြင့်(မြေပုံ) (၆၂)နှစ်
(BE.ME) စစ်မှုထမ်းဟောင်း

မြေပုံမြို့၊ တရုတ်တန်းရပ်ကွက်နေ (ဦးမောင်စိန်လှ-ဒေါ်မငယ်)တို့၏သား၊ အမရပူရမြို့နေ (ဦးအုန်းဖေ)-ဒေါ်ဖွားမေတို့၏ သားသမက်၊ ဒေါ်တင်လှိုင်၏ခင်ပွန်း၊ ဦးကောင်းမြတ်ထွန်း၊ ဦးဇေယျာထွန်း၊ ဒေါ်သွယ်မာဆန်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်မသိန်းတင်(ကုလားမ)၏အစ်ကိုသည် ၁-၅-၂၀၁၄ရက် နယူးယောက်စံတော်ချိန် ည ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၄ရက် မွန်းလွဲ ၁ နာရီတွင် နယူးယောက်မြို့ STAT ENIFLAND သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟတို့အား အကြောင်းကြားသိ စေအပ်ပါသည်။

ဦးဆန်းမြင့်ဆေးရုံတက်ရောက်ကုသချိန်မှ ကွယ်လွန်ချိန်ထိ ဖြူစင်သောမေတ္တာများဖြင့် ညီအစ်ကိုရင်းပမာ အပြန်အလှန်စောင့်ရှောက်ပေးကြသော အပေါင်းအသင်း၊ လုပ်ဖော်ကိုင်ဖက်များ၊ ဆွေမျိုးများ၊ ဖုန်းဖြင့် အားပေးနှစ်သိမ့်ကြသူများ၊ လွမ်းသူ့ပန်းခြင်း စာပို့ကြသူများ၊ အသုဘလိုက်ပါပို့ဆောင်ကြသူများအား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်မြကြည်(မြိတ်)
အသက် (၉၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အနောက်အောင်မြေသာစည်အိမ်ရာ၊ တိုက်(၁)၊ အခန်း(၃၀၄)နေ ဦးလှမြင့်(လ/ထညွှန်ကြားရေးမှူး၊ ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါက်တာဒေါ်သီတာရွှေ(နား၊နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး)၊ မြိတ်မြို့၊ မြို့သစ်ရပ်၊ ပုလဲလမ်း၊ အမှတ်(၁၂)နေ (ဦးပေါလွင်)-ဒေါ်စန်းမြင့်တို့၏မိခင်၊ မောင်အောင်ဖြိုးသူ၊ မောင်ရဲထွဋ်ခေါင် (မြိတ်မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ)၊ မမေဇင်နိုတို့၏အဘွား ဒေါ်မြကြည်သည် ၇-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၁၄(အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးကျော်ဒင်(ခ)ဦးကျော်လင်း (၄၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပဒေသာလမ်း၊ ခြံအမှတ်(၉၃၃)နေ (ဦးလှမြင့်)-ဒေါ်ကြည်ကြည်တို့၏သား၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်နေ (ဦးသောင်းရွှေ-ဒေါ်ရွှေညွန့်)တို့၏သားသမက်၊ ဒေါ်ခင်သက်မာ၏ ချစ်လှစွာသောခင်ပွန်း၊ မဝင့်သီရိကျော်၊ မအိမြတ်နိုင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ (ဦးရွှေဘော်)-ဒေါ်လီလှမြင့်၊ (ဦးခင်မောင်မြင့်)-ဒေါ်တင်တင်လှ၊ ဦးခင်အောင်တင်-ဒေါ်ခင်ခင်ဦး၊ (ဦးမြတ်ခိုင်)-ဒေါ်အေးမြင့်မော်၊ ဦးဝင်းဌေး-ဒေါ်အေးသန္တာမြင့်၊ ဦးမြင့်သန်း-(ဒေါ်ခင်သက်မော်)၊ ဦးဇော်ထွန်းတို့၏ အစ်ကို/ညီ/မောင် ဦးကျော်ဒင်(ခ)ဦးကျော်လင်းသည် ၆-၅-၂၀၁၄ (အင်္ဂါနေ့) နံနက်တွင် မလေးရှားနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် မလေးရှားနိုင်ငံ၌ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်
အသက် (၆၈)နှစ်
(ကျောက်တန်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၉၁)၊ ကံဘဲ့ဘူတာရုံလမ်းနေ [ဦးခင်မောင်(ခ)တေဘွန်တှား-ဒေါ်ကျင်မြ]တို့၏သားကြီး၊ (ဦးထွန်းတင်)-ဒေါ်မြရင်တို့၏သားသမက်၊ (ဒေါ်တင်တင်ဝင်း)၏ခင်ပွန်း၊ မလင်းလင်းခိုင်-မောင်မြတ်မင်းကို၊ မဇွန်သင်းခိုင်-မောင်ခင်မောင်လတ်၊ မအိမွန်ခိုင်-မောင်အောင်မျိုးသန့်တို့၏မွေးစားဖခင်၊ မောင်လင်းမြတ်ဦး၊ မမေချမ်းမွန်၊ ချန်းလုံ၊ ပင်ကီတို့၏အဘိုးသည် ၆-၅-၂၀၁၄ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
ဦးမောင်မောင်
အသက်(၆၀)

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နေ(ဦးလှရွှေ-ဒေါ်လှသိန်း)တို့၏သား၊ မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၁၀၁)၊ (၄၁)လမ်းနေ (ဦးအေး-ဒေါ်အေး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၁၇)၊ သလ္လာဝတီလမ်း၊ ခုနစ်မိုင်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်မွန်အေး၏ ချစ်လှစွာခင်ပွန်း၊ မခင်ရည်မွန်သွယ်(2nd Years, Eco)၊ မောင်မင်းခန့်ကျော် (TTC, Grade-10)တို့၏ ချစ်လှစွာသောဖခင် ဦးမောင်မောင်သည် ၆-၅-၂၀၁၄ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ခုနစ်မိုင်နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းဌေး
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ တိုက်(၁)၊ အခန်း(၅၀၆)နေ (ဦးအုန်းခင်-ဒေါ်မြမြစိန်)တို့၏သား၊ (ဦးမြင့်နောင်-ဒေါ်နော်လယ်ဖော)တို့၏ သားသမက်၊ ဦးရန်အောင်-ဒေါ်ရီရီအုန်း၊ (ဦးမောင်မောင်အုန်း)-ဒေါ်အေးထွေးတို့၏ ညီ/မောင်၊ ဦးသန်းထိုက်-ဒေါ်သန္တာလွင်တို့၏ အစ်ကို၊ ဒေါ်ရီစီမြင့်နောင် (အလက-၈၊ လှိုင်)၏ခင်ပွန်း၊ မောင် ကျော်ဇော (Orchestra Travel Limited)- မဝေမာဝင့်ကြည် (New Link Marketing Ltd.)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဇေယျာသုတ၏အဘိုးသည် ၆-၅-၂၀၁၄ (အင်္ဂါနေ့) နံနက် ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ထွေးရီ (၆၉)နှစ်
စာပေလက်ထောက်-၂
ပြန်/ဆက်ဦးစီးဌာန(ငြိမ်း)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ် (ဆ/က)ရပ်ကွက်၊ သမာဓိ (၃)လမ်း၊ အမှတ်(၁)နေ (ဦးထွန်းရ-ဒေါ်ညိမ)တို့၏သမီး၊ (ဦးထွန်းအေး-ဒေါ်ခင်ကြည်)တို့၏သမီးချွေးမ၊ ဦးအေးကြူ (ခရိုင်ဦးစီးအရာရှိ-ငြိမ်း၊ ပြန်/ဆက်ဦးစီးဌာန)၏ဇနီး၊ ဦးအောင်ကြည်မောင်-ဒေါ်သင်းသင်းထွေး၊ ဦးအေးလွင် (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့လွှတ်တော်ရုံး)-ဒေါ်နေခြည်ထွေး၊ ဒုတိယဗိုလ်မှူးကြီးမင်းထွေး-ဒေါ်မင်းမင်းမိုးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မသက်ထားရွှေစင်၊ မောင်သံလွင်၊ မမင်းသန္တာထက်၊ မနဒီမေ၊ မောင်မင်းဟိန်း၊ မောင်မင်းဆက်ထွန်းတို့၏ ချစ်လှစွာသောအဘွားသည် ၆-၅-၂၀၁၄ (အင်္ဂါနေ့) ည ၇း၅၅နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမောင်မောင် (၆၈)နှစ်
(ကျောက်တန်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ်(၉၁)၊ ကံဘဲ့ဘူတာရုံလမ်းနေ [ဦးခင်မောင်(ခ)တေဘွန်တှား-ဒေါ်ကျင်မြ]တို့၏သားကြီး၊ (ဦးထွန်းတင်)-ဒေါ်မြရင်တို့၏ သားသမက်၊ (ဒေါ်တင်တင်ဝင်း)၏ခင်ပွန်း၊ ဒေါ်တင်မျိုးနွယ်-(ဦးမောင်လှိုင်)တို့၏မောင်၊ ဒေါ်စုစုရီ-ဦးတင်လှိုင်၊ ဦးညီညီ-ဒေါ်အေးအေးသင်း၊ ဒေါ်အေးအေး-ဦးထွန်းဦး၊ ဦးမောင်တွတ်-ဒေါ်တင်တင်ဦး၊ ဦးမောင်တိုး-ဒေါ်ဝင်းဝင်းနု၊ ဒေါ်တင်တင်ဝင်း-ဦးသိန်းဇော်၊ ဒေါ်ယဉ်ယဉ်မြ-ဦးအင်စိုက်တို့၏ အစ်ကိုကြီး၊ တူ/တူမ ၂၄ယောက်တို့၏ ဘကြီးသည် ၆-၅-၂၀၁၄ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၄ ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်(တောင်သာ)
အသက်(၆၀)

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နေ (ဦးလှရွှေ-ဒေါ်လှသိန်း)တို့၏ သားကြီး၊ ဒေါ်စောမြင့်၊ ဦးတင်မောင်-ဒေါ်သောင်းယဉ်တို့၏တူ၊ ဦးချစ်တိုး-ဒေါ်မြဌေးတို့၏မောင်၊ ဦးချောဦး-ဒေါ်မြလေး၊ ဒေါ်လှလှအေး၊ ဦးမိုးကျော်တို့၏အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေးသည် ၆-၅-၂၀၁၄ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ခုနစ်မိုင် နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကောဝိဒ
သိက္ခာတော်(၄၈)ဝါ၊ သက်တော် (၆၈)နှစ်
စစ်ကိုင်းတောင်ရိုး၊ ဟေမဝတီကျောင်းတိုက်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ရန္တပိုရွာနေ ဖခမည်းတော် ဦးခန့်ကြီး-မယ်တော် ဒေါ်ငွေရှင်တို့၏သားရတနာ စစ်ကိုင်းတောင်ရိုး၊ ထုံးဘိုရပ်ကွက်၊ ဟေမဝတီကျောင်းတိုက် ဦးစီးပဓာနဆရာတော်သည် (၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၄ရက်)၊ ၃-၅-၂၀၁၄(စနေနေ့) နံနက် ၇း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်မြတ်ကို (၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၇ရက်) ၅-၅-၂၀၁၄ (တနင်္လာနေ့) နံနက် ၉နာရီတွင် ထန်းသုံးပင်သုသာန်၌ အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆရာတော်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများနှင့်
စျာပနကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသာဇံလှ(ကျောက်တော်) (၉၆)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နေ (ဦးညိုဦး-ဒေါ်စံလှဦး)တို့၏သား၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ စိတ္တသုခလမ်း၊ အမှတ်(၃၇)၊ ပထမထပ်နေ (ဒေါ်မပျော့)၊ ဒေါ်စိန်ကျော့တို့၏ခင်ပွန်း၊ ဒေါ်လှမြ(အထပြ-ငြိမ်း)-ဦးကျော်မင်း (သ/မဦးစီး-ငြိမ်း)၊ ဒေါက်တာဒေါ်ကျော့နု(ပါမောက္ခ-ငြိမ်း)၊ ဦးထွန်းလှကျော်(မန်/ဂျာ ရေလုပ်ငန်း-ငြိမ်း)-ဒေါ်ယဉ်နု(အထပြ- ငြိမ်း)၊ ဦးအောင်သိန်းထွန်း(အင်/ယာ မန္တလေးစွမ်းအားဆောက်လုပ်ရေး)-ဒေါ်စန်းစန်းအေး(အလပြ-လှိုင်သာယာ)၊ ဦးစံလှိုင်(ကုန်သည်)-ဒေါ်အေးမြယဉ်၊ ဒေါ်ကြည်ကြည်ဇံ(အလပြ-ငြိမ်း)-ဦးဘသောင်း (Resident Technical Officer စင်ကာပူ)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၇ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးရှင်သည် ၇-၅-၂-၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၄(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်ထွန်း(မော်လမြိုင်)
အသက် (၉၃)နှစ်
B.A,B.L,C.P.T.E, ADVOCATE
အပါးတော်မြဲအထူးအရာရှိ ၊ လဝက(ငြိမ်း)
တရားရုံးချုပ်ရှေ့နေ (စဉ်-၁၄၄၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မဂ္ဂင်လမ်း၊ တိုက်(၁၀၈/၈)နေ (ဝံသာနု ဦးချစ်လှိုင်)၏တူ၊ (ဦးသာလှိုင်- ဒေါ်အေးကြည်)တို့၏သား၊ (ဦးပါ)၊ (ဦးထွန်းလင်း)၊ (ဒေါ်တင်အေး-ဦးကိုကိုကလေး)တို့၏ညီ/မောင်၊ (ဒေါ်လှရီ)(ရသုံး ဦးစီး)၏ခင်ပွန်း၊ (ဒေါ်ဌေးဌေးလှိုင်)(အမက-၁၂၊ သင်္ဃန်းကျွန်း-ငြိမ်း)၊ ဒေါ်နုနုမော်(ရ/သုံးဦးစီး၊ နေပြည်တော်)၊ ဦးတိုးအောင်၊ ဒေါ်ခင်စောလှိုင်တို့၏ကျေးဇူးရှင်ဖခင်၊ မခင်ရတနာတိုး၏အဘိုးသည် ၆-၅-၂၀၁၄(အင်္ဂါနေ့) ည ၇း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဖခင်ကြီးဆန္ဒအရ ခန္ဓာကိုယ်အား ဆေး(၁)သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအား ရည်စူး၍ ၁၂-၅-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယိကာမကြီး
ဒေါ်သန်းကြည်(ဒါးပိန်) (၇၅)နှစ်
မြန်မာ့အာမခံလုပ်ငန်း(အငြိမ်းစား)
စာရေးဆရာမ ခင်သစ်လွင်(အာမခံ) ဝင်းရွှေစင်ပုံနှိပ်တိုက်
ဒါရိုက်တာ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူများကုမ္ပဏီလီမိတက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၇)လမ်း၊ အမှတ်(၂၆)နေ (ဦးပန်းအေး-ဒေါ်နှင်းသွယ်)တို့၏သမီး၊ [ဒါရိုက်တာဦးသောင်း(ရှမ်း)]၏ဇနီး၊ (ဦးကြိုင်-ဒေါ်စောထွေး)၊ (ဦးအောင်စိန်)-ဒေါ်မြကျင်၊ (ဦးအုန်းရွှေ)-ဒေါ်သန်းရီတို့၏ညီမ၊ တူ/တူမ ၁၃ယောက်တို့၏ အဒေါ်၊ ဦးဝဏ္ဏထွန်း-ဒေါ်ဌေးဌေးဝင်း၊ ဦးမင်းနိုင်(အတွင်းရေးမှူး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီ၊ မင်္ဂလာတောင်ညွန့်မြို့နယ်)-ဒေါ်နိုင်နိုင်မွန်တို့၏မိခင်၊ မောင်ထက်နိုင်ကို၊ မောင်အာကာမင်း၊ မစုသက်ထားနိုင်တို့၏အဘွား ဒေါ်သန်းကြည်(ဒါးပိန်) သည် ၇-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၄ (သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဟန်ထွန်းမောင်
အသက် (၇၄)နှစ်
ဂေါပကအဖွဲ့ဝင်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်
နာယက၊ ရွှေတိဂုံစေတီတော်
ဘာသာရေးအသင်းအဖွဲ့များ ဝေယျာဝစ္စအကျိုးဆောင်အဖွဲ့ (၇၁)ဖွဲ့
ဦးဆောင်နာယက၊ စိန်ပေါလ်ကျောင်းသားဟောင်းများအသင်း
နာယက၊ ကုက္ကိုင်းရေကူးအသင်း

ပခုက္ကူမြို့နေ (ဦးပု-ဒေါ်တင်ချယ်) တို့၏သား၊ ရန်ကုန်မြို့၊ ခြံအမှတ်(၁၆)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်နေ ဦးကျော်ကျော်ဦး၊ ဦးကြည်သာ၊ (ဦးမင်းထွန်း)၊ မသီတာထွန်း၊ ကိုအေးထွန်းတို့၏မွေးသဖခင်၊ ဒေါ်ကျင်၏ချစ်လှစွာသောခင်ပွန်း စိန်လျှံဖခင်ကြီး ဦးဟန်ထွန်းမောင်သည် ၇-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၄(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၁၄(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအတွင်း အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ရီမြ(ပဲခူး) (၆၉)နှစ်
အလယ်တန်းပြ၊ အထက-၃ (ငြိမ်း)

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အောင်မြေကျေးရွာနေ (ဦးချမ်းအေး-ဒေါ်သိန်းဥ)၊ ပေါက်ကံကျေးရွာ နေ (ဦးလှဖေ-ဒေါ်မြိုင်)တို့၏သမီး၊ (ဦးသိန်းငွေ)-ဒေါ်တင်ရီ၊ (ဦးဟံတင်-ဒေါ်နှင်းကြည်)၊ (ဦးတင်အေး)-ဒေါ်ညို၊ (ဦးကျော်မောင်-ဒေါ်ခင်မြိုင်)၊ ဦးထွန်းရှင်-[ဒေါ်ရွှေ(ထိပ်တန်းဆေးလိပ်ရုံ၊ ပဲခူး)]၊ ဦးငွေရှိန်-ဒေါ်တင်မြင့် (ယုန်ညီနောင် ဆေးလိပ်ရုံ၊ ပဲခူး)၊ (ဦးကြည်မြင့်)-ဒေါ်သိန်းရွှေတို့၏ညီမ၊ ဦးအောင်ဝင်း-ဒေါ်သောင်းတင်၊ ဦးမြင့်သန်း-ဒေါ်ညွန့်ညွန့်၊ ဦးခင်မောင်မြင့်-ဒေါ်တင်တင် (အထက-၃၊ ပဲခူး)တို့၏အစ်မ၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ကြည်တော်ကုန်း(ခ)၊ (၅)လမ်း၊ အမှတ်(၁၇၆)နေ [ဦးကံထွန်း (မြမြနှင်းဆီနက်ဆေးလိပ်)]၏ဇနီး၊ မစန္ဒာထွန်း၊ မောင်ဟေဇာ-မယမင်းအိ၊ မောင်ကံလင်းသာတို့၏မိခင်၊ မမြတ်ဟေသီထွဋ်၏အဘွားသည် ၆-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေရန် ကျန်းမာရေးဝန်ထမ်းများ စည်းစည်းလုံးလုံးဝိုင်းဝန်းဆောင်ရွက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး၌ ခွဲစိတ်ကုသမှုခံယူပြီးကြသည့် ဝေဒနာရှင်များနှင့်ခွဲစိတ်ကုသမှု ခံယူလျက်ရှိသော ဝေဒနာရှင်များအား ထောက်ပံ့ငွေပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်တို့သည် ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံတွင် တက်ရောက်၍ ဆေးဝါးကုသမှုခံယူလျက်ရှိကြသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ သွားနှင့်ခံတွင်းရောဂါ ဝေဒနာရှင်များအား သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့်ဇနီးတို့သည် ခွဲစိတ်ကုသမှုခံယူပြီးကြသည့် ဝေဒနာရှင်များနှင့် ခွဲစိတ်ကုသမှု ခံယူလျက်ရှိသော ဝေဒနာရှင်များအား ရင်းရင်းနှီးနှီးလိုက်လံအားပေးနှုတ်ဆက်ကာ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် လားရှိုးမြို့ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ NGOs အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ ဆေးရုံကြီးအတွက် လိုအပ်သည့် အဆောက်အအုံနှင့် ဆေးရုံသုံးပစ္စည်းများ ပိုမိုကောင်းမွန်အောင် ကျန်းမာရေးဝန်ကြီးဌာန၊ အလှူရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံတွင်တက်ရောက်၍ ဆေးဝါးကုသမှုခံယူကြသည့် လူနာအရေးအတွက်နှင့် လောက်ငစေရန်လူနာဆောင်များ၊ ခုတင်များလိုအပ်သကဲ့သို့ လိုအပ်သည့် ကိစ္စများကို အတတ်နိုင်ဆုံး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်အပ်ဖြည့်ဆည်းပေးနိုင်ရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျန်းမာရေးဝန်ထမ်းများအချင်းချင်း စည်းစည်းလုံးလုံးဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ်(၁/၂၀၁၄)
၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်
(၂၀၁၄ ခုနှစ်၊ မေလ ၇ ရက်)

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော်ဒသမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက် (၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက်) (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ)ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

မိုးထစ်ချုန်းရွာနိုင်

ယနေ့ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

တောင်ငူခရိုင်အတွင်း ပြန်လည်စွန့်လွှတ်သည့်မြေများကို သက်ဆိုင်သူများထံသို့ ယာယီပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကျင်းပ

နေပြည်တော် မေ ၇

မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ယနေ့နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ခပေါင်းခန်းမ၌ကျင်းပသည့် တောင်ငူခရိုင်အတွင်း ပြန်လည်စွန့်လွှတ်သည့်မြေများကို မူလပိုင်ရှင်များထံသို့ ယာယီပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညွန့်ဝင်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညွန့်ဝင်းက တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် တောင်ငူခရိုင်အုပ်ချုပ်ရေးမှူးက တောင်ငူခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ရေတာရှည်မြို့နယ် ပြန်လည်စွန့်လွှတ်မြေယာ ၁၀၂၂ ဒသမ ၃၉ ဧကကို တောင်သူ ၂၅၂ ဦးသို့လည်းကောင်း၊ တောင်ငူမြို့နယ် ပြန်လည်စွန့်လွှတ်မြေယာ ၃၈၈၁ ဒသမ ၃၉ ဧကကို တောင်သူ ၇၀၇ ဦးသို့လည်းကောင်း၊ ထန်းတပင်မြို့နယ် ပြန်လည်စွန့်လွှတ်မြေယာ ၇၂၇ ဒသမ ၉၁ ဧကကို တောင်သူ ၆၈ ဦးသို့လည်းကောင်း၊ အုတ်တွင်းမြို့နယ် ပြန်လည်စွန့်လွှတ်မြေယာ ၃၇၂ ဒသမ ၅၅ ဧကကို တောင်သူ ၆၄ ဦးသို့လည်းကောင်း၊ ဖြူးမြို့နယ် ပြန်လည်စွန့်လွှတ်မြေယာ

စာမျက်နှာ ၈ ကော်လံ ၁ သို့

ဒုတိယသမ္မတ ဦးညွန့်ထွန်း တောင်ငူခရိုင်အတွင်း ပြန်လည်စွန့်လွှတ်သည့်မြေများကို မူလပိုင်ရှင်ထံသို့ယာယီပြန်လည်ပေးအပ်ပွဲအခမ်းအနား၌ အုတ်တွင်းမြို့နယ်ရှိ တောင်သူတစ်ဦးအား လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)



SEVEN စံ

ဒဂုံဆိပ်ကမ်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ မြေကွက်များ ရောင်းလို ဝယ်လိုပါသလား? SEVEN စံနှင့် ဆက်သွယ်လိုက်ပါ။ အိမ်အရောက် ငွေပေးချေသည်။ ပွဲခပေးရန် မလိုပါ။

ဖုန်း-၀၉-၃၃၃၃၃၅၁၄၊ ၀၉-၇၃၁၁၉၀၉၉၊ ၀၁-၂၀၅၇၄၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
ရေဆင်း၊ နေပြည်တော်
ဘွဲ့လွန်သင်တန်းသားများ ခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း-နေပြည်တော်)တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့သင်တန်း၊ တိရစ္ဆာန်ဆေးပညာမဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်ရန်ရှိပါသဖြင့် လျှောက်လွှာများ ခေါ်ယူအပ်ပါသည်။

စဉ်	ဖွင့်လှစ်မည့်ဌာန	ဖွင့်လှစ်မည့်သင်တန်းများ	အခြေခံဘွဲ့လိုအပ်ချက်
၁။	ဆေးပညာဌာန	၁။M.V.Sc(Medicine) ၂။M.V.M(Medicine) ၃။Ph.D(Medicine)	B.V.S/B.V.Sc B.V.S/B.V.Sc M.V.Sc(Medicine)
၂။	ခွဲစိတ်ကုနှင့်မျိုးပွားပညာဌာန	၁။M.V.Sc(Animal Reproduction) ၂။M.V.M(Surgery) ၃။Ph.D(Animal Reproduction)	B.V.S/B.V.Sc B.V.S/B.V.Sc M.V.Sc(Animal Reproduction)
၃။	မွေးမြူရေးပညာဌာန	၁။M.V.Sc(Animal Production) ၂။M.V.Sc(Animal Nutrition) ၃။Ph.D(Animal Production) ၄။Ph.D(Animal Nutrition)	B.V.S/B.V.Sc B.V.S/B.V.Sc M.V.Sc(Animal Production) M.V.Sc(Animal Nutrition)
၄။	ရောဂါဗေဒနှင့်အဏုဇီဝဗေဒဌာန	၁။M.V.Sc(Pathology) ၂။M.V.Sc(Microbiology) ၃။Ph.D(Microbiology)	B.V.S/B.V.Sc B.V.S/B.V.Sc M.V.Sc(Microbiology)
၅။	ဆေးဝါးဗေဒနှင့်ကပ်ပါးဗေဒဌာန	၁။M.V.Sc(Pharmacology) ၂။M.V.Sc(Parasitology) ၃။M.V.Sc(Public Health) ၄။M.V.Sc(Epidemiology) ၅။Ph.D(Pharmacology) ၆။Ph.D(Epidemiology) ၇။Ph.D(Public Health) ၈။Ph.D(Parasitology)	B.V.S/B.V.Sc B.V.S/B.V.Sc B.V.S/B.V.Sc B.V.S/B.V.Sc M.V.Sc(Pharmacology) M.V.Sc(Epidemiology) M.V.Sc(Public Health) M.V.Sc(Parasitology)
၆။	ဇီဝကမ္မနှင့်ဇီဝဓာတုဗေဒဌာန	၁။M.V.Sc(Physiology) ၂။M.V.Sc(Biochemistry) ၃။M.V.M(Clinical Pathology) ၄။Ph.D(Physiology) ၅။Ph.D(Biochemistry)	B.V.S/B.V.Sc B.V.S/B.V.Sc B.V.S/B.V.Sc M.V.Sc(Physiology) M.V.Sc(Biochemistry)
၇။	ခန္ဓာဗေဒဌာန	၁။M.V.Sc(Anatomy) ၂။M.V.Sc(Histopathology) ၃။Ph.D(Anatomy) ၄။Ph.D(Histopathology)	B.V.S/B.V.Sc B.V.S/B.V.Sc M.V.Sc(Anatomy) M.V.Sc(Histopathology)

၂။ သင်တန်းဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်းအထောက်အထား မူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်။)

(ခ) ဘွဲ့လိုအပ်ချက်မှာ အထက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်းဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ကျောင်းသားရေးရာဌာန(ဖုန်း-၀၆၇-၄၁၆၆၅၉)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်း တင်ပြရမည်။

(င) ဤတက္ကသိုလ်တွင် တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(M.V.Sc)သင်တန်းတက်ရောက်နေဆဲ သင်တန်းသားများသည် ၁၉-၅-၂၀၁၄ရက်တွင် တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ကျမ်း ရေးသားပြုစုပြီးကြောင်း သက်ဆိုင်ရာ ပါမောက္ခ/ဌာနမှူး၏ ထောက်ခံစာတင်ပြနိုင်ပါက ပါရဂူဘွဲ့(Ph.D)သင်တန်းကို လျှောက်ထားခွင့်ပြုမည်။

(စ) တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(M.V.Sc)သင်တန်းနှင့် တိရစ္ဆာန်ဆေးပညာမဟာဘွဲ့ (M.V.M)သင်တန်းများအတွက် သင်တန်းကာလ(၂)နှစ်နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဆ) တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(M.V.Sc)သင်တန်းအတွက် B.V.S/B.V.Scဘွဲ့ရရှိသူများသည် လျှောက်ထားသည့် အထူးပြုဘာသာရပ်တွင် အနိမ့်ဆုံး Grade-4 (သို့မဟုတ်) အမှတ်(၆၅)မှတ်စီရရှိရမည်။

(ဇ) တိရစ္ဆာန်ဆေးပညာမဟာဘွဲ့(M.V.M)သင်တန်းအတွက် B.V.S/B.V.Scဘွဲ့ရရှိသူများသည် လျှောက်ထားသည့်အထူးပြုဘာသာရပ်နှင့်ဆက်နွယ်သည့်ဘာသာရပ်တစ်ခုတို့တွင် အနိမ့်ဆုံး Grade-4 (သို့မဟုတ်) အမှတ်(၆၅)မှတ်စီ ရရှိရမည်။

(ဈ) အထက်ဖော်ပြပါ အချက်(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)နှင့်(ဇ)အထိ ပြည့်စုံသူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ စစ်ဆေးမည့် ဘွဲ့လွန်သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲ (အင်္ဂလိပ်စာနှင့် သက်ဆိုင်ရာဘာသာရပ်)ကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်စွာဖြေဆိုနိုင်သူများကိုသာ လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ပြုမည် ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်မှ ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူတို့ကို တင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို ၁၉-၅-၂၀၁၄ ရက် (တနင်္လာနေ့)မှစ၍ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ၆-၆-၂၀၁၄ ရက် (သောကြာနေ့) ညနေ ၁၆:၀၀ နာရီနောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

စဉ်	ဘာသာရပ်	ရက်စွဲ	အချိန်
(က)	အင်္ဂလိပ်စာ	၉-၆-၂၀၁၄ရက်(တနင်္လာနေ့)	(၉)နာရီမှ (၁၂)နာရီ
(ခ)	သက်ဆိုင်ရာဘာသာရပ်	၁၀-၆-၂၀၁၄ရက်(အင်္ဂါနေ့)	(၉)နာရီမှ (၁၂)နာရီ

